

တက္ကသိုလ်
လေးကျွန်းစကြာရှင်
ဒုတိယပိုင်း
ဇာတ်သိမ်း

စာမူခွင့်ပြုချက်အမှတ် ၅၀၀၆၄၇၀၆၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၇၁၂၀၆၁၀

၂၀၁၀ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

**ထုတ်ဝေသူ**
ဦးကျော်ဟင်း။ (ယုံကြည်ချက် စာပေ)
အမှတ် ၁၁၁၊ ၃၃ လမ်း။
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်**
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပုံနှိပ်**
ဦးဝင်းကျော်ထွန်း။ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

25
VCD.DVD

တက္ကသိုလ်

# နေလင်းအောင်

---

# လေးကျွန်းစကြာရှင်

(ဒုတိယပိုင်း-ဇာတ်သိမ်း)

## ပြိုင်ပွဲ

လှိုဖုန်းဝေ…

လှိုဖုန်းဝေသည် သိုင်းလောက သူရဲကောင်းလေးယောက် (ဝါ)ရသေ့ကြီးလေးပါးထံ၌ သိုင်းပညာ ဆည်းပူးပြီးနောက် အများအကျိုး ဆောင်ရွက်ရန် သိုင်းလောကထဲသို့ ရောက်ရှိလာလေသည်။

ထန်ပြောင်တို့သုံးယောက်နှင့် ဆုံတွေ့ရပြီးလျှင် အများသူငါကို ဒုက္ခပေးနေသော ပင့်ကူနက်ဂိုဏ်းအား ချေမှုန်းရန် ဆုံးဖြတ်လိုက်လေသည်။

“ဝုန်း”

ခေါင်မိုး၌ အပေါက်ကြီး ဖြစ်သွားပြီး လှိုဖုန်းဝေက အောက်ဘက်သို့ ခုန်ဆင်းလာလေသည်။

ကိုယ်ရံတော်နှစ်ယောက် အံ့ထိတ်တလန့် ဖြစ်သွားကြပြီး ဒူးထောက်နေရာမှ ခုန်ထလိုက်ကြလေသည်။

ဂိုဏ်းချုပ်ထိချီ ဒေါသချောင်းချောင်း ထွက်နေပါသည်။

ခန်းမအလယ်၌ လက်နှစ်ဘက် နောက်ပစ်ကာ အေးအေးဆေးဆေး ရပ်နေသော လှိုင်ဖုန်းဝေကို မျက်လုံးကြီး ပြူးကာ ကြည့်ယင်း...

"မင်း...မင်း တော်တော်သတ္တိကောင်းနေတာပေါ့လေ"

လှိုင်ဖုန်းဝေ ပြုံးလိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်က ပင့်ကူနက်ဂိုဏ်းကို ချေမှုန်းဖို့ ဆုံးဖြတ်ပြီးပါပြီဗျာ"

ဂိုဏ်းချုပ်ထိချီက...

"ဟေ့...သူ့ကို ဝိုင်းထားလိုက်ကြစမ်း"

ဟုအမိန့်ပေးလိုက်လျှင် ပင့်ကူနက်ဂိုဏ်းသားများသည် လက်နက်ကိုယ်စီဆွဲထုတ်ကာ လှိုင်ဖုန်းဝေအား ဝိုင်းရံထားလိုက်လေသည်။

လှိုင်ဖုန်းဝေက...

"ဂိုဏ်းချုပ်ကြီး၊ ကျုပ်က ခင်ဗျားနဲ့ ယှဉ်ပြိုင်ဖို့ လာခဲ့တာပါဗျာ၊ ဂိုဏ်းသားတွေကို ဘေးဖယ်ခိုင်းလိုက်တာ ကောင်းပါလိမ့်မယ်"

ဂိုဏ်းချုပ်ထိချီ လှောင်ပြုံးပြုံးလိုက်သည်။

"မင်းက ကြီးကြီးကျယ်ကျယ်နဲ့ လာခဲ့ပြီး ခုမှ ကြောက်နေပြီလား"



လှိုင်ဖုန်းဝေ ပခုံးတွန့်လိုက်လေသည်။

"ကျုပ်က ဂိုဏ်းသားတွေကို မထိခိုက်စေချင်လို့ပါဗျာ"

"ဟား...ဟား...ဟား၊ ကျုပ်ဆီကို ရောက်အောင် လာနိုင်အောင် အယင်ဆုံး ကြိုးစားစမ်းပါလေ"

"ကောင်းပြီ"

လှိုင်ဖုန်းဝေက ရှေ့သို့ လှမ်းထွက်လိုက်လေသည်။

"ဟိတ်"

"ယား"

"သေပေတော့"

ပင့်ကူနက်ဂိုဏ်းသားများက ဝိုင်းရံတိုက်ခိုက်လိုက်ကြလေသည်။

လှိုင်ဖုန်းဝေက လက်နှစ်ဘက်ကို မသိမသာ လှုပ်ရှားလိုက်လေသည်။

သူ၏ခြေလှမ်းများက ရပ်တန့်ခြင်း မပြုဘဲ ရှေ့ဆက်လှမ်းသွားနေဆဲ။

သို့သော်...

တားဆီးနေသော ပင့်ကူနက်ဂိုဏ်းသားများသည် တိုက်ခိုက်ရန် ဟန်ပြင်ပြီးမှ တိုက်ခိုက်ခြင်း မပြုကြတော့ဘဲ မလှုပ်မယှက်ဖြစ်သွားကြလေသည်။

လှိုင်ဖုန်းဝေက သွေးကြောပိတ်လိုက်ခြင်း ဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

ဂိုဏ်းချုပ်ထိချီ မျက်မှောင်ကုပ်သွားသည်။

လှိုဖုန်းဝေက သူ့ထံသို့ တည့်တည့်မတ်မတ် လှမ်းလာနေသည် မဟုတ်ပါလား။

ပင့်ကူနက်ဂိုဏ်းသားများ ရှိနေသော်လည်း မည်သူကမှ တားဆီးခြင်း မပြုကြချေ။

လှိုဖုန်းဝေသည် ဂိုဏ်းချုပ်ထိချီနှင့် တစ်စံထက်တစ်စ နီးကပ်လာလေတော့သည်။

ဂိုဏ်းချုပ်ထိချီ သတိဝင်လာလေသည်။

"ကိုယ်ရံတော်တွေ ဘာလုပ်နေကြတာလဲ"

ခန်းမဆောင်ထဲ၌ သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ပင့်ကူနက်ဂိုဏ်းချုပ်နှင့် ကိုယ်ရံတော်ခြောက်ယောက် ရှိလေသည်။

ဂိုဏ်းချုပ်ထိချီက အမိန့်ပေးလိုက်သည်နှင့် ကိုယ်ရံတော်ခြောက်ယောက်က ခုန်ထွက်လာကြလေတော့သည်။

"သူ့ကို ဖမ်းချုပ်လိုက်ကြစမ်း"

ဂိုဏ်းချုပ်ထိချီက အမိန့်ပေးလိုက်ပြန်လေသည်။

ကိုယ်ရံတော်ခြောက်ယောက်က ဂိုဏ်းချုပ်၏ အမိန့်ကို မလွန်ဆန်ဝံ့ကြသဖြင့် လှိုဖုန်းဝေအား တိုက်ခိုက်လိုက်ကြလေတော့သည်။

ခါး၌ ချုပ်နှောင်ထားသော ကြိုးများကို ဖြုတ်ယူကာ ဝှေ့



ယမ်းလိုက်ကြလေသည်။

"ဝှီး...ဝှီး...ဝှီး"

ကြိုးကွင်းများသည် ရိပ်ခနဲရိပ်ခနဲ ပစ်လွှင့်သွားပြီး လှိုဖုန်းဝေ၏ ခြေလက်များနှင့် ခန္ဓာကိုယ်ကို စွပ်မိသွားလေတော့သည်။

"ဟား..ဟား..ဟား"

ဂိုဏ်းချုပ်ထိချီက လှောင်ပြောင်ရယ်မောလိုက်လေသည်။

"ကျုပ်တို့ ပင့်ကူနက်ဂိုဏ်းက ချည်မန်းကွင်းကြိုးဟာ ဘယ်လို ဓားလှံလက်နက်နဲ့မှ ဖြတ်တောက်ပစ်လို့ မရနိုင်ဘူးဆိုတာ မင်း မသိသေးဘူး မဟုတ်လား၊ ခုတော့ မင်း ဘာတတ်နိုင်သေးသလဲ"

လှိုဖုန်းဝေ ခေါင်းညိတ်လိုက်သည်။

"ကျုပ်တတ်နိုင်ပါတယ်ဗျာ"

"မင်းက ခုထိ လေကျယ်နေတုန်းပဲလား"

"ကျုပ် တကယ် ပြောနေတာမှ မယုံယင် သည်မှာ ကြည့်ပါဗျာ"

လှိုဖုန်းဝေက ခန္ဓာကိုယ်တစ်ချက် လှုပ်ရှားလိုက်လျှင်...

"ထောက်..ထောက်..ထောက်"

ကြိုးများ တထောက်ထောက် ပြတ်သွားလေတော့သည်။

"ဟာ"

ဂိုဏ်းချုပ်ထိချီ မယုံနိုင်အောင် ဖြစ်သွားလေသည်။

ပါးစပ်အဟောင်းသားဖြင့် ကြည့်နေစဉ် လှိုဖုန်းဝေက သူ၏အနီးသို့ ရောက်ရှိလာလေတော့သည်။

"မင်း...မင်း"

လှိုဖုန်းဝေ ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျား ဘာမှ တတ်နိုင်မှာ မဟုတ်ပါဘူးဗျာ"

ထိုအချိန်မှာပင်...

"တိုက်ကြဟေ့"

"ယား"

ကိုယ်ရံတော်ခြောက်ယောက်က ဝိုင်းရံတိုက်ခိုက်လာကြလေတော့သည်။

ကိုယ်ရံတော် ခြောက်ယောက် အသုံးပြုလိုက်သည့် ကြိုးဖြင့် တိုက်ခိုက်ပုံမှာ ပင့်ကူပိုးမျှင်များဖြင့် သားကောင်ကို ရစ်ပတ်ဖမ်းဆီးလိုက်ပုံမျိုး ဖြစ်လေသည်။

သို့သော် လှိုဖုန်းဝေက အမှုမထားခြင်းကြောင့် ကိုယ်ရံတော်များ မတတတ်သာတော့ဘဲ ဓားလှံလက်နက်များဆွဲကာ တိုက်ခိုက်လိုက်ကြခြင်း ဖြစ်လေသည်။

"သွားစမ်း"

လှိုဖုန်းဝေက ခန္ဓာကိုယ်ကို စက်ဝိုင်းပုံတစ်ချက် ဝှေ့ယမ်းလိုက်လေသည်။

"ခြွမ်း...ခြွမ်း...ခြွမ်း"

"ဂုန်း"

"အား"

စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာသည်။



ကိုယ်ရံတော်ခြောက်ယောက် ဖရိုဖရဲ လွင့်စင်သွားကြလေတော့သည်။

ပင့်ကူနက်ဂိုဏ်းချုပ်ထိချီ ဒေါသထွက်နေ၏။

"ဟူး"

ကိုယ်တိုင် ခုန်ထွက်လာကာ လှိုဖုန်းဝေနှင့် ရင်ဆိုင်လိုက်လေတော့သည်။

* * *

ပင့်ကူနက်ဂိုဏ်းချုပ်ထိချီနှင့် လှိုဖုန်းဝေတို့ ခန်းမအလယ်၌ ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြလေသည်။

ထိချီမှာ ထိပ်တန်းသိုင်းသမားကြီးတစ်ယောက် ဖြစ်ပါသည်။

ယခင်က ရှောင်လင်ကျောင်း၌ သိုင်းပညာ သင်ကြားခဲ့ပြီးနောက်ပိုင်းတွင် အကျင့်ပျက်သဖြင့် မောင်းထုတ်ခံခဲ့ရသည်။

သိုင်းလောက၌ ကျင်လည်ကျက်စားယင်း အနက်ရောင်သိုင်းသမားများနှင့် ပေါင်းသင်းမိကာ လူဆိုးတစ်ယောက် ဖြစ်သွားတော့သည်။

ပညာမျိုးစုံလည်း သင်ကြားတတ်မြောက်ကာ ထိပ်တန်းသိုင်းသမားကြီး ဖြစ်လာသည်။

တောထဲတောင်ထဲ၌ နေထိုင်ယင်း တောကြီးပင့်ကူများ၏

လှုပ်ရှားပုံကို အတုယူပြီး ပင့်ကူသိုင်းကို တီထွင်အောင်မြင်ခဲ့လေသည်။

ထို့နောက် ပင့်ကူနက်ဂိုဏ်းကို ထူးထောင်ကာ ထင်တိုင်းကျဲလေတော့သည်။

ပင့်ကူနက်ဂိုဏ်း၏ ဆိုးသွမ်းသောင်းကျန်းမှုကြောင့် လှိုဖုန်းဝေက ဆုံးမနှိမ်နင်းရန် ရောက်ရှိလာခဲ့ပြီ ဖြစ်လေသည်။

လှိုဖုန်းဝေနှင့် ထိချီတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

လှိုဖုန်းဝေက...

"ခင်ဗျားအနေနဲ့ ပင့်ကူနက်ဂိုဏ်းကို ဖျက်သိမ်းပြီး မကောင်းမှု ဒုစရိုက်လုပ်ငန်းတွေကို စွန့်လွှတ်လိုက်မယ်ဆိုယင် ခင်ဗျားကို ချမ်းသာပေးလိုက်ပါ့မယ်ဗျာ"

ဟုပြောလိုက်လေသည်။

ထိချီ နှာခေါင်းရှုံ့လိုက်သည်။

"ငါက ဂရုမစိုက်ဘူးဆိုယင်ကော"

"လွယ်ပါတယ်၊ ကျုပ်က ခင်ဗျားကို ဆုံးမပြီး ပင့်ကူနက်ဂိုဏ်းကို ဖျက်ဆီးပစ်လိုက်မှာပေါ့"

"မင်းထင်သလောက် လွယ်မယ်များ ထင်နေသလား"

"ကျုပ် တကယ် ပြောတာပါဗျာ"

ထိချီက...

"ကောင်းပြီ၊ မင်းက ကျုပ်ကို အနိုင်ယူနိုင်မယ်ဆိုယင်တော့



ပင့်ကူနက်ဂိုဏ်းကို ဖျက်သိမ်းပစ်လိုက်မယ်၊ ကျုပ်တို့ ပိုင်ဆိုင်သမျှ ပစ္စည်းဥစ္စာအားလုံး မင်းယူသွားနိုင်တယ်၊ ကျုပ်လည်း ဒုစရိုက်လုပ်ငန်းတွေ အားလုံး စွန့်လွှတ်ပြီး သိုင်းလောကကကို ကျောခိုင်းလိုက်တော့မယ်"

"ဒါဆို သိပ်ကောင်းတာပေါ့ဗျာ"

"ကျုပ်က မင်းကို အနိုင်ယူနိုင်မယ်၊ မင်းရှုံးနိမ့်သွားမယ်ဆိုယင်ကော"

"ကျုပ်ကို ခင်ဗျားကြိုက်သလို လုပ်နိုင်ပါတယ်ဗျာ"

လှိုဖုန်းဝေ ရင်ကော့ပြီး ပြောလိုက်လေသည်။

ထိချီ ကျေနပ်သွား၏။

"ကျုပ်တို့ဟာ သိုင်းလောကသားတွေပဲ၊ ဒါကြောင့် ကတိစကားကို အလေးအနက် ထားရမယ်ဆိုတာ မင်းသိပါတယ်နော်"

"စိတ်ချ၊ ကျုပ်သိပါတယ်ဗျာ"

"ဒါဖြင့် ဘယ်သူက စမလဲ၊ မင်းက စမလား၊ ကျုပ်က စရမလား ပြောပါ"

"ခင်ဗျားပဲ စပါဗျာ"

ထိချီက လက်ဝါးနှစ်ဘက်၌ အတွင်းအားစုစည်းလိုက်လေသည်။

"မင်းသတိသာ ထားပေတော့"

သတိပေးပြီး စတင်တိုက်ခိုက်လိုက်လေသည်။

လက်ဝါးနှစ်ဘက်ကို အသုံးပြုကာ ပင့်ကူလက်ဝါးသိုင်းဖြင့်

တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

လေတိုးသံများ တဟူးဟူးမြည်ကာ ထွက်ပေါ်လာလေသည်။

ထိချိုသည် လက်ဝါးဖြင့် တိုက်ခိုက်လိုက်သကဲ့သို့ အကျီလက်အိုးကြားမှ ပင့်ကူပိုးမျှင်ကဲ့သို့ အလွန်ခိုင်ခံ့သော သံမဏိကြိုးမျှင်ကလေးများကိုလည်း အသုံးပြုကာ တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

လှိုဖုန်းဝေမှာ ခေသူ မဟုတ်ကြောင်း သိထားရကား ပညာကုန်ထုတ်ကာ ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

ဂိုဏ်းချုပ်ထိချိုသည် သူ၏တိုက်ခိုက်မှုကြောင့် လှိုဖုန်းဝေလဲကျသွားရမည်ဟု ယုံကြည်ထားလိုက်လေတော့သည်။

* * *



ဂိုဏ်းချုပ်ထိချိုက လက်ဝါးသိုင်းအပြင် သံမဏိကြိုးမျှင်ကလေးများပါ အသုံးပြုကာ တိုက်ခိုက်လိုက်ပြီ ဖြစ်လေသည်။

ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေသော ထိချို၏တိုက်ကွက်များကို လှိုဖုန်းဝေ ရင်ဆိုင်နိုင်ပါမည်လော။

လှိုဖုန်းဝေက ဂိုဏ်းချုပ်ထိချို၏ လှုပ်ရှားမှုများကို မျက်တောင်မခတ် ကြည့်နေ၏။

ဂိုဏ်းချုပ်ထိချို လှုပ်ရှားလိုက်သည်နှင့် သူလည်း လျှပ်တပြက် လှုပ်ရှားလိုက်လေသည်။

ခါး၌ ထိုးထားသော ဓားကျိုးကို ဆွဲထုတ်ကာ ဝှေ့ယမ်းလိုက်ခြင်း ဖြစ်လေသည်။

"ဝှစ်"

"ထောက်..ထောက်..ထောက်"

ဝင်းလက်သော ဓားရောင်များနှင့်အတူ ပစ်လွှင့်လာသော သံမဏိကြိုးမျှင်များ အပိုင်းပိုင်း ဖြတ်တောက်သွားလေတော့သည်။

လှိုဖုန်းဝေသည် သံမဏိကြိုးမျှင်များအား ခုတ်ဖြတ်လိုက်ပြီးသည်နှင့် ရိပ်ခနဲ ရှေ့တိုးကာ ဂိုဏ်းချုပ်ထိချို ရိုက်ချလာသော လက်ဝါးပြင် အလယ်တည့်တည့်သို့ လက်ညှိုးဖြင့် ထောက်ချလိုက်လေသည်။

သူ၏လှုပ်ရှားမှုမှာ ဂိုဏ်းချုပ်ထိချို၏ လှုပ်ရှားမှုထက် ပို၍လျင်မြန်နေပါတော့သည်။

ဂိုဏ်းချုပ်ထိချိုသည် သံမဏိကြိုးများ အပိုင်းပိုင်း ပြတ်သွား

ပြီးနောက် လူရိပ်တစ်ခု ရိပ်ခနဲ တိုးဝင်လာသည်ကို တွေ့မြင်လိုက်ရလျှင် ရင်ထိတ်သွားလေသည်။

အတွင်းအားထုတ်ကာ လက်ဝါးနှစ်ဘက်ကိုလည်း ရှေ့သို့ တွန်းထုတ်လိုက်သည်။

ထိုအချိန်မှာပင် လှိုင်ဖုန်းဝေ၏လက်ညှိုးက သူ၏လက်ဝါးပြင်ပေါ် ထောက်ချမိလိုက်လေသည်။

"အမယ်လေး"

ဂိုဏ်းချုပ်ထိချီ စူးရှစွာ အော်ဟစ်လိုက်လေသည်။

သူ၏တစ်ကိုယ်လုံး ကျဉ်စက်ဖြင့် တို့လိုက်သည့်အလား ထုံကျဉ်သွားလေသည်။

ဝိုးတောင်လေးပေါင်းများစွာက သူ့အား ဝိုင်းပြီး ကိုက်ခဲလိုက်ကြပုံမျိုးလည်း ခံစားလိုက်ရလေသည်။

ထို့ကြောင့် အော်ဟစ်ယင်း ချွေးသီးချွေးပေါက် ကျလာသည်အထိ ခုန်ပေါက်နေမိတော့သည်။

ထိချီသည် ထူးဆန်းလှသော ဝေဒနာဆိုးကို မခံစားနိုင်တော့သဖြင့် အော်ပြောလိုက်လေသည်။

"ကျုပ်..ကျုပ် အရှုံးပေးပါပြီ၊ ကျုပ်ကို ချမ်းသာပေးပါဗျာ"

"ကောင်းပြီ"

လှိုင်ဖုန်းဝေက အနီးသို့ ချဉ်းကပ်သွားပြီး ထိချီ၏ငယ်ထိပ်ကို လက်ဝါးဖြင့် ဖိထားလိုက်လေသည်။

ထိုအခါ...



ထိချီ ခံစားနေရသော ဝေဒနာများ ယူပစ်သလို ချက်ချင်းသက်သာ ပျောက်ကင်းသွားလေတော့သည်။

ဂိုဏ်းချုပ်ထိချီ မျက်နှာကြီး ရှုံ့မဲ့နေသည်။

တစ်ကိုယ်လုံး ချွေးများ စို့ရွှဲနေသည်။

လှိုင်ဖုန်းဝေအား ကြောက်ရွံ့ထိတ်လန့်နေပြီ ဖြစ်ပါသည်။

လှိုင်ဖုန်းဝေက...

"ကျုပ်တို့ ထပ်ပြီး ယှဉ်ပြိုင်ကြဦးမလားဗျာ"

ဟုမေးလိုက်လေသည်။

ဂိုဏ်းချုပ်ထိချီ ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်..ကျုပ် မယှဉ်ဝံ့တော့ပါဘူးဗျာ"

လှိုင်ဖုန်းဝေက...

"ဒါဖြင့် ခင်ဗျားပေးထားတဲ့ ကတိကို မှတ်မိမှာပေါ့"

"မှတ်မိပါတယ်၊ ကျုပ်က သိုင်းလောကကို လုံးဝ ကျောခိုင်းလိုက်ပါတော့မယ်"

ထိုစကားကြားလျှင် လှိုင်ဖုန်းဝေ ဝမ်းသာသွားလေတော့သည်။

* * *

ပင့်ကူနက်ဂိုဏ်း...

ပင့်ကူနက်ဂိုဏ်းကား ပျက်စီးပြိုကွဲသွားပြီ ဖြစ်လေသည်။

ဂိုဏ်းချုပ်ထိချီနှင့် ကိုယ်ရံတော်များသည် ဒုစရိုက်မှုများကို စွန့်လွှတ်ကာ သိုင်းလောကကို ကျောခိုင်းလိုက်ကြတော့မည် ဖြစ်သည်။

လှိုဖုန်းဝေက ပင့်ကူနက်ဂိုဏ်းမှ ရွှေငွေရတနာပစ္စည်းဥစ္စာများကို သိမ်းဆည်းလိုက်ပြီး ဆင်းရဲနွမ်းပါးသူများ အတိဒုက္ခရောက်နေသူများ၊ နာမကျန်း ဖြစ်နေသူများအား ဝေငှပေးခြင်းဖြင့် ကူညီရန် ထန်ပြောင်တို့သုံးယောက်အား တာဝန်ပေးလိုက်လေသည်။

သိုင်းလောကသို့ ဆင်းလာပြီးနောက် အများအကျိုး ဆော ရွက်နိုင်လိုက်ခြင်းကြောင့် လှိုဖုန်းဝေလည်း ကျေနပ်နေလေတော့သည်။

* * *



ခင်ဗျာ"
ုသုံး
သည်။

့ဟာ လု
ကြတာပါ၊
း ဌာနခွဲ
်ကား
ပါ၊

## ပဋိပက္ခ

ထန်ပြောင်၊ ရှောင်မိန်နှင့် ရှောင်ရှမ်းတို့သုံးယောက်သည် ပင့်ကူနက်ဂိုဏ်းမှ ရရှိခဲ့သော ရွှေငွေရတနာပစ္စည်းများအား ဒုက္ခရောက်နေကြသူများအား လိုက်လံဝေငှပေးခြင်းဖြင့် ကူညီခဲ့ကြလေသည်။

လှိုဖုန်းဝေသည် ပင့်ကူနက်ဂိုဏ်းအား ချေမှုန်းပြီးနောက် အများအကျိုး ဆက်လက်ဆောင်ရွက်နိုင်ရန် ကြိုးစားအားထုတ်ခဲ့လေသည်။

သို့ဖြင့်...

စီးချွမ်းနယ်ကို ကျော်ဖြတ်ပြီး လုကျိုးမြို့နယ်ပိုင်နက်အတွင်း

ရောက်ရှိလာသောအခါ တိုက်ပွဲတစ်ခု ဖြစ်ပွားနေသည်ကို တွေ့ ကြုံရလေသည်။

လှိုင်ဖုန်းဝေ စိတ်ဝင်စားသွားလေသည်။

"သူတို့ ဘာကြောင့်များ သဲကြီးမဲကြီး တိုက်ခိုက်နေကြတာ

စွန့်ငှ

သည် ထိုအချိန်မှာပင် သိုင်းအဖွဲ့တစ်ခုမှာ အရေးနိမ့်ကာ ဖရိုဖရဲ ပြေးသွားကြလေသည်။ အနိုင်ရလိုက်သူများက...

မ "ငါတို့ သိမ်းငှက်ဂိုဏ်းကို အံတုယင် ဘယ်လို ဖြစ်ရမယ်ဆိုတာ သိကြပြီ မဟုတ်လား"

ဟုကြုံးဝါးပြီး အောင်ပွဲခံရန် ထွက်သွားကြလေသည်။

လှိုင်ဖုန်းဝေသည် အရေးနိမ့်ကာ ထွက်ပြေးသွားသူများ နောက်သို့ လိုက်သွားပြီး မေးမြန်းစုံစမ်းကြည့်လိုက်လေသည်။

ဒဏ်ရာရနေသူသုံးယောက်က အသက်ငါးဆယ်ကျော် အဘိုးအိုတစ်ယောက်အား ဝိုင်းဝန်းပြုစုနေကြသည်။

အဘိုးအိုသည် ခေါင်းဆောင်ဖြစ်ဟန်ရှိပြီး သူလည်း ဒဏ်ရာများ ရရှိထားလေသည်။

လှိုင်ဖုန်းဝေ ရောက်လာခြင်းကြောင့် အဘိုးအိုအား ပြုစုနေသူသုံးယောက်က ဓားများ ဆွဲထုတ်လိုက်ကြလေသည်။

လှိုင်ဖုန်းဝေက...

"ကျုပ်က ဒုက္ခပေးမယ့် လူတစ်ယောက် မဟုတ်ပါဘူး၊ ဦးတို့ဘာကြောင့် တစ်ဖွဲ့နဲ့တစ်ဖွဲ့ တိုက်ခိုက်နေရသလဲဆိုတာ စိတ်ဝင်



စားမိလို့ပါ၊ ကိုယ်နဲ့မဆိုင်ဘဲ စပ်စုတယ်လို့ မထင်စေချင်ပါဘူး ခင်ဗျာ"

အဘိုးအိုက လက်ဝှေ့ယမ်းပြလိုက်လျှင် သူ၏လူသုံးယောက်က ဓားများ ပြန်လည်သိမ်းဆည်းထားလိုက်ကြလေသည်။

အဘိုးအိုက...

"ကျုပ်က လုကျိုးနယ်သားပါ၊ ကျုပ်တို့ သိုင်းအဖွဲ့ဟာ လုကျိုးမှာ ဘိုးစဉ်ဘောင်ဆက် အများအကျိုး ဆောင်ရွက်ခဲ့ကြတာပါ၊ သိမ်းငှက်ဂိုဏ်းဟာ ကျုပ်တို့ပိုင်နက်ထဲ ကျူးကျော်လာပြီး ဌာနခွဲတွေ ဖွင့်ပါတယ်၊ ကျုပ်တို့ကို ရန်စပါတယ်၊ အမျိုးမျိုး စော်ကားပါတယ်၊ ဒါနဲ့ သည်းမခံနိုင်တဲ့ နောက်ဆုံး ထိပ်တိုက်ရင်ဆိုင်ခဲ့တာပါ၊ သူတို့ဟာ လူအင်အားကောင်းတဲ့အပြင် သိုင်းပညာတော်ကြတော့ ကျုပ်တို့ပဲ ခံလိုက်ရတာ၊ ခုဆိုယင် ကျုပ်တို့အဖွဲ့ဟာ လုကျိုးနယ်မှာ ဆက်ပြီး မရပ်တည်နိုင်တော့အောင် ပြိုကွဲသွားပါပြီ"

ဝမ်းနည်းကြေကွဲစွာ ရှင်းပြလေသည်။

လှိုင်ဖုန်းဝေ စိတ်မကောင်း ဖြစ်သွားလေသည်။

သိုင်းလောက၌ သိုင်းအဖွဲ့များသည် အချင်းချင်း သိုင်းပညာပြိုင်ကြပြီး တိုက်ပွဲများ ဆင်နွှဲလေ့ ရှိကြသည် မဟုတ်ပါလား။

သိုင်းလောကသားများ၏ စိတ်နေသဘောထား ထူးခြားလှကြောင်း နားလည်ထားပြီး ဖြစ်လေသည်။

လှိုင်ဖုန်းဝေသည် အဘိုးအိုတို့လူစုအား တတ်နိုင်သလောက် ကူညီပြီးနောက် နှုတ်ဆက်ထွက်လာခဲ့လေတော့သည်။

* * *

တောမြို့လေးတစ်မြို့...

နေဝင်ဆည်းဆာအချိန်တွင် လှိုဖုန်းဝေသည် တောမြို့လေးတစ်မြို့သို့ ရောက်လာခဲ့လေသည်။

ဗိုက်ထဲဆာလောင်နေပြီ ဖြစ်၍ စားသောက်ဆိုင်လေးတစ်ဆိုင်သို့ ဝင်လိုက်သည်။

ဆိုင်ထဲ၌ လူရှင်းနေပြီး စားသောက်နေသူ သုံးလေးယောက်သာ ရှိလေသည်။

လှိုဖုန်းဝေက စားစရာများ မှာကြားစားသောက်နေစဉ်မှာပင် ဝဲဘက်ရှိ စားပွဲတစ်လုံး၌ထိုင်ကာ စားသောက်နေသူ တစ်ယောက်က သူ့အား ကွက်ကြည့်ကွက်ကြည့် လုပ်နေသည်ကို သတိပြုမိလိုက်လေသည်။

"သည်လူက ဘယ်လိုသဘောပါလိမ့်"

သူက ခပ်တည်တည် ကြည့်လိုက်သောအခါ ထိုလူက သူ့အား ပြုံးပြလေသည်။

လှိုဖုန်းဝေလည်း မနေနိုင်တော့ဘဲ မေးလိုက်သည်။

"ခင်ဗျားက ကျုပ်ကို သိနေလို့လားဗျာ"

ထိုလူ ခေါင်းညိတ်လိုက်သည်။

"သိတယ် ထင်တာပဲ၊ ကျုပ်သိထားတဲ့ လူတစ်ယောက်နဲ့ မင်းက အတော်တူတာ"

သူ၏စားပွဲပေါ်၌ စားစရာ အနည်းငယ်သာ ရှိပြီး အရက်သုံးလေးအိုး ရှိလေသည်။



အရက်အလွန်ကြိုက်သော အရက်သမားတစ်ယောက် ဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပါတော့သည်။

ထိုလူ အရက်မူးယစ်ကာ ပြောနေခြင်း ဖြစ်မည်ဟု လှိုဖုန်းဝေ ထင်မိလေသည်။

ထိုလူက...

"ကျုပ်ဟာ တစ်ချိန်က ဖွဲ့မာန်အာမခံဌာနမှာ မြင်းလှည်းမောင်းသမားတစ်ယောက်အဖြစ် အမှုထမ်းခဲ့တာ၊ ကျုပ်တို့ဌာနက သခင်လေးလှိုဖုန်းဝေနဲ့ အတော်တူတာ၊ ဒါပေမယ့် ကျုပ်သိထားတဲ့ သခင်လေးလှိုဖုန်းဝေက ငယ်သေးတယ်"

လှိုဖုန်းဝေ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

"ကျုပ်က လှိုဖုန်းဝေပါပဲ၊ ခင်ဗျားက.."

"ကျုပ်က ထန်ကင်းပါ၊ မင်းဟာ သခင်လေးလှိုဖုန်းဝေဆိုတာ တကယ်ပဲလား"

"ဟုတ်ပါတယ်ဗျာ"

"ဒါဖြင့် ကောက်ကျင်းနယ်မှာ သခင်ကြီးလှိုစန်းတို့ လုပ်ကြံခံရတဲ့ အချိန်က မင်းလွတ်မြောက်သွားခဲ့တာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ၊ ခင်ဗျားကတော့ ကျုပ်က မမှတ်မိလို့ ခုလို မေးရတာ စိတ်မဆိုးပါနဲ့ဗျာ"

"ဟာ ကိစ္စမရှိပါဘူး၊ ကျုပ်က အာမခံဌာနမှာ မြင်းလှည်းသမားအဖြစ် ဝင်ပြီး အမှုထမ်းခဲ့တာ သိပ်မကြာသေးဘူး၊ သခင်ကြီးတို့ ခရီးထွက်သွားတာ၊ ပြီးတော့ တစ်ယောက်မှ ပြန်မလာကြတော့

လို့ အာမခံဌာနကိုလည်း ပိတ်ပစ်လိုက်ရတာ”

လှိုဖုန်းဝေသည် ဖွဲမာန်အာမခံဌာန၌ အမှုထမ်းခဲ့သူတစ်ယောက်နှင့် ပြန်လည်ဆုံတွေ့လိုက်ရခြင်းကြောင့် ဝမ်းနည်းဝမ်းသာ ဖြစ်သွားလေသည်။

ထန်ကင်းဆိုသူကိုလည်း ခင်မင်ရင်းနှီးလိုစိတ်များ ဖြစ်ပေါ်လာလေသည်။

ထန်ကင်းက...

“ကျုပ်တို့ချင်း ပြန်ဆုံမိတာ ဝမ်းသာစရာပါပဲ၊ ကျုပ်ကို အရက်တစ်အိုးလောက် တိုက်သွားပါလားဗျာ”

ဟုအရက် တောင်းသောက်လာလေသည်။

လှိုဖုန်းဝေ သက်ပြင်းချလိုက်သည်။

“ရပါတယ်ဗျာ”

အရက်တစ်အိုး မှာပေးလိုက်လျှင် ထန်ကင်း ဝမ်းသာသွားလေတော့သည်။

အရက်အိုးလိုက် မော့သောက်လိုက်လေသည်။

တဖန်...

“ကျုပ်က..”

သူနေထိုင်သည့် ရွာကလေးအမည်ကို ပြောပြပြီး လာရောက်လည်ပတ်ရန် ဖိတ်ခေါ်လေသည်။

“ကောင်းပါပြီ၊ အခွင့်အခါ သင့်တာနဲ့ ကျုပ်လာခဲ့ပါ့မယ်ဗျာ”

လှိုဖုန်းဝေသည် အရက်သမားကြီးလုံးလုံး ဖြစ်နေသော



ထန်ကင်းကို စိတ်ပျက်ကာ နှုတ်ဆက်ပြီး ထွက်လာခဲ့လေတော့သည်။

* * *

လှိုဖုန်းဝေက ခရီးဆက်လာခဲ့ရာ သုံးရက်မြောက်သောနေ့တွင် မြို့ကလေးတစ်မြို့သို့ ရောက်ရှိလာခဲ့ပြန်လေသည်။

ထိုမြို့ကလေးကား ထန်ကင်းနှင့် ဆုံတွေ့ခဲ့သည့် မြို့ထက်ပို၍ ကြီးမားပြီး အိမ်ခြေလည်း များလေသည်။

လှိုဖုန်းဝေ မင်းလမ်းမကြီးအတိုင်း လျှောက်လာယင်း မြို့လယ်ပိုင်းသို့ ရောက်လျှင် တြိဂံသဏ္ဍာန် အလံတစ်ခု လွှင့်ထူထားသည့် အဆောက်အဦးတစ်ခုကို တွေ့လိုက်ရလေသည်။

အလံပေါ်၌...

“ရွှေချူးဖြူသိုင်းအဖွဲ့”

ဟူသော အနီရောင်စာလုံးများ ရှိနေသည်ကို တွေ့လိုက်ရလေသည်။

“သိုင်းလောကသားတွေ သည်မြို့မှာ ရှိနေကြတာကိုး”

ထိုစဉ်...

“ခွပ်ခွပ်..ခွပ်ခွပ်”

“ခွပ်ခွပ်..ခွပ်ခွပ်”

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို

ကြားလိုက်ရလေသည်။

မြင်းစီးသမားတစ်စု ဒုန်းစိုင်းနှင်လာကြယင်း 'ရွှေချိုးဖြူ' သိုင်းအဖွဲ့ အဆောက်အဦးရှေ့သို့ ရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

မြင်းစီးသမားများသည် အသီးသီး ခုန်ဆင်းလိုက်ကြသည်။

အဆောက်အဦးရှေ့၌ စုရုံးလိုက်ကြသည်။

ထိုလူများ ဝတ်ဆင်ထားသော အင်္ကျီနောက်ကျော၌ ပျံဝဲနေသော သိမ်းငှက်ပုံကို ငွေချည်ဖြင့် ထိုးထားလေသည်။

"သိမ်းငှက်ဂိုဏ်းက လူတွေများလား"

လျှိုဖုန်းဝေ စိတ်ဝင်စားကာ စောင့်ကြည့်နေလိုက်လေသည်။

ရွှေချိုးဖြူဂိုဏ်း အဆောက်အဦးထဲမှ လက်နက်ကိုယ်စီ ဆွဲကိုင်ထားသူများ ပြေးထွက်လာကြလေသည်။

ရွှေချိုးဖြူဂိုဏ်းသားများအား ဦးဆောင်လာသူမှာ ကွမ်းကြုံးစုဆိုသူ ဖြစ်လေသည်။

ကွမ်းကြုံးစုက မြင်းစီးသမားများကို ဝေ့ကြည့်လိုက်လေသည်။

မြင်းစီးသမားများအား ဦးဆောင်လာသူမှာ ခန္ဓာကိုယ် ပိန်ပိန်ပါးပါး အသားမည်းကြုတ်ကြုတ် ရှိသည်။

ထိုလူက တဟားဟား ရယ်မောလိုက်လေသည်။

"ရွှေချိုးဖြူဂိုဏ်းချုပ် ကွမ်းကြုံးစုကိုယ်တိုင် ထွက်ပြီး ကြိုဆိုတာကို အထူးပဲ ဝမ်းသာမိပါတယ်ဗျာ"



ကွမ်းကြုံးစုက...

"ကျုံးရီ၊ မင်းတို့ သိမ်းငှက်ဂိုဏ်းက ကျုပ်တို့မြို့မှာ လာပြီး ဌာနခွဲတစ်ခု ဖွင့်လှစ်တာကို ကျုပ်တို့ ကန့်ကွက်ခဲ့တာ မရှိဘူး၊ နှောင့်ယှက်ခဲ့တာမရှိဘူး၊ ကျုပ်တို့ ရွှေချိုးဖြူဂိုဏ်းကို ဘာကြောင့်များ နှောင့်ယှက်ချင်ရတာလဲဗျာ"

ကျုံးရီဆိုသူက...

"ခင်ဗျားတို့ ရွှေချိုးဖြူအဖွဲ့ထက် ကျုပ်တို့ သိမ်းငှက်ဂိုဏ်းက ပိုပြီး အများအကျိုး ဆောင်ရွက်နိုင်ပါတယ်ဗျာ၊ ဒါကို သက်သေပြချင်လို့ပါ"

"ဘာဆိုင်လို့လဲဗျ"

"ကျုပ်တို့က ခင်ဗျားတို့ထက်ပိုပြီး အစွမ်းအစ ရှိတယ်ဆိုတာ ယှဉ်ပြိုင်ကြည့်ယင် သိရမှာပေါ့ဗျာ"

ကျုံးရီ ဦးဆောင်သော သိမ်းငှက်ဂိုဏ်းသားများသည် ရွှေချိုးဖြူဂိုဏ်းအား လာရောက်နှောင့်ယှက်ခြင်း ဖြစ်ကြောင်း လျှိုဖုန်းဝေ နားလည်လိုက်လေသည်။

"သည်အတိုင်းဆိုယင်တော့ သိမ်းငှက်ဂိုဏ်းဟာ တခြားသိုင်းအဖွဲ့တွေကို ဒုက္ခလိုက်ပေးပြီး ဩဇာချဲ့ထွင်ဖို့ ကြိုးစားနေတာ သေချာပြီ"

ကွမ်းကြုံးစုသည် ကျုံးရီနှင့် စကားရည်လုနေ၍ အကျိုးရှိမည် မဟုတ်ကြောင်း နားလည်ကာ...

“ကောင်းပြီလေ၊ ခင်ဗျားတို့က ကျုပ်တို့ထက် သာတယ်ဆိုယင် သည်မြို့က ကျုပ်တို့ ထွက်သွားမယ်၊ ခင်ဗျားတို့ ရှုံးသွားယင် ကျုပ်တို့ကို နောက်ထပ် မနှောင့်ယှက်ရဘူး”

ဟုပြောလိုက်လေသည်။

“ဟား...ဟား...ဟား”

ကျုံးရီက လှောင်ပြောင်ရယ်မောလိုက်လေသည်။

“ကောင်းတယ်၊ ငယ်သားတွေနဲ့ ယှဉ်ပြိုင်မယ်ဆိုယင် အချိန်ကြာတယ်၊ ကျုပ်တို့ ခေါင်းဆောင်ချင်း ယှဉ်လိုက်ကြတာ မကောင်းဘူးလား”

“ခင်ဗျားသဘောပဲ”

ကွမ်းကြုံးစုက ရှေ့သို့ လှမ်းထွက်လိုက်လေသည်။

ကျုံးရီကလည်း ရှေ့ထွက်လိုက်သည်။

ခေါင်းဆောင်နှစ်ယောက် ရင်ဆိုင်လိုက်ကြလျှင် ငယ်သားများ နောက်ဆုတ်လိုက်ကြလေတော့သည်။

* * *



လှိုဖုန်းဝေက အခြေအနေ စောင့်ကြည့်နေ၏။

ကွမ်ကြုံးစုနှင့် ကျုံးရီတို့ ထိပ်တိုက်ရင်ဆိုင်လိုက်ကြလေသည်။

ကွမ်းကြုံးစုက ‘ချိုးဖြုစပါးချီ’ သိုင်းကွက်ကို အသုံးပြုကာ စတင်တိုက်ခိုက်လိုက်လေသည်။

“ဟူး”

သူ၏ခန္ဓာကိုယ်သည် ပေါ့ပါးစွာဖြင့် လေထဲ ရောက်ရှိသွားပြီး ခြေထောက်နှစ်ချောင်းဖြင့် စတင်တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

လက်နှစ်ဘက်ကလည်း စပါးနှံ ကိုက်ချီထားသော ငှက်နှုတ်သီးပုံသဏ္ဌာန် ပြုလုပ်ကာ ခန္ဓာကိုယ် ရှေ့သို့ ငိုက်ချပြီး တိုက်ခိုက်လိုက်လေသည်။

သူ၏တိုက်ခိုက်မှုမှာ ညင်သာပေါ့ပါးပြီး လှပသော ကိုယ်နေဟန်ထား ရှိလေသည်။

သို့သော်...

ဝါရင့်သိုင်းသမားတစ်ယောက် ဖြစ်ရကား သူ၏တိုက်ကွက်မှာ ပြင်းထန်ပြီး ထိရောက်မှု ရှိနေပါတော့သည်။

“ဟိတ်”

“ယား”

သိမ်းငှက်ဂိုဏ်းမှ ကျုံးရီကလည်း ပြန်လည်တိုက်ခိုက်လိုက်လေသည်။

ကျုံးရီသည် မြေပေါ် ခြေဆောင့်ကာ တစ်ကိုယ်လုံး အပေါ် ကြွတက်သွားလေသည်။

လေထဲ ရောက်သွားလျှင် သိမ်းငှက်တစ်ကောင် တောင်ပံဖြန့်သည့်ပမာ လက်နှစ်ဘက်ကား၍ ခြေနှစ်ချောင်းကို ခပ်ကွေးကွေးလေးထားပြီး ချိုးငှက်အား ဖမ်းဆီးသည့် သိမ်းငှက်အစာသုတ် သိုင်းကွက်ဖြင့် ပြန်လည်တိုက်ခိုက်လိုက်လေသည်။

နှစ်ယောက်သား လေထဲရောက်ရှိသွားပြီး သူတစ်ပြန်ကိုယ်တစ်ပြန် တိုက်ခိုက်လိုက်ကြလေသည်။

နှစ်ဘက်အဖွဲ့သားများကလည်း အော်ဟစ်အားပေးနေကြလေသည်။

တိုက်ပွဲကား ပို၍ ပြင်းထန်လာသည်။

လျှိုဖုန်းဝေက ဘိုက်ပွဲကို ကြည့်ယင်း စိုးရိမ်ပူပန်စိတ်များ ဖြစ်ပေါ်လာလေသည်။

"သည်အတိုင်း ဆက်ပြီး တိုက်ခိုက်သွားယင် တစ်ယောက်ယောက်တော့ ထိခိုက်ဒဏ်ရာရသွားကြတော့မှာပဲ"

သူ၏အတွေးမဆုံးမီ ရူးရှသော အော်ဟစ်သံတစ်ချက် ထွက်ပေါ်လာလေတော့သည်။

"ဝုန်း"

"အား"

ကွမ်းကြုံးစုနှင့် ကျုံးရီတို့ ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြခြင်း ဖြစ်လေသည်။



လှူရိပ်နှစ်ခု ရောထွေးသွားပြီး နှစ်ယောက်သား အောက်ဘက်သို့ ခုန်ဆင်းလလာကြလေသည်။

ကျုံးရီက မြေပေါ်ချေချမိလျှင် လက်နှစ်ဘက်နောက်ပစ်ကာ အေးအေးအေးဆေးဆေး ရပ်နေလိုက်၏။

ကွမ်းကြုံးစုကား ဒယီးဒယိုင် ဖြစ်နေသည်။

သူ၏မျက်နှာကြီး ရှုံ့မဲ့နေပြီ။

"ဝေါ့"

ပါးစပ်ထဲမှ သွေးများ အန်ထုတ်လိုက်လေသည်။

"ဂိုဏ်းချုပ်ကြီး"

ရွှေချိုးဖြူဂိုဏ်းသားများက အထိတ်တလန့်ဖြင့် ဖေးမလိုက်ကြလေသည်။

ကျုံးရီက...

"ကွမ်းကြုံးစု၊ ခင်ဗျား ရှုံးသွားပြီ၊ ခင်ဗျားတို့ ရွှေချိုးဖြူဂိုဏ်းကို ဖျက်သိမ်းပြီး သည်မြို့က ထွက်သွားကြပေတော့"

ဟုအနိုင်ပိုင်း ပြောဆိုလိုက်လေသည်။

ထို့နောက်...

"သွားကြမယ်ဟေ့"

လက်ဝှေ့ယမ်းပြကာ မြင်းပေါ် ခုန်တက်လိုက်၏။

သိမ်းငှက်ဂိုဏ်းသားများကို ဦးဆောင်ကာ ထွက်သွားတော့သည်။

"ခွပ်ခွပ်...ခွပ်ခွပ်"

"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံများနှင့်အတူ သိမ်းငှက်ဂိုဏ်းသားများသည် တဖြည်းဖြည်း ဝေးသွားပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားကြလေတော့သည်။

* * *

လှိုဖုန်းဝေသည် ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကြောင့် စိတ်မကောင်း ဖြစ်မိလေသည်။

"သိမ်းငှက်ဂိုဏ်းဟာ ဘာကြောင့်များ တခြားသိုင်းအဖွဲ့တွေကို လိုက်ပြီး ဒုက္ခပေးနေရတာလဲ၊ ဘာကြောင့် ဘဝတူချင်းတွေကို ရန်ပြုရတာလဲ"

သိမ်းငှက်ဂိုဏ်း၏ လုပ်ရပ်များသည် တရားမျှတမှု မရှိဟု ထင်မိလေသည်။

သူစုံစမ်းကြည့်သောအခါ သိမ်းငှက်ဂိုဏ်းမှာ အများအကျိုးဆောင်ရွက်နေသည့် အဖြူရောင်သိုင်းဂိုဏ်းတစ်ခု ဖြစ်သည်ဟု သိရပြန်သည်။ လှိုဖုန်းဝေ အခက်ကြုံနေပြီး နောက်ဆုံး...

"ဘာပဲဖြစ်ဖြစ် သိမ်းငှက်ဂိုဏ်းခွဲကို သွားကြည့်တာ မမှားဘူး"

ဟု ဆုံးဖြတ်လိုက်လေတော့သည်။

* * *



သိမ်းငှက်ဂိုဏ်းဌာနခွဲအား မြို့အရှေ့ပိုင်းတစ်နေရာ၌ ဖွင့်လှစ်ထားခြင်း ဖြစ်လေသည်။

ဌာနခွဲခေါင်းဆောင်မှာ ရွှေချိုးဖြူအဖွဲ့အား အနိုင်ယူမောင်းထုတ်ခဲ့သည့် ကျုံးရီ ဖြစ်လေသည်။

လှိုဖုန်းဝေက အစောင့်အကြပ်များအား ခွင့်တောင်းလိုက်လေသည်။

"ဌာနခွဲမှူးကျုံးရီနဲ့ တွေ့ပါရစေဗျာ"

အစောင့်များက သူ့အား ခြေဆုံးခေါင်းဆုံး ကြည့်ကြလေသည်။

ထို့နောက်...

"ဆရာကျုံးရီ မအားဘူး၊ မင်းပြန်သွားပေတော့"

ဟုမောင်းထုတ်လိုက်ကြလေသည်။

လှိုဖုန်းဝေက...

"ကျုပ်မှာ အရေးကြီးတဲ့ကိစ္စ ရှိနေလို့ပါဗျာ"

"မလိုချင်ဘူး၊ မင်းထွက်သွားပါ"

"ကျုပ် မသွားဘူးဆိုယင်ကော"

"ဘာကွ"

"ဌာနခွဲမှူးကျုံးရီနဲ့ မတွေ့ရဘဲ ကျုပ် မပြန်နိုင်ဘူး"

"မင်း အသားနာချင်ပြီ ထင်တယ်"

အစောင့်နှစ်ယောက်က လှိုဖုန်းဝေအား ထိုးကြိတ်ရန် ကြိုးစားလိုက်ကြလေသည်။

"“တော်တော်ရမ်းကားတဲ့ လူတွေပဲ”

လှိုဖုန်းဝေသည် ရမ်းကားလှသော သိမ်းငှက်ဂိုဏ်းသား များအား ဆုံးမရန် ဆုံးဖြတ်လိုက်လေသည်။

ယပ်တောင်ဖြင့် ယပ်ခတ်သကဲ့သို့ သူ၏လက်ကို အသာ အယာ ဝှေ့ယမ်းလိုက်လျှင် အစောင့်နှစ်ယောက် မလှုပ်မယှက် ဖြစ် သွားလေတော့သည်။

လှိုဖုန်းဝေ ပြုံးလိုက်သည်။

“ခုတော့ ဘယ်နှယ်ရှိစ”

တားဆီးမည့်သူ မရှိတော့သဖြင့် တံခါးပေါက်ကို ဖြတ်ကာ အဆောက်အဦး အတွင်းသို့ လှမ်းဝင်လိုက်လေသည်။

အဆောက်အဦးအတွင်း၌ကား သိမ်းငှက်ဂိုဏ်းသား နှစ် ဆယ်ခန့် ရှိနေပါသည်။

ရွှေချိုးဖြူအဖွဲ့အား မောင်းထုတ်နိုင်ခဲ့သဖြင့် အောင်ပွဲခံကာ အရက်သောက်နေကြခြင်း ဖြစ်လေသည်။

သိမ်းငှက်ဂိုဏ်းသားတစ်ယောက်သည် လှိုဖုန်းဝေကို တွေ့ မြင်သွားပြီး...

“ဟေ့.. မင်းက ဘယ်သူလဲ၊ ဘာကြောင့် အထဲဝင်လာရတာ လဲကွ”

ဟုအော်ငေါက်လိုက်ရာ သူ၏အသံကြောင့် အခြားဂိုဏ်း သားများလည်း လှမ်းကြည့်လာကြလေသည်။

လှိုဖုန်းဝေက...



“ကျုပ်က ဆရာကျုံးရီကို တွေ့ချင်လို့ လာခဲ့တာပါဗျာ”

သိမ်းငှက်ဂိုဏ်းသားများနှင့်အတူ ဌာနခွဲမှူးကျုံးရီလည်း ရှိ နေပါသည်။

ကျုံးရီ မျက်မှောင်ကုပ်သွားသည်။

“မင်း ဘယ်သူလဲ၊ ဘာကြောင့် ကျုပ်ကို တွေ့ချင်တာလဲ”

“ကျုပ်က ရွှေချိုးဖြူဂိုဏ်းနဲ့ ပတ်သက်ပြီး လာခဲ့တာပါဗျာ”

“ဘာကွ”

ကျုံးရီ လက်ဝှေ့ယမ်းပြလိုက်လေသည်။

“ဟေ့..သည်ကောင့်ကို မောင်းထုတ်လိုက်ကြစမ်း”

သိမ်းငှက်ဂိုဏ်းသားများသည် လှိုဖုန်းဝေ အနီးသို့ ချက် ခြင်း ရောက်ရှိလာကြလေသည်။

လှိုဖုန်းဝေ ခန္ဓာကိုယ်တစ်ချက် လှုပ်ရှားလိုက်လျှင် သိမ်း ငှက်ဂိုဏ်းသားများ၏ ဦးခေါင်းပေါ်မှ ဖြတ်ကျော်ကာ ကျုံးရီရှေ့သို့ ရောက်ရှိသွားတော့သည်။

“ဟာ”

ကျုံးရီ အံ့သြသွားလေသည်။

လှိုဖုန်းဝေမှာ ခေသူတစ်ယောက် မဟုတ်ကြောင်း နား လည်သွားလေသည်။

“မင်း ဘယ်သူလဲ၊ ရွှေချိုးဖြူအဖွဲ့မှာ မင်းလောက် ကိုယ် ဖော့ပညာတော်တဲ့လူ မရှိပါဘူး”

လှိုဖုန်းဝေက...

"ကျုပ်က ရွှေချိုးဖြူအဖွဲ့က မဟုတ်ပါဘူးဗျာ"

"ဒါဖြင့် မင်း ဘယ်သူလဲ"

"ကျုပ်ဟာ ကျွန်းလေးကျွန်းက နေပြီး သိုင်းလောကအကျိုးအများအကျိုး ဆောင်ရွက်ဖို့ ထွက်လာခဲ့တဲ့ လှိုဖုန်းဝေပါဗျာ"

"လှိုဖုန်းဝေ"

"ဟုတ်ပါတယ်ဗျာ"

ကျုံးရီ ခေါင်းခါယမ်းလိုက်သည်။

"သည်နာမည်မျိုး သိုင်းလောကမှာ တစ်ခါမှ မကြားဘူးပါလား"

လှိုဖုန်းဝေမှာ နောက်ပြောင်ကျီစယ်လိုစိတ်များ ဖြစ်ပေါ်လာလေသည်။

"ဒါဖြင့် 'လေးကျွန်းစကြာရှင်'ဆိုတဲ့ ကျုပ်ရဲ့ ဘွဲ့ထူးကိုတော့ ကြားဖူးမှာပေါ့ဗျာ"

"မကြားဖူးဘူး၊ ဘာဘွဲ့မှ မကြားဖူးဘူးကွ"

ကျုံးရီ ဒေါသတကြီး အော်လိုက်လေသည်။

လှိုဖုန်းဝေက...

"အယင်က မကြားဘူးပေမယ့် ခုတော့ ကြားဖူးပြီ မဟုတ်လားဗျာ၊ ခင်ဗျားမှတ်ထားလိုက်ပေါ့"

ကျုံးရီက...

"မင်း ဘာလာလုပ်တာလဲ ပြောစမ်းပါဦး"

"ခင်ဗျားတို့ သိမ်းငှက်ဂိုဏ်းက ဘာကြောင့် တခြားသိုင်း



အဖွဲ့တွေကို လိုက်ပြီး ဒုက္ခပေးနေရတာလဲဆိုတာ သိချင်လို့ပါဗျာ"

"ဟား...ဟား...ဟား"

ကျုံးရီ ကောက်ကာငင်ကာ ရယ်မောလိုက်လေသည်။

"ငါတို့ သိမ်းငှက်ဂိုဏ်းဟာ သိုင်းလောက တန်တလျား ဌာနခွဲပေါင်းများစွာ ဖွင့်လှစ်သွားပြီး ဩဇာလွှမ်းမိုးနိုင်အောင် ကြိုးစားနေတာ၊ မင်း မသိသေးဘူးထင်တယ်"

လှိုဖုန်းဝေ ရင်ထိတ်သွားလေသည်။

"လက်စသပ်တော့ သိမ်းငှက်ဂိုဏ်းဟာ သိုင်းလောကကို လွှမ်းမိုးဖို့ ကြံစည်နေတာကိုး"

ဟုစိတ်ထဲမှ ရေရွတ်လိုက်လေသည်။

"ခင်ဗျားတို့ရဲ့ လုပ်ရပ်ကို သိုင်းလောကသားတွေက လက်ခံမယ်ထင်ယင် မှားသွားမှာပေါ့ဗျာ"

ကျုံးရီက...

"လက်မခံတော့ကော ကျုပ်တို့ ဂရုစိုက်နေရမှာလားကွ၊ မင်းလဲ ကိုယ်နဲ့ မဆိုင်တဲ့ ကိစ္စထဲ ဝင်ရှုပ်ချင်တာ၊ မင်းကို ဆုံးမရလိမ့်မယ်"

လှိုဖုန်းဝေ လက်ကာပြလိုက်လေသည်။

"နေပါဦးဗျာ၊ ကျုပ်ပြောစရာ ရှိသေးတယ်"

"မင်း ဘာပြောချင်လို့လဲ"

"ခင်ဗျားတို့ သိမ်းငှက်ဂိုဏ်းချုပ်နဲ့ ကျုပ်တွေ့ချင်တယ်"

"ဘာကွ"

"ခင်ဗျားတို့ ဂိုဏ်းချုပ်နဲ့ တွေ့ပြီး မကောင်းတဲ့ အကြံအစည်ကို စွန့်လွှတ်လိုက်ဖို့ ပြောချင်တယ်"

ကျုံးရှိ မခံချိ မခံသာ ဖြစ်သွားလေသည်။

"တောက် ကြီးကြီးကျယ်ကျယ် မင်းပါးစပ်ပိတ်ထားလိုက်စမ်း"

အော်ငေါက်ယင်း လှို့ဖုန်းဝေအား တိုက်ခိုက်လိုက်လေသည်။

လှို့ဖုန်းဝေကလည်း ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ ပြန်လည်တိုက်ခိုက်လိုက်လျှင်...

"ဝုန်း"

ကျုံးရှိ အဝေးသို့ လွင့်စင်သွားလေတော့သည်။

* * *



တိုက်ပွဲသည် ရုတ်ခြည်း ဖြစ်ပေါ်လာပြီး ရုတ်ခြည်း ပြီးဆုံးသွားလေသည်။

သိမ်းငှက်ဂိုဏ်းသားများသည် ပါးစပ်အဟောင်းသားဖြင့် ကြမ်းပြင်ပေါ် လဲကျနေသည့် ကျုံးရှိကို ကြည့်နေကြ၏။

လှို့ဖုန်းဝေက လက်နှစ်ဘက် နောက်ပစ်ကာ အေးအေးဆေးဆေး ရပ်နေ၏။

"အင်း...အင်း"

ကျုံးရှိ ညည်းတွားယင်း ကြမ်းပြင်ပေါ်မှ လူးလိမ့်ထလာလေသည်။

လှို့ဖုန်းဝေကို အထိတ်တလန့် ကြည့်လိုက်သည်။

"မင်း...မင်း"

လှို့ဖုန်းဝေက...

"ခင်ဗျားတို့ ဂိုဏ်းချုပ်နဲ့ တွေ့ချင်ပါတယ်ဗျာ၊ ကျုပ်က သူ့ကို စေတနာနဲ့ သတိပေးချင်တာပါ"

ကျုံးရှိ ခံပြင်းနေသည်။

"မင်းမေးတိုင်း ငါက ပြောရမှာလား"

"ခင်ဗျား မပြောဘဲ မနေနိုင်ပါဘူး"

"ဘာကွ"

"ခင်ဗျားပြောလာအောင် လုပ်တဲ့နည်းတွေ ကျုပ်မှာ ရှိပါတယ်ဗျာ"

လှို့ဖုန်းဝေက ရှေ့တိုးသွားလိုက်လေသည်။

"မင်း..မင်း"

ကျုံးရှိ နောက်ဆုတ်လိုက်လေသည်။

လှိုဖုန်းဝေ ခေါင်းခါယမ်းလိုက်လေသည်။

"ခင်ဗျား ဘာမှ မတတ်နိုင်တော့ပါဘူးဗျာ"

ကျုံးရှိက အော်ပြောလိုက်သည်။

"ဟော့ကောင်တွေ ဘာလုပ်နေကြတာလဲ တိုက်ကြပါတော့လား"

သိမ်းငှက်ဂိုဏ်းသားများလည်း သတိဝင်လာကြပြီး ညာသံပေးကာ လှိုဖုန်းဝေအား တိုက်ခိုက်လိုက်ကြလေသည်။

လှိုဖုန်းဝေသည် လှည့်မကြည့်ဘဲ လက်နောက်ပြန် ဝှေ့ယမ်းလိုက်လေသည်။

ပြင်းထန်သော အင်အားလှိုင်းကြီးတစ်ခု ဖြစ်ပေါ်လာလေသည်။

သိမ်းငှက်ဂိုဏ်းသားများမှာ လေပြင်းမုန်တိုင်း တိုက်ခတ်ခံလိုက်ရသည့်အလား။

"ဝုန်း..ဝုန်း..ဝုန်း"

"အား"

"အမယ်လေး"

စူးရှကျယ်လောင်သော အသံများနှင့်အတူ ဖရိုဖရဲ လွင့်စင်သွားလေတော့သည်။

ကျုံးရှိ ထိတ်လန့်သွား၏။



ထိပ်သီးသိုင်းသမားတစ်ယောက်နှင့် တွေ့နေရပြီ ဖြစ်ကြောင်း နားလည်လိုက်လေသည်။

လှိုဖုန်းဝေသည် လူငယ်လေးတစ်ယောက် ဖြစ်သော်လည်း သူ၏သိုင်းပညာမှာ ထိပ်သီးသိုင်းဂိုဏ်းချုပ်ကြီးများကိုပင် မမှုကြောင်း ထင်ရှားလေသည်။

လှိုဖုန်းဝေက...

"ဘယ်လိုလဲ၊ ခင်ဗျား ပြောတော့မလား"

ကျုံးရှိ အံကြိတ်လိုက်လေသည်။

"ကျုပ်ကို သတ်ပစ်လိုက်၊ ကျုပ် ဘယ်တော့မှ မပြောဘူး မှတ်ပါ"

"ခင်ဗျား.."

"ငါတို့ကို အနိုင်ယူနိုင်လိုက်ပေမယ့် ဂိုဏ်းချုပ်ကြီးက မင်းကို ဆုံးမလိမ့်မယ်ဆိုတာ မှတ်ထားပါ"

ကျုံးရှိ၏စကားကြောင့် လှိုဖုန်းဝေ ရယ်မောလိုက်သည်။

"ခင်ဗျား သည်လို ခြိမ်းခြောက်တာကို ကျုပ်က ကြောက်နေမယ် မှတ်နေသလား။ ခင်ဗျားတို့ ဂိုဏ်းချုပ်ကိုတောင် ဆုံးမလိုက်ဦးမယ်ဗျ၊ ခင်ဗျားရဲ့ ဂိုဏ်းချုပ်က ကျုပ်ကို မယှဉ်နိုင်မှန်းသိလို့ သူ ဘယ်မှာလဲဆိုတာ ခင်ဗျား မပြောဘဲနေတာ မဟုတ်လား"

"ဘာ..ဘာပြောတယ်"

"ကျုပ်ကို ပြောပြလိုက်ယင် ခင်ဗျားတို့ ဂိုဏ်းချုပ် ဆုံးမခံရမှာကို ခင်ဗျားကြောက်နေတယ် မဟုတ်လား"

လှိုဖုန်းဝေက မခံချင်အောင် ပြောလိုက်ရာ ကျုံးရီ ဒေါသချောင်းချောင်း ထွက်သွားလေတော့သည်။

"ကျုပ် ဘာကြောင့် မပြောရဲရမှာလဲ၊ ဂိုဏ်းချုပ်က မင်းကို ကြောက်နေမယ်များ မှတ်သလား"

"ကောင်းပြီ၊ ခင်ဗျားတို့ဂိုဏ်းချုပ် ဘယ်မှာလဲ ပြောပါဗျာ"

"ဟား...ဟား...ဟား"

ကျုံးရီက ရယ်မောလိုက်လေသည်။

"မင်းတော်တော် အသုံးမကျတဲ့ ကောင်လေးပဲ"

"ဘာဗျ"

"သိမ်းငှက်ဂိုဏ်းဟာ သည်လောက် လျှမ်းလျှမ်းတောက် ကျော်ကြားနေတာ ဂိုဏ်းဌာနချုပ် တည်ရှိတဲ့ နေရာကို လူတိုင်း သိကြတာပဲ၊ မင်းက ငါ့ကို မေးနေရသေးသလား"

"ဘာဗျ"

"ငါ မပြောဘူးဆိုတာ ငါ့အပြစ်ဖြစ်မှာ စိုးလို့ကွ၊ မင်း သည်လောက်တောင် သတ္တိကောင်းနေယင် အပြင်ထွက်ပြီး စုံစမ်းကြည့်လိုက်၊ သိမ်းငှက်ဂိုဏ်းအကြောင်းကို ဘယ်သူမေးမေး ကြားရလိမ့်မယ်"

လှိုဖုန်းဝေ မခံချိမခံသာ ဖြစ်သွားလေတော့သည်။

* * *



## ခြေရာ

လှိုဖုန်းဝေသည် သိမ်းငှက်ဂိုဏ်းအကြောင်း စုံစမ်းပြီး သိတန်သလောက် သိခဲ့ရပြီ ဖြစ်လေသည်။

သိမ်းငှက်ဂိုဏ်းချုပ်နှင့် သွားရောက် ရင်ဆိုင်ဖို့ ဆုံးဖြတ်ကာ ခရီးထွက်ခဲ့လေသည်။

သူတစ်ယောက်ထဲ သွားလာလှုပ်ရှားနေသော်လည်း ထန်ပြောင်တို့နှင့် အဆက်အသွယ် မပြတ်ပါချေ။

ထန်ပြောင်တို့သုံးယောက်က ပင့်ကူနက်ဂိုဏ်းမှ သိမ်းဆည်းရရှိခဲ့သော ရွှေငွေရတနာများအား ဒုက္ခရောက်နေသူများအား လိုက်လံ ဝေငှပေးနေကြသည်။

နောက်ပိုင်းတွင် သူတို့လေးယောက် ပြန်လည်ဆုံတွေ့ကြရန် စီစဉ်ထားလေသည်။

လှိုဖုန်းဝေသည် သိမ်းငှက်ဂိုဏ်းသို့ ဦးတည်ခရီးထွက်လာယင်း တောအုပ်တစ်ခုသို့ ရောက်ရှိလာသောအခါ မြေပေါ်၌ ထူးခြားသော ခြေရာများကို တွေ့လိုက်ရလေသည်။

လူတစ်ယောက်၏ခြေရာ ဖြစ်သော်လည်း တစ်လှမ်းချင်း လှမ်းသွားသည့် ခြေရာ မဟုတ်ချေ။

ခြေထောက်နှစ်ချောင်းကို ပူး၍ ခြေစုံခုန်သွားခြင်းမျိုး ဖြစ်သည်။

ခြေရာများသည် ခြေဖဝါးရာ တစ်စုံတစ်စုံစီ ရှိနေသည်။

လှိုဖုန်းဝေ အံ့ဩသွားလေသည်။

"သည်လူက တစ်လှမ်းချင်း မသွားဘဲ ခုန်ဆွခုန်ဆွနဲ့ သွားတာ ဘယ်လိုသဘောလဲ"

ခြေရာများအတိုင်း လိုက်သွားယင်း လမ်းဘေးတောအုပ်ထဲသို့ ခုန်ဝင်ပျောက်ကွယ်သွားပုံမျိုး ခြေရာများ ပျောက်ကွယ်သွားသည်ကို တွေ့လိုက်ရလေသည်။

လှိုဖုန်းဝေက အတန်ကြာအောင် တွေးတောစဉ်းစားနေမိသည်။

ခြေရာရှင်မှာ မည်သို့သော လူစား ဖြစ်ကြောင်း စဉ်းစား၍ မရနိုင်ပါချေ။

လှိုဖုန်းဝေ ခေါင်းကုပ်လိုက်သည်။



"သည်လူက စိတ်ဝင်စားစရာ ကောင်းပေမယ့် သိမ်းငှက်ဂိုဏ်းကို သွားဖို့ အရေးကြီးသေးတယ်၊ သွားမှပဲ"

ထို့နောက် ရှေ့ခရီးဆက်ခဲ့ရာ ရွာကလေးတစ်ရွာသို့ ရောက်ရှိသွားတော့သည်။

ရွာသူရွာသားများသည် သဘောမနောကောင်းပြီး ဖော်ဖော်ရွေရွေ ရှိကြသည်။

ထိုရွာကလေး၌ မြင်းလှည်းသမား ထန်ကင်း နေထိုင်ကြောင်း တိုက်တိုက်ဆိုင်ဆိုင် သိလိုက်ရလေသည်။

ထန်ကင်းသည် ဆင်းရဲနွမ်းပါးကာ အရက်သမားကြီးလုံးလုံး ဖြစ်နေကြောင်းလည်း သိရသဖြင့်...

"ဖေဖေသာဆိုယင် ထန်ကင်းကို လူကောင်း ပြန်ဖြစ်လာအောင် ပြုပြင်သွားမှာပဲ၊ အင်း... ငါလည်း ထန်ကင်းကို လူကောင်းတစ်ယောက် ဖြစ်လာအောင် အတတ်နိုင်ဆုံး ကြိုးစားသွားရမယ်"

ဟုဆုံးဖြတ်လိုက်သည်။

လှိုဖုန်းဝေ ရောက်သွားချိန်၌ ထန်ကင်းက ရွာ၌ ရှိမနေပါ။

ထို့ကြောင့် စောင့်ဆိုင်းနေလိုက်ရလေသည်။

ထန်ကင်းကို စောင့်ယင်း ရွာသူရွာသားများနှင့် ခင်မင်ရင်းနှီးကာ လှိုဖုန်းဝေလည်း ရွာသားတစ်ယောက်ကဲ့သို့ ဖြစ်သွားလေတော့သည်။

* * *

## ခရီးသွား

သာယာလှပသော ညချမ်းခါ...

ကောင်းကင်ပေါ်တွင် လဝန်း ရှိနေ၏။

လရောင်သည် အေးမြသော အလင်းရောင်အား ဖြန့်ဝေပေးနေ၏။

တောလမ်းကလေး၌ လူနှစ်ယောက် လမ်းလျှောက်လာနေကြလေ၏။

တစ်ဦးမှာ အသက်လေးဆယ်ခန့် ရှိ၏။

ကျန်တစ်ဦးမှာကား ဆယ်နှစ်ခန့်သာ ရှိသေးသော ယောကျ်ားလေးတစ်ယောက် ဖြစ်သည်။

လူကြီးနှင့် ကလေးမှာ သားအဖများ ဖြစ်ဟန်တူပေသည်။



လူကြီးသည် အိတ်တစ်လုံးထမ်းလျက် ကလေးငယ်အား လက်ဆွဲကာ လမ်းလျှောက်လာနေ၏။

ရုတ်တရက် လေက တိုက်ခတ်လာ၏။

လူကြီး၏ခြေလှမ်းများက တုံ့ခနဲ ဖြစ်သွားလေသည်။

"မိုးနံ့ပါလာပါလား၊ မကြာခင် မိုးရွာတော့မယ်နဲ့ တူတယ်"

သူသည် ပြောရင်း ကောင်းကင်အား မော့ကြည့်လိုက်၏။

သာယာသော မိုးကောင်းကင်တွင် တိမ်တိုက်များ တရွေ့ရွေ့ တက်လာသည်ကို တွေ့လိုက်ရလေသည်။

"သား မြန်မြန်လျှောက် မကြာခင် မိုးရွာတော့မယ်"

ကလေးငယ်က...

"မရွာပါဘူး ဖေဖေရဲ့"

ဟုပြောသည်။

လူကြီးက...

"အခု မရွာသေးပေမယ့် တော်တော်ကြာရင် ရွာတော့မယ် သားရဲ့"

သူသည် ပြောရင်း ကောင်းကင်အား တစ်ချက်မော့ကြည့်လိုက်လေ၏။

"အင်း...ချက်ချင်းပဲ မိုးသားတွေ တက်လာပါလား၊ သည်အတိုင်းဆို မိုးလွတ်ပါ့မလား"

သူသည် ကလေးငယ်အား ဆွဲကာ ခပ်သုတ်သုတ် လျှောက်သွားလိုက်၏။

"မိုးခိုစရာလဲ မတွေ့ပါလား၊ ဟော ပြောရင်း မှောင်မည်းလာပြီ"

မိုးသားတိမ်လိပ်များသည် ကောင်းကင်ပြင်တစ်ခုလုံးတွင် ရုတ်ခြည်း ပြည့်နှက်လာ၏။

သာယာလှသော ပတ်ဝန်းကျင်သည် ရုတ်ခြည်း မှောင်မည်းလာ၏။

အလင်းရောင်ဖြန့်ကြက်ပေးဝေနေသော လမင်းမှာ မည်းမှောင်သော တိမ်ထုအောက်တွင် ပျောက်ကွယ်သွားလေသည်။

"လာ...သား မြန်မြန်လျှောက်"

သားအဖနှစ်ယောက်မှာ အပြေးတစ်ပိုင်းနှင့် ခပ်သုတ်သုတ် လျှောက်လိုက်ကြသည်။

ပတ်ဝန်းကျင်မှာ ရုတ်ခြည်း ပြောင်းလဲသွား၏။

"ဝေါ.. ဝုန်း"

လေမှာ တစ်စထက်တစ်စ ပို၍ ပြင်းထန်လာသည်။

လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်များ ယိမ်းထိုးလှုပ်ခါနေ၏။

"ဂျိန်း...ဂျလိန်း"

ကျယ်လောင်သော မိုးကြိုးပစ်သံတစ်ချက်က ထွက်ပေါ်လာလေသည်။

"အား..ဖေဖေ သားကြောက်တယ်"

ကလေးငယ်မှာ အော်ဟစ်ရင်း ဖခင်ဖြစ်သူနှင့် ပူးကပ်ကာ



လျှောက်လိုက်၏။

တခဏအတွင်းပင် မိုးသီးမိုးပေါက်များက ကျဆင်းလာလေသည်။

ဖခင်ဖြစ်သူမှာ သားငယ်ကို ပွေ့ချီရင်း သစ်ပင်ကြီးတစ်ပင်အောက်သို့ ဝင်လိုက်၏။

"အင်း..သစ်ပင်က ကြီးပေမယ့် ဘယ်လိုမှ မိုးလုံမှာ မဟုတ်ဘူး၊ မိုးကလဲ တော်တော်နဲ့စဲမှာ မဟုတ်ဘူး၊ ဒုက္ခပဲ ငါ ဘယ်လိုလုပ်ရပါ့မလဲ"

"ဖေဖေ သားချမ်းတယ်..ချမ်းတယ်"

ဖခင်က သက်ပြင်းတစ်ချက် အသာချလိုက်၏။

သူ၏အပေါ်အင်္ကျီအား ချွတ်ကာ သားဖြစ်သူကို လွှမ်းခြုံပေးလိုက်၏။

သို့သော်လည်း ခေတ္တမျှသာ အချမ်းပြေနိုင်သည်ကို သိထားလေ၏။

အလွန်သည်းလှသော မိုးကြောင့် သူတို့တစ်ကိုယ်လုံး စိုရွှဲနေပေသည်။

ဖခင်မှာ ကလေးငယ်အား ရင်ခွင်ကြားတွင် ထားကာ ထွေးပွေ့ထား၏။

သူ၏မျက်လုံးများကလည်း ပတ်ဝန်းကျင်အား လှည့်ပတ်ကြည့်နေ၏။ ဤလမ်း ဤခရီးအား သူ မကြာခဏ သွားခဲ့ဖူး၏။

ဤနေရာတစ်ပိုက်တွင် နားခိုစရာ အဆောက်အအုံတစ်ခု

တစ်လေမျှ မတွေ့မိပါ။

"မိုးရယ် တိတ်ပါတော့"

သူသည် မချင့်မရဲ ညည်းတွားလိုက်၏။

မိုးကား စဲရန်မလွယ်ပါ။

အလွန်ပင် သည်းထန်စွာ ရွာသွန်းနေ၏။

မိုးရေစက်များကြောင့် သားအဖနှစ်ဦးစလုံး ခိုက်ခိုက်တုန်အောင် ချမ်းနေပေသည်။

မိုးခြိမ်းသံများကလည်း အဆက်မပြတ် ထွက်ပေါ်နေဆဲ။

"ငါ သည်အတိုင်းနေလို့ ဖြစ်မလား စဉ်းစားစမ်း၊ မိုးက သည်အတိုင်း ဆက်ရွာနေရင် သားလေး ခံနိုင်မှာ မဟုတ်ဘူး"

သူသည် ကလေးငယ်အတွက် စိုးရိမ်နေ၏။

သူကိုယ်တိုင်ပင် အလွန်ချမ်းနေရာ သားငယ်ဆိုလျှင်...

"အို..မိုးနတ်မင်းကြီး ကျွန်တော်တို့ကို သည်အတိုင်း ကြည့်မနေပါနဲ့၊ ကူညီစောင့်မတော်မူပါ"

မိုးနတ်မင်းကို တိုင်တည်နေမိ၏။

"ဖေဖေ သား အရမ်းချမ်းတယ်"

သူသည် သားငယ်အား တင်းကြပ်စွာ ဖက်ထားလိုက်၏။

"အေးပါ သားရယ်၊ မကြာပါဘူး၊ မိုးတိတ်တော့မှာပါ"

ပြောသာ ပြောလိုက်ရသည်။

မိုးက မည်သည့်နည်းနှင့်မျှ တိတ်ရန် မလွယ်ကူကြောင်း သူက သိနေ၏။



"ဝုန်း..ဂျိန်း..ဂျလိန်း"

မိုးခြိမ်းသံများ အဆက်မပြတ် ထွက်ပေါ်နေ၏။

လျှပ်စီးများကလည်း အဆက်မပြတ် လင်းလက်လာ၏။

"ဟင်"

သူသည် မျက်လုံးများကို ပွတ်သပ်လိုက်၏။

သူ၏မျက်လုံးကို သူက မယုံကြည်ပါ။

"ငါအမြင်မှားနေသလား"

ထိုစဉ်...

လျှပ်စီးက လင်းလက်လာပြန်သည်။

"ဟုတ်တယ်၊ ငါအမြင်မမှားဘူး၊ ဒါဟာ အဆောက်အအုံတစ်ခုပဲ"

သူ၏အသံသည် ဝမ်းသာ၍လော ချမ်း၍လော ခွဲခြားမရဘဲ တုန်နေသည်။

"သားရေ၊ ဖေဖေတို့တော့ ကံကောင်းတာပဲ၊ ဟိုရှေ့မှာ အိမ်တစ်လုံး ရှိတာပဲ၊ အဲသည်ကို သွားကြရအောင်"

သူသည် ပြောပြောဆိုဆိုနှင့် သစ်ပင်အောက်မှ တိုးထွက်လိုက်၏။ ထို့နောက်...

လျှပ်စီးရောင်ဖြင့် တွေ့မြင်လိုက်ရသော အဆောက်အအုံရှိရာသို့ အပြေးတစ်ပိုင်းနှင့် လျှောက်သွားလိုက်လေတော့သည်။

* * *

မိုးကား ရွာကောင်းဆဲ...

မိုးရေကြောင့် မြေကြီးမှာ နွံ့ဗွက်များပင် ထလာလေသည်။

မိုးရေကြား နွံ့ဗွက်များကြားမှ သားအဖနှစ်ယောက်မှာ ခပ်သွက်သွက် လျှောက်လာခဲ့ကြရာ ခြံဝင်းတစ်ခုရှေ့သို့ ရောက်ရှိလာလေသည်။

"ထူးတော့ထူးဆန်းတယ်၊ ငါ သည်လမ်းကို သွားနေကြပါ၊ တစ်ခါမှ အိမ်ဆိုတာ မတွေ့ခဲ့ဘူး"

သူသည် ရေစွတ်ရင်း ခြံဝင်းအား အကဲခတ်ကြည့်လိုက်၏။

ခြံဝင်းမှာ သစ်ပင်ချုံနွယ်များ ပိတ်နေ၏။

ခြံဝင်းတံခါးမှာ ပိတ်ထားပြီး ချုံနွယ်များက တစ်ဝက်ခန့် ဖုံးနေပေသည်။

ခြံဝင်းတံခါး သစ်သားချောင်းများအနက် အချို့မှာ ကျိုးပဲ့ပျက်စီးနေလေသည်။

"အင်း... ကြည့်ရတာ လူရော နေပါ့မလား၊ လူမရှိလဲ သိပ်တော့ ကိစ္စမရှိပါဘူး၊ မိုးခိုဖို့ နေရာရတာပေါ့"

သူသည် တွေးရင်း တံခါးအောက်မှ လျှိုး၍ ဝင်လာခဲ့လေ၏။

လမ်းကလေးမှာ ကျောက်လမ်း ဖြစ်ပြီး ရေညှိများကြောင့် ချောနေရာ မနည်းပင် ထိန်း၍လျှောက်သွားရသည်။

မကြာမီ အဆောက်အအုံ တံခါးဝသို့ ရောက်ရှိလာ၏။

အဆောက်အအုံမှာ အိုမင်းဟောင်းနွမ်းနေ၏။

ဆေးရောင်မရှိတော့ဘဲ အိမ်မည်းကြီးတစ်လုံးအဖြစ် ထီးထီး



ကြီး တည်ရှိနေပေသည်။

တံခါးမကြီးမှာ အလွန်ကြီးမားပေသည်။

သူသည် တံခါးကို ရှေ့၌ ရပ်လိုက်ပြီး တံခါးတွင် တပ်ထားသော ကြေးကွင်းကို လှုပ်ယမ်းကာ ခေါက်လိုက်၏။

"ဒေါက်..ဒေါက်..ဒေါက်"

"အိမ်ရှင်တို့...အိမ်ရှင်တို့"

သူ၏အသံသည် မိုးလေထဲမှ တိုးထွက်လာ၏။

သို့သော်...

အထဲမှ တုန့်ပြန်သံ မကြားရပါချေ။

သူသည် ကြေးကွင်းအား နောက်တစ်ကြိမ် ခေါက်လိုက်၏။

အသံကိုလည်း ပို၍ မြှင့်ကာ အော်လိုက်လေသည်။

"အိမ်ရှင်တို့...အိမ်ရှင်တို့"

ဤတစ်ကြိမ် သူ၏အသံသည် မိုးသံလေသံများကို ဖြိုခွင်းကာ ထွက်ပေါ်လာလေသည်။

မည်သို့မျှ တုံ့ပြန်သံ မရှိပါချေ။

သူသည် မျက်မှောင်ကြုတ်သွားလေသည်။

"အင်း..လူ မရှိဘူးလား မသိဘူး၊ သားလေး တော်တော်ချမ်းနေပြီလား"

သူသည် စိတ်မရှည်တော့ပါ။

အိမ်တံခါးကို တွန်းဖွင့်လိုက်၏။

"အို တံခါးကလဲ ဖွင့်မရပါလား"

သူသည် နောက်တစ်ကြိမ် အားစိုက်၍ တွန်းဖွင့်လိုက်ပြန်၏။

တံခါးမှာ တစ်လက်မမျှပင် ရွေ့သွားခြင်း မရှိပါ။

မိုးမှာ အိမ်ဝတွင် ရပ်နေသော သူတို့နှစ်ဦးအား ပို၍ စိုရွှဲနေသေး၏။

ကလေးငယ်မှာ မိုးစိုရွှဲနေသောကြောင့် နှုတ်ခမ်းပင် ပြာနေလေသည်။

"သား ခဏနော် ဖေဖေတို့ အထဲဝင်လို့ရရင် အဆင်ပြေသွားမှာပါ"

သူသည် ပြောရင်း တံခါးကို နောက်တစ်ကြိမ် ထပ်မံ၍ တွန်းကြည့်လိုက်လေ၏။

ထိုအခါ...

သူ၏မျက်လုံးအစုံ ပြူးကျယ်သွား၏။

မျက်နှာပေါ်တွင် အံ့သြသော အရိပ်အယောင်များက ပေါ်ထွက်လာလေသည်။

"ဟင်.. ဘယ်လိုဖြစ်တာလဲ၊ သည်တစ်ခါတော့ ရှောရှောရှူရှူနဲ့ ပွင့်သွားပါလား"

သူသည် ကြာကြာမတွေးနိုင်ပါ။

"လာ..သား အထဲဝင်ရအောင်"

ကလေးငယ်ကို လက်ဆွဲကာ အထဲသို့ လှမ်းဝင်လိုက်၏။

အိပ်ထဲ၌ မှောင်မည်းနေ၏။



"ဖေဖေ သည်မှာ လူမရှိဘူးလား"

"ဖေဖေလဲ မသိဘူး၊ သား ခဏနေဦးနော်"

သူသည် ပခုံးပေါ်မှ အိတ်ကို ကြမ်းပေါ်ချပြီး မီးခတ်ကျောက်ကို ရှာဖွေလိုက်၏။

ထို့နောက်...

မီးခတ်ကျောက်ကို ခတ်လိုက်ပြီး အိမ်တွင်းသို့ ကြည့်လိုက်၏။

"ဟင်.. လူတစ်ယောက်၊ ဟာ.. မဟုတ်ပါဘူး၊ ပန်းချီကားတစ်ချပ်ပဲ"

သူသည် တစ်ယောက်တည်း ရေရွတ်ရင်း အခန်းအား လှည့်ပတ်ကြည့်လိုက်၏။

အခန်းအလယ်တွင် စားပွဲတစ်လုံး ရှိ၏။

စားပွဲပေါ်တွင် ဖယောင်းတိုင်ကြီးတစ်တိုင်ကို တွေ့လိုက်ရလေ၏။

သူသည် ဖယောင်းတိုင်ကြီးအား ထွန်းညှိလိုက်လေသည်။

မီးရောင်မှာ အခန်းတစ်ခုလုံး လင်းထိန်သွား၏။

ထိုအခါမှ အခန်းအနေအထားကို ကောင်းစွာ တွေ့မြင်လိုက်ရလေသည်။

"အင်း.. အခန်းဖွဲ့စည်းပုံက သူဌေးတွေရဲ့ အိမ်ပုံစံပဲ၊ ဟိုဟာက ဘာလဲ၊ ဩော်.. မီးလင်းဖိုပါလား၊ အတော်ပဲ ထင်းလက်ကျန်လဲ ရှိသေးတယ်"

"သားရေ ဖေဖေတို့တော့ ကံကောင်းတာပဲ"

သူသည် ပြောရင်းမှ တစ်စုံတစ်ရာကို သတိရလာဟန်တူသည်။

ချက်ချင်း ပန်းချီကားဘက် လှည့်လိုက်၏။

လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်လိုက်၏။

"ကျွန်တော်ထန်ကင်းတို့သားအဖကို သည်မှာ တစ်ညတာ တည်းခိုခွင့်ပေးဖို့ တောင်းပန်ပါတယ်"

ထန်ကင်းမှာ ယခုမှ ရင်ပေါ့သွားသလို ခံစားလိုက်ရ၏။

သူသည် မီးလင်းဖိုဆီသို့ လျှောက်သွားကာ တွေ့သော ထင်းများနှင့် မီးမွှေးလိုက်၏။

အတန်ကြာ ကြိုးစားလိုက်မှ မီးတောက်လာ၏။

"သားရေ အဝတ်အစား လဲရအောင်၊ အို..အိတ်ထဲမှာလဲ အဝတ်တွေက ရေနည်းနည်းစိုနေပါလား၊ ဒါပေမယ့် အားလုံး စိုနေတာထက်စာရင် တော်သေးရဲ့"

ကလေးငယ်က အဝတ်အစား လဲလိုက်ပြီး မီးလင်းဖိုဘေးတွင် ထိုင်လိုက်၏။

"ဖေဖေ သည်မှာ လူမရှိဘူးလား"

ထန်ကင်းက...

"ခုထိတော့ လူမတွေ့ဘူး၊ မရှိဘူးလား မသိဘူး"

ကလေးငယ်က...

"အိမ်ကြီးက အကြီးကြီးပဲ၊ လူမရှိတာဘဲ ကောင်းပါတယ်၊



တော်ကြာ သားတို့ကို နှင်ထုတ်နေရင် မိုးခိုစရာ ရှိမှာ မဟုတ်ဘူးနော် ဖေဖေ"

ထန်ကင်းက ပြုံးလိုက်သည်။

အဝတ်အစားလဲ မီးလှုံလိုက်ရသည့်အတွက် အချမ်းဒဏ်မှာ အတော်ပင် သက်သာသွားသည်။

ကလေးငယ်က...

"ဖေဖေ သားဆာတယ်"

ထန်ကင်းက အိတ်ထဲမှ မုန့်ခြောက်များကို ထုတ်ယူကျွေးလိုက်လေ၏။

ကလေးငယ်မှာ မုန့်စားပြီးသည်နှင့် မျက်စိများ စင်းကျလာလေသည်။

"သား အိပ်ချင်ပြီလား၊ လာ..လာ သည်နားမှာ အိပ်"

ထန်ကင်းက ကလေးငယ်အတွက် မီးလင်းဖိုအနီးတွင် လှဲကျင်းလိုက်ပြီး နေရာပေးလိုက်၏။

ကလေးငယ်မှာ တခဏချင်းပင် အိပ်ပျော်သွားလေသည်။

ထန်ကင်းမှာ အဝတ်စိုများကို မီးကင်လိုက်၏။

"အင်း...တော်ပါသေးရဲ့ သည်အိမ်သာ မတွေ့ရင် ငါတို့သားအဖနှစ်ယောက် မိုးရေထဲမှာ တစ်ညလုံး နေရမှာ သေချာတယ်၊ ဒါထက် သည်အိမ်ကြီးကကြီးပြီး လူလဲမရှိပါလား"

"အို.. ငါတို့က တစ်ညနားရုံပဲ၊ ထန်ကင်း၊ သူတစ်ပါးကိစ္စကို ဘယ်တော့မှ မစပ်စုနဲ့"

ထန်ကင်းမှာ တစ်ကိုယ်တည်း ရေရွတ်ရင်း ခြောက်သွေ့သွားသော အဝတ်အစားများကို ပြန်လည်သိမ်းဆည်းလိုက်သည်။

ထို့နောက်...

သားဖြစ်သူအနီးတွင် လဲလျောင်းလိုက်လေ၏။

သူ၏မျက်လုံးများက နံရံပေါ်တွင် ချိတ်ဆွဲထားသော ပန်းချီကားဆီသို့ ရောက်ရှိသွားလေတော့သည်။

* * *

မီးရောင်များ ယိမ်းနွဲ့လှုပ်ရှားနေ၏။

မီးရောင်များ၏ ယိမ်းနွဲ့လှုပ်ရှားမှုကြောင့် ပန်းချီကားထဲမှ လူသည် လှုပ်ရှားကာ သက်ဝင်နေသကဲ့သို့ပင် ပီပြင်စွာ ပေါ်နေပေသည်။

ပန်းချီကားသည် အလွန်ကြီးမား၏။

ထို့အပြင်...

ပန်းချီကားထဲမှ လူပုံသည် သက်ရှိထင်ရှား အသက်ရှင်နေသော သူတစ်ယောက်၏ အနေအထားအတိုင်း ရေးဆွဲထားခြင်း ဖြစ်ပေသည်။

ပန်းချီဆရာ၏လက်ရာမှာ အလွန်ပင် ထူးချွန်ပြောင်မြောက်လှပေသည်။

ပန်းချီကားထဲမှ သူသည် တကယ့် သက်ရှိလူတစ်ယောက်



ပမာ အသက်ဝင်နေအောင် ရေးဆွဲထားခြင်း ဖြစ်ပေသည်။

ထန်ကင်းမှာ ထိုပန်းချီကားထဲမှ လူအား အတန်ကြာအောင် စိုက်ကြည့်နေ၏။

သူသည် သေချာအကဲခတ် ကြည့်နေခြင်း ဖြစ်၏။

သူသည် တဆက်တည်းပင် ထိုလူပုံအား ကြည့်ရင်း ကျောရိုးထဲမှာ အေးစိမ့်သွားသလိုပင် စိတ်ထဲ၌ ခံစားလိုက်ရလေသည်။

ထိုလူ၏ရုပ်ရည်ဟန်ပန်မှာ ဆိုးသွမ်းလွန်း၍ မဟုတ်ပါ။

ထိုလူသည် အသက်သုံးဆယ့်ငါး လေးဆယ် ဝန်းကျင်သာ ရှိ၏။

သူ၏မျက်နှာမှာ ချောမောသော လူတစ်ယောက် သွင်ပြင်ဖြစ်၏။

သူ၏ပါးလျှာသော နှုတ်ခမ်းအစုံကို့ကို တင်းတင်းစေ့ထား၏။

ထို့အပြင်...

အထူးခြားဆုံးမှာ ထိုလူ၏မျက်လုံးအစုံပင် ဖြစ်ပေ၏။

ပန်းချီဆရာသည် သူ၏အနုပညာအစွမ်းကို အစွမ်းကုန်ဖော်ညွှန်းထား၏။

ပန်းချီဆရာသည် ထိုလူ၏မျက်လုံးကို အမိအရ ဖမ်းယူဖော်ပြနေသည်။

ထိုမျက်လုံးမှ နေ၍ ထိုလူ၏ အတွင်းစိတ်ကို လှစ်ပြနေလေသည်။

"အင်း... တကယ် ကြောက်စရာကောင်းတဲ့လူပဲ၊ သူ့အကြည့်တွေက ရက်စက်တဲ့ အရိပ်အယောင်တွေ ပေါ်ထွက်နေတယ်၊ သည်ကြားထဲ ကောက်ကျစ်စဉ်းလဲမှုနဲ့ သွေးအေးမှုတွေပါ ရောယှက်နေပါလား၊ သည်လူဟာ လူကောင်းတစ်ယောက် ဟုတ်နိုင်ပါ့မလား"

ဟုရေရွတ်မိ၏။

ထန်ကင်းသည် ပန်းချီကားထဲမှ မျက်လုံးကို ခွာလိုက်လေသည်။

သားငယ်အား ကြည့်လိုက်ရာ နှစ်ခြိုက်စွာ အိပ်ပျော်နေသည်ကို တွေ့လိုက်ရလေ၏။

သူသည်လည်း သားငယ်အား ထွေးပွေ့ကာ အိပ်စက်ရန် ဟန်ပြင်လိုက်၏။

ထိုအခိုက်...

သူ၏နားထဲ၌ အသံတစ်ခုကို ရုတ်တရက် ကြားလိုက်ရလေသည်။

ထန်ကင်း၏မျက်လုံးအစုံမှာ အပေါ်သို့ မြင့်တက်သွားလေ၏။

"ဒါလူသံပဲ"

ဟုရေရွတ်လိုက်၏။

သူသည် အိပ်စက်နေရာမှ ချက်ချင်းပင် လူးလဲထလိုက်လေ၏။

အသံကိုလည်း နားစွင့်လိုက်၏။



"ဘာသံမှလဲ မကြားရတော့ပါလား၊ ငါ့စိတ်က ထင်လို့လား" ဟု ထန်ကင်းမှာ တစ်ယောက်တည်း ကျိတ်၍ ရေရွတ်လိုက်၏။

သူသည် ပတ်ဝန်းကျင်ကို တစ်ချက် အကဲခတ်ကြည့်လိုက်ပြန်သည်။

ဖယောင်းတိုင်မီး၏ အလင်းရောင်သည် အခန်းတစ်ခုလုံးအား လုံလောက်သော အလင်းရောင်ကို ပေးစွမ်းထား၏။

အခန်းအတွင်း၌ မိမိတို့သားအဖမှအပ အခြားမည်သူမျှ မရှိပါ။

ထန်ကင်းမှာ မိုးသံလေသံများကြားမှ နားကို အစွမ်းကုန် ဖွင့်ထား၏။

အတန်ကြာသွားသည့်တိုင်အောင် မည်သည့်စကားသံကိုမျှ မကြားရပါ။

ထန်ကင်း သက်ပြင်းချလိုက်၏။

"ငါ့စိတ်က ထင်လို့နေမှာပါ"

သူသည် စိတ်ထဲ၌ တစ်ချက် ရေရွတ်လိုက်၏။

ထို့နောက်...

သားဖြစ်သူ၏အနီး၌ လဲလျောင်း၍ အိပ်စက်လိုက်လေ၏။

"ဝုန်း... ဂျလိန်း"

မိုးသံများက ဆူညံစွာပင် ထွက်ပေါ်နေဆဲ ဖြစ်ပေသည်။

ထန်ကင်းမှာ လဲလျောင်းနေရင်းမှ တဖြည်းဖြည်း မျက်စိ

များ မေးစင်းကျလာသည်။

ထိုစဉ်...

သူ၏နားတွင် ထိုစကားပြောသံ ဗလုံးဗထွေး ကြားလိုက်ရပြန်လေတော့သည်။

"ဟင်.. ဒါ လူသံပဲ..လူသံပဲ"

သူသည် ချက်ချင်း အိပ်စက်ရာမှ ပြန်လည်လူးလိမ့်ထလိုက်ပြန်သည်။

သူ၏မျက်လုံးများကလည်း ပတ်ဝန်းကျင်ကိုအနှံ့ တစ်ချက်ရှာဖွေလိုက်၏။

"ဒီတစ်ခါ ငါကြားတာ သေချာတယ်၊ သည်အိမ်ထဲမှာ လူရှိရမယ်"

သူသည် စားပွဲပေါ်မှ ဖယောင်းတိုင်အား ဖြုတ်ယူလိုက်လေသည်။

တဆက်တည်းပင် အခန်းထဲမှ ထွက်ရန် ဟန်ပြင်လိုက်လေ၏။

သို့သော်...

သူ၏ခြေလှမ်းများမှာ အခန်းဝ၌ပင် တုံ့ခနဲ ဖြစ်သွားလေ၏။

"ငါစပ်စုလို့ ကောင်းပါ့မလား၊ အိမ်ရှင်က အတွေ့မခံချင်လို့ ပုန်းနေတာလား မသိဘူး"

သူက အခန်းထဲသို့ ပြန်လှည့်ဝင်လိုက်၏။



ထိုစဉ်...

"ဟား..ဟား..ဟား"

ရယ်မောသံတစ်ချက်ကို ကြားလိုက်ရလေသည်။

သူ၏ကျောရိုးထဲပင် စိမ့်သွားသလို ခံစားလိုက်ရလေသည်။

"ရယ်သံက ကြောက်စရာပါလား"

သူသည် အံကြိတ်လိုက်သည်။

လက်တစ်ချက် ဖွေ့ယမ်းလိုက်ရာ သူ၏လက်တွင်းသို့ တစ်ပေကျော်ခန့်သာ ရှည်လျားသော နှစ်ဖက်သွားဓားတစ်လက်က ရုတ်ခြည်းရောက်ရှိလာလေသည်။

ထိုအခိုက်...

သူသည် ရယ်မောသံကို အဆက်မပြတ် ကြားလိုက်ရလေသည်။

ထန်ကင်းက သားဖြစ်သူအား တစ်ချက်ကြည့်လိုက်လေသည်။

ကလေးငယ်မှာ အိပ်ပျော်နေဆဲပင် ဖြစ်ပါသည်။

သူက မီးတိုင်ကို တစ်ဖက်က ကိုင်ပြီး အခန်းထဲမှ လှမ်းထွက်လိုက်၏။

မည်သို့ပင် မစပ်စုရန် သတိထားသော်လည်း ရယ်မောသံကို ကြားလိုက်ရသောအခါ သူ မနေနိုင်တော့ပါ။

ရယ်မောသံသည် လိုဏ်သံထပ်နေပြီး လူတစ်ယောက်၏ ရယ်မောသံနှင့် မတူဟု ခံစားလိုက်ရ၏။

ထိုရယ်မောသံသည် သူ့အား ဆွဲဆောင်လိုက်သကဲ့သို့ ဖြစ်သွားလေတော့သည်။

* * *

စကြံလမ်း...

အခန်းထဲမှ ထွက်လိုက်သည်နှင့် စင်္ကြံလမ်းတစ်ခုကို တွေ့လိုက်ရလေသည်။

စင်္ကြံလမ်းမှာ အတော်ပင် ရှည်လျားၡ၏။

စင်္ကြံလမ်းအဆုံးတွင် အဆောင်တစ်ခု ရှိပေသည်။

ထိုအဆောင်ကလေးတွင် မီးရောင်လင်းနေသည်ကိုလည်း တွေ့လိုက်ရလေသည်။

ထန်ကင်းမှာ မျက်မှောင်ကြုတ်သွားသည်။

"အင်း.. လူရှိတာတော့ သေချာပြီ"

သူသည် ဖယောင်းတိုင်မီးကို မှုတ်၍ ငြိမ်းသတ်လိုက်ပြီးနောက် စင်္ကြံလမ်းအတိုင်း လျင်မြန်စွာ ပြေးသွားလိုက်၏။

သူသည် ပြေးလွှားသွားသော်လည်း အသံလုံးဝ မထွက်ပါချေ။

သူ၏ကိုယ်ဖော့ပညာသည် အတော်ပင် ကောင်းမွန်ကြောင်း သိသာလှပေသည်။

တခဏအတွင်း ထန်ကင်းမှာ အဆောင်ကလေး အနီးသို့ ရောက်ရှိသွားလေသည်။



"အင်း.. ငါအော်ခေါ်ရင် ကောင်းမလား၊ အို..အသာအခြေအနေ အကဲခတ်ကြည့်တာ ကောင်းပါတယ်"

ထန်ကင်းမှာ အဆောင်ကလေး၏ အမိုးပေါ်သို့ ခုန်တက်လိုက်သည်။

ညင်သာစွာပင် အမိုးပေါ်သို့ ရောက်ရှိသွားလေသည်။

တံစက်မြိတ်တွင် မြွေလိုချိတ်ကာ ဇောက်ထိုးအနေအထားဖြင့် ပြတင်းပေါက်မှတစ်ဆင့် အတွင်းသို့ ချောင်းကြည့်လိုက်သည်။

ထိုတဒင်္ဂအတွင်း သူ၏ရင်မှာ ဗလောင်ဆူသွား၏။

သူ၏မျက်လုံးမှာလည်း အဆမတန် ပြူးကျယ်သွားလေတော့သည်။

* * *

## မိစ္ဆာ

အခန်းနံရံများတွင် မီးတိုင်များ ချိတ်ဆွဲထား၏။

မီးရောင်သည် အခန်းတစ်ခုလုံးအား နေ့အလား လင်းထိန်နေလေ၏။

အခန်းတွင်း၌ ပရိဘောဂ သိပ်မရှိပါ။

အခန်းအလယ်တွင် စားပွဲရှည်တစ်လုံး ရှိပေသည်။

ထိုစားပွဲပေါ်တွင် ကလေးငယ်တစ်ဦး တင်ထားသည်ကို တွေ့လိုက်ရလေသည်။

ထန်ကင်းမှာ အလန့်တကြား ရေရွတ်လိုက်၏။

"ဟင်.. သား..သားလေးပါလား"

သူ၏ရင်ထဲ၌ ထိတ်လန့်ခြင်း၊ ကြောက်ရွံ့ခြင်း၊ မယုံကြည်နိုင်ခြင်း စသော ခံစားချက်များကို တစ်ပြိုင်တည်း ခံစားလိုက်ရလေသည်။



တဆက်တည်းပင် ဒေါသလည်း ထွက်လာလေသည်။

တံစက်မြိတ်တွင် ချိတ်ဆွဲထားသော ခြေကို တစ်ချက်အား ပြုလိုက်၏။

သူ၏ခန္ဓာကိုယ်သည် လေးညို့မှ ပစ်သည့်မြားပမာ အရှေ့သို့ ပစ်ခွင်းထွက်သွား၏။

"ချလွင်..ခွမ်း"

ထန်ကင်း၏ခန္ဓာကိုယ်သည် ပြတင်းပေါက်ကို ထိုးဖောက်ကာ အခန်းအလယ်သို့ ကျရောက်သွားလေသည်။

ထန်ကင်းမှာ ချက်ချင်းပင် စားပွဲခုံအနီးသို့ လျှောက်သွားရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်...

"ဝုန်း"

မီးခိုးများ ရုတ်တရက် အူထွက်လာသည်။

ထန်ကင်းက အသက်ကို အောင့်ကာ နောက်သို့ ခုန်ဆုတ်လိုက်လေသည်။

"အဆိပ်ငွေ့တွေများလား"

သူသည် ထိုသို့ တွေးလိုက်မိသည့်အတွက် နောက်သို့ လျင်မြန်စွာ ဆုတ်လိုက်ခြင်း ဖြစ်၏။

ထို့နောက်...

မီးခိုးလုံးအား အကဲခတ်ကြည့်လိုက်၏။

လက်ထဲမှ ဓားကိုလည်း တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်

လေသည်။

မီးခိုးငွေ့များသည် အဆိပ်လုံးဝ မရှိပါ။

တခဏအကြာတွင် မီးခိုးများ တဖြည်းဖြည်း လွင့်ပြယ်လာလေ၏။

"ဟင်..လူတစ်ယောက်ပါလား"

ထန်ကင်းက သေချာစွာ စိုက်ကြည့်လိုက်၏။

မီးခိုးများမှာ တစ်စထက်တစ်စ လွင့်ပါးလား၏။

မီးခိုးများကြားတွင် လူရိပ်တစ်ရပ်ကို မပီဝိုးတဝါး တွေ့နေရ၏။

ထန်ကင်း အံ့ကြိတ်ကာ မေးလိုက်သည်။

"မင်း ဘယ်သူလဲ"

လူရိပ်က ပြန်မဖြေပါ။

ရယ်မောသံသာ ထွက်ပေါ်လာသည်။

"ဟား..ဟား..ဟား"

ရယ်သံသည် စူးရှနေ၏။

အရပ်ရှစ်မျက်နှာမှ ရယ်သံများ အဆက်မပြတ် ထွက်ပေါ်လာနေခြင်း ဖြစ်ပေသည်။

ရယ်သံသည် ရယ်သံနှင့် မတူပါ။

ရယ်မောသံသည် ငိုကြွေးသံကဲ့သို့ ဖြစ်နေပေသည်။

ထန်ကင်းမှာ ရင်ထိတ်သွား၏။

ထိုစဉ်...



မီးခိုးများ လုံးဝလွင့်ပြယ်သွားပြီ ဖြစ်ပါသည်။

အခန်းအလယ်တွင် လူတစ်ယောက်။

မဟုတ်ပါ။

လူတစ်ယောက်ဟု ပြော၍လည်း မရပါချေ။

ထန်ကင်း၏မျက်လုံးအစုံမှာ အဆမတန် ပြူးကျယ်သွားလေ၏။

ဓားကိုင်လက်မှာလည်း အနည်းငယ် တုန်ယင်နေပေသည်။

သူ၏ရင်မှာ တထိတ်ထိတ်နှင့် ခုန်နေ၏။

"ခင်..ခင်ဗျား"

သူသည် စကားများ အထစ်ထစ်အငေါ့ငေါ့ ဖြစ်နေ၏။

သူ၏တစ်သက်တာတွင် ထိုကဲ့သို့ လူမျိုးကို တစ်ခါမျှ မတွေ့မမြင်ဘူးပါချေ။

လူနှင့် မတူသော လူတစ်ယောက်...

"ဒါ ဘာလဲ လူလား သရဲလား၊ သည်လိုလူမျိုး ငါတစ်ကြိမ်မှ မတွေ့ဖူးပါဘူး"

ထိုစဉ်...

ထိုသတ္တဝါက ရှေ့သို့ တိုးလာ၏။

ခြေအစုံကို ပူးကာ တစ်ချက်ခုန်တက်လိုက်ခြင်း ဖြစ်၏။

လက်နှစ်ဖက်ကိုလည်း ရှေ့သို့ ဆန့်ထုတ်ထ :လေသည်။

ထိုသတ္တဝါ၏လက်သည်းများသည် ခြောက်လက်မခန့် ရှည်လျားနေသည်ကို တွေ့လိုက်ရလေသည်။

ထန်ကင်းမှာ အလိုလို နောက်ဆုတ်သွားမိ၏။

သူ၏မျက်လုံးအစုံကမူ ထိုသတ္တဝါထံမှ မခွာမိပါချေ။

ထိုသတ္တဝါသည် အညိုရောင်ဝိတ်ဝတ်စုံကို ဝတ်ဆင်ထား လေ၏။

ဆံပင်များက ရှည်လျားပြီး ဖားလျားချထား၏။

မျက်ကွင်းများက ညိုမည်းပြီး မျက်လုံးများက မျက်လုံးသေမျိုး ဖြစ်၏။

မျက်နှာမှာ သွေးဆုတ်သကဲ့သို့ ဖြူဖွေးနေ၏။

သူ၏ကိုယ်နံ့က မြေကြီးနံ့သင်းနေ၏။

"ဖုတ်ကောင်"

ရုတ်တရက် ထန်ကင်းက ဝေါဟာရတစ်ခုကို စဉ်းစားလိုက်မိလေသည်။

သို့သော်...

ချက်ချင်းပင် ခေါင်းကို ခါယမ်းလိုက်၏။

"မဖြစ်နိုင်ဘူး၊ လောကမှာ နာနာဘာဝဆိုတာ မရှိပါဘူး၊ ဒါဟာ လိမ်ညာမှုပဲ"

သူသည် တွေးရင်း အားတင်းလိုက်၏။

ထို့နောက်...

ဓားကို အသင့်ပြင်လိုက်ပြီး...

"မင်း ဘယ်သူလဲ"

"မင်း ဘယ်သူလဲ"



ရုတ်တရက် ထိုသတ္တဝါက ထန်ကင်း၏ အမေးအတိုင်း တုံ့ပြန်မေးလာလေသည်။

ထန်ကင်းက...

"ကျုပ်ထန်ကင်းပါ၊ ခင်ဗျား ဘယ်သူလဲ"

ထိုသတ္တဝါက မဖြေပါ။

ရုတ်တရက်...

သူက ရှေ့သို့ ခုန်လိုက်ပြီး သူ၏လက်သည်းများဖြင့် ထန်ကင်းအား တိုက်ခိုက်လိုက်လေသည်။

ထန်ကင်းမှာ ထိတ်လန့်သွား၏။

ထိုသတ္တဝါနှင့် သူသည် ပေနှစ်ဆယ်နီးပါးမျှ ကွာဝေးသော အနေအထားတွင် ရှိပေသည်။

ယခု ထိုသတ္တဝါတစ်ချက် ခုန်လိုက်သည်နှင့် သူ့ထံ ရုတ်ခြည်း ရောက်ရှိလာသည် မဟုတ်ပါလော။

ထန်ကင်း မဲ့လိုက်ပြီး...

"ခင်ဗျားက ဘာကြောင့် တိုက်ခိုက်ရတာလဲ"

သူသည် ရှောင်တိမ်းရင်း မေးလိုက်သည်။

ထိုသတ္တဝါက မဖြေပါ။

ယခင်နည်းအတိုင်းပင် ထပ်မံတိုက်ခိုက်လိုက်လေသည်။

"ဝုန်း"

ဤတစ်ကြိမ်တွင် ထန်ကင်းက ရှောင်တိမ်းလိုက်ရာ ထိုသတ္တဝါ၏ လက်သည်းသည် အခန်းနံရံကို စိုက်ဝင်သွား၏။

"ဂူး"

"ဝါး"

သတ္တဝါသည် မသဲမကွဲဖြင့် တစ်ချက်မျှ ရေရွတ်လိုက်လေသည်။

ထန်ကင်းအား မထိသည့်အတွက် ဒေါသလည်း ထွက်လာဟန်တူပေသည်။

သတ္တဝါသည် နောက်ဘက်သို့ ပြန်လှည့်လိုက်သည်။

ထို့နောက်...

ချက်ချင်း ခုန်ဝင်ကာ ထန်ကင်းအား ပြန်လည်တိုက်ခိုက်လိုက်ပြန်သည်။

ထန်ကင်းမှာ ဒေါသထွက်လာသည်။

ဤတစ်ကြိမ်တွင် ထန်ကင်းကလည်း ရှောင်တိမ်းပေးလိုက်သည်။

ပြီးမှ နောက်သို့ ပြန်လှည့်ပြီး သတ္တဝါ၏ရင်ဝသို့ ဓားတစ်ချက် ထိုးသွားလိုက်လေသည်။

"ထန်"

သူ၏ဓားကိုင်လက်မှာ ထုံကျင်သွား၏။

"အလို ဘယ်လိုဖြစ်တာလဲ၊ သူ့ခန္ဓာကိုယ်က ဓားတောင် မတိုးပါလား"

သူသည် ကြာကြာပင် မတွေးနိုင်ပါ။

အဘယ်ကြောင့်ဆိုသော် သဖွဲ့ဝါက သူ့အား လက်သည်း



နှင့် ကုပ်လာခြင်းကြောင့် ဖြစ်သည်။

သူသည် ကမန်းကတန်းပင် ရှောင်တိမ်းလိုက်ရလေသည်။

သတ္တဝါ၏လက်သည်းကုပ်ချက်မှ သီသီကလေး လွတ်သွားသည်။

နှစ်ကြိမ်သုံးကြိမ်မျှ တိုက်ခိုက်ပြီးနောက် ထန်ကင်းမှာ ထိုသတ္တဝါ၏ တိုက်ခိုက်မှုကို သဘောပေါက်သွားလေတော့သည်။

သူ၏စိတ်ထဲ၌...

"သည်ကောင်ဟာ ရှေ့ကိုပဲ ခုန်ဝင်တဲ့ နေရာမှာ မြန်တယ်၊ ကျန်တဲ့လှုပ်ရှားမှုက အလွန်နှေးတာပဲ၊ သူ့ခန္ဓာကိုယ်လှည့်တဲ့အခါ ခြေစုံလှည့်ရတော့ ပိုပြီးနှေးတယ်၊ ဒါဟာ ငါ့အတွက် အခွင့်ကောင်းပဲ"

ထန်ကင်းမှာ နောက်တစ်ကြိမ် သတ္တဝါက တိုက်ခိုက်လာသောအခါ သူသည် ရှောင်တိမ်းပြီး သတ္တဝါ၏နောက်ကျောသို့ ဝင်ရောက်လိုက်၏။

ထို့နောက်...

လက်ထဲမှဓားဖြင့် သတ္တဝါ၏နောက်ကျောအား ခုတ်ချလိုက်လေတော့သည်။

"ထန်"

ထန်ကင်း၏ဓားမှာ အပေါ်သို့ ပြန်ခုန်တက်လာ၏။

ထန်ကင်းမှာ အားမလို အားမရ ဖြစ်သွား၏။

ချက်ချင်းပင် ခန္ဓာကိုယ်အားလှည့်ကာ ထိုသတ္တဝါ၏ခြေထောက်အား ဓားနှင့် ခုတ်လိုက်ပြန်၏။

"ထန်"

ကျောက်သားကျောက်ဆိုင်အား ခုတ်ချမိသည့်နှယ် ခံစားလိုက်ရလေသည်။

ထိုစဉ်…

သတ္တဝါ၏လက်သည်းရှည်ကြီးများက သူ၏ပခုံးသို့ တိုးဝင်လာပြန်လေသည်။ ထန်ကင်း အမြန်ရှောင်တိမ်းလိုက်ရာ…

"ဗြဲ"

ထန်ကင်း၏အင်္ကျီစမှာ စုတ်ပြဲသွားလေသည်။

ထန်ကင်းမှာ ထိတ်လန့်သွား၏။

"ငါ သည်အတိုင်း ဆက်တိုက်ခိုက်နေလို့ မဖြစ်ဘူး၊ သည်အကောင်ဟာ ဘယ်နည်းနဲ့မှ လူမဖြစ်နိုင်ဘူး"

သူသည် တွေးရင်း ကြောက်လန့်လာ၏။

ဤနေရာအား အမြန်ဆုံး စွန့်ခွာရန် တွေးလိုက်မိ၏။

သူသည် သတ္တဝါအား အခန်းထောင့်ဘက် မျှားခေါ်ပြီးနောက် လျှပ်တပြက် သတ္တဝါ၏အပေါ်မှ ခုန်ကျော်လိုက်ရာ အခန်းအလယ်ရှိ စားပွဲဆီသို့ ရောက်ရှိသွား၏။

စားပွဲပေါ်တွင် အိပ်ပျော်နေသော သားငယ်အား ပခုံးပေါ်ထမ်းလိုက်၏။ ထို့နောက်…

လှည့်ပင်မကြည့်တော့ဘဲ အခန်းထဲမှ ပြေးထွက်လာခဲ့လေတော့သည်။

* * *



"ဟား…ဟား…ဟား"

ရယ်မောသံများက ဆူညံကျယ်လောင်စွာ ထွက်ပေါ်လာလေ၏။

ထန်ကင်း၏မျက်နှာမှာ နီရဲသွားလေ၏။

"ငါမှားသွားပြီ၊ သည်ကိစ္စပြောရင် ဘယ်သူမှ ယုံကြည်မှာမဟုတ်ဘူးဆိုတာ သိထားဖို့ ကောင်းတယ်၊ အခုတော့ ငါ့ကို အရူးတစ်ယောက်လို လှောင်ပြောင်တာ ငါခံနေရပြီ"

ထန်ကင်းက သက်ပြင်းချလိုက်၏။

စားပွဲပေါ်ရှိ လက်ကျန်အရက်ကို တရှိန်ထိုးမော့ကာသောက်လိုက်၏။

ထို့နောက်…

ဆိုင်တွင်းမှ ထွက်ခဲ့လေသည်။

ရွာသားတစ်ဦးက…

"နေဦးကွ၊ ထန်ကင်းအကြောင်း မင်းတို့သိသားပဲ၊ သူက ဘယ်တုန်းကမှ လိမ်ညာမပြောတတ်ဘူး၊ ပြီးတော့ လူကြွားသက်သက်လဲ မဟုတ်ဘူး"

ပထမရွာသားက…

"ဘာလဲ မင်းက ထန်ကင်း ပြောတာကို ယုံသလား"

ထိုရွာသားက ရယ်မောလိုက်ပြီး…

"ကျုပ်လဲ မယုံကြည်ပါဘူး၊ ဒါပေမယ့် ဘာကြောင့် ထန်ကင်းက သည်အကြောင်း ပြောပြရသလဲ စဉ်းစားရတာပဲ"

ပထမရွာသားက...

"စဉ်းစားမနေနဲ့တော့ ထန်ကင်းက ဇနီးသေဆုံးသွားကတည်းက အရက်သိပ်သောက်တော့ ခေါင်းချောင်သွားတာပဲ ဖြစ်ရမယ်"

သူ၏စကားအဆုံးတွင် အားလုံးက ရယ်မောလိုက်ကြလေသည်။

သို့သော်...

လူတစ်ယောက်ကမူ လုံးဝရယ်မောခြင်း မရှိပါချေ။

ထိုလူမှာ လူရွယ်တစ်ယောက် ဖြစ်ပြီး အနီရောင်ဝတ်စုံ ဝတ်ဆင်ထားသည်။

သူသည် အဝေးသို့ ရောက်ရှိသွားပြီ ဖြစ်သော ထန်ကင်းအား ငေးမောကြည့်နေလေသည်။

* * *



စားသောက်ဆိုင်အတွင်း၌ လူများ တဖြည်းဖြည်း ပိုများလာ၏။

စကားပြောသံများလည်း ပို၍ ဆူညံလာလေသည်။

အနီရောင်ဝတ်စုံနှင့် လူရွယ်သာလျှင် ဘာမှမပြောဘဲ အစားအသောက်များကိုသာ ငုံ့စားနေ၏။

လျှိုဖုန်းဝေ ဖြစ်သည်။

စားသောက်ဆိုင်အတွင်းရှိ လူအားလုံးသည် အကြောင်းအရာတစ်ခုတည်းကိုသာ ပြောဆိုနေကြ၏။

ထိုအကြောင်းအရာမှာလည်း အခြား မဟုတ်ပါ။

ထန်ကင်း၏အကြောင်းပင် ဖြစ်ပါသည်။

လူရွယ်က အစားအသောက်များကို လက်စသတ်လိုက်လေ၏။

ထို့နောက်...

အနီးရှိ လူအား မေးမြန်းလိုက်၏။

"ခင်ဗျားတို့က ထန်ကင်း စကားကို မယုံကြည်ကြဘူးလား"

ထိုလူက ရယ်မောလိုက်ပြီး...

"ဘယ်မှာ ယုံကြည်စရာရှိလို့လဲ၊ ဆရာလေးလျှိုဖုန်းဝေ"

လျှိုဖုန်းဝေက သက်ပြင်းချလိုက်၏။

"ယုံကြည်စရာတော့ လုံးဝမရှိပါဘူး၊ ဒါပေမယ့် သူအတည်ပြောနေတာတော့ သေချာတယ်"

ထိုလူက...

"ဟုတ်တယ်၊ ဒါပေမယ့် ထန်ကင်းဟာ အရက်မူးပြီး စိတ်ထင်တာကို တကယ်မှတ်ပြီး ပြောနေတာ ဖြစ်ပါလိမ့်မယ်"

လှိုင်ဖုန်းဝေက ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

"ဖြစ်နိုင်ပါတယ်"

ထိုလူက စားပွဲခုံအား တစ်ချက်ပုတ်လိုက်ပြီး...

"ဖြစ်ကို ဖြစ်ရမယ်"

ထိုလူက စကားဆက်လိုက်၏။

"ဘာလဲ ဆရာလေးက သည်ကိစ္စကို လိမ်ပြောတာလို့ ထင်နေတာလား"

လှိုင်ဖုန်းဝေက ပခုံးတွန့်လိုက်၏။

"သည်လိုတော့ မဟုတ်ပါဘူး၊ စိတ်ဝင်စားစရာကောင်းလို့ပါ"

ဟုပြောလိုက်၏။

ထိုလူက မဲ့လိုက်ပြီး...

"ဆရာလေးမို့ စိတ်ဝင်စားတယ်"

လှိုင်ဖုန်းဝေက ဘာမှ မပြောတော့ပါ။

သူသည် စားပွဲထိုးအား ကျသင့်ငွေကို ရှင်းပေးလိုက်ပြီး စားသောက်ဆိုင်အတွင်းမှ ထွက်လာခဲ့လေသည်။

သူ၏ခြေလှမ်းများသည် ထန်ကင်း၏နေအိမ်ဆီသို့ ဦးတည်နေလေသည်။

သူ၏ခေါင်းထဲလည်း အတွေးများက ဝိုင်းရံနေ၏။



"ထန်ကင်းဟာ ဘယ်တော့မှ လိမ်ညာပြောတတ်တဲ့ လူတစ်ယောက် မဖြစ်နိုင်ဘူး၊ သူပြောတာ အမှန်ဆိုရင် အလွန်စိတ်ဝင်စားဖို့ ကောင်းတယ်၊ မကောင်းဆိုးဝါးဆိုတာ ဒဏ္ဍာရီထဲမှာသာ ရှိတာပါ၊ ဒါဟာ တစ်စုံတစ်ယောက်ရဲ့ လက်ချက်လဲ ဖြစ်နိုင်လောက်တယ်"

"အင်း..ဒါပေမယ့် ရွာသားတွေ ပြောသလို သူဟာ အရက်အလွန်သောက်ပြီး ထင်ရာပြောနေတယ်ဆိုရင်ကော"

"အို.. ဘာပဲဖြစ်ဖြစ် ငါနည်းနည်းပါးပါးတော့ စုံစမ်းကြည့်ရမယ်"

လှိုင်ဖုန်းဝေမှာ တွေးရင်း လျှောက်လာခဲ့ရာ မကြာမီ ထန်ကင်း၏အိမ်တံခါးဝသို့ ရောက်ရှိလာလေတော့၏။

လှိုင်ဖုန်းဝေက တံခါးဝတွင် ရပ်တန့်လိုက်၏။

အိမ်ထဲမှ မီးရောင်သည် တံခါးအောက်ခြေမှ တိုးထွက်နေ၏။ ပတ်ဝန်းကျင်တွင် အနည်းငယ် မှောင်လာပြီ ဖြစ်ပါသည်။

လှိုင်ဖုန်းဝေက တံခါးကို အသာခေါက်လိုက်၏။

"ဒေါက်..ဒေါက်..ဒေါက်"

တံခါးခေါက်သံ အဆုံးဝယ် အိမ်ထဲမှ လှုပ်ရှားသံများ ကြားလိုက်ရ၏။

အတန်ကြာသောအခါ တံခါးပွင့်သွားလေသည်။

"ဪ.. မင်းကိုး ဘာကိစ္စလဲ"

ထန်ကင်း၏ အာလေးလျှာလေးနှင့် မေးသံ ထွက်ပေါ်လာလေ၏။

လှိုဖုန်းဝေက ဦးညွှတ်လိုက်၏။

"ခင်ဗျားနဲ့ စကားနည်းနည်း ပြောချင်လို့ပါ"

ထန်ကင်း၏မျက်နှာပေါ်တွင် အံ့အားသင့်ဟန် ပေါ်လွင်သွား၏။

သို့သော်...

သူသည် ဘာမျှ မပြောဘဲ အထဲသို့ ပြန်ဝင်သွား၏။

လှိုဖုန်းဝေကလည်း နောက်မှ လိုက်ဝင်သွားလေသည်။

နှစ်ယောက်စလုံး စားပွဲတွင် ဝင်ထိုင်လိုက်၏။

စားပွဲပေါ်တွင် အရက်အိုးက အသင့်ရှိနေ၏။

မီးရောင်ဖြင့် ထန်ကင်း၏ အဆီပြန်နေသော မျက်နှာကို တွေ့မြင်နေရ၏။

ထန်ကင်းက အရက်တစ်ခွက် မော့သောက်လိုက်ပြီး...

"ဆိုပါဦး ဘာကိစ္စလဲ"

ဟုမေး၏။

လှိုဖုန်းဝေက ပြုံးလိုက်၏။

"စားသောက်ဆိုင်မှာ ခင်ဗျားပြောသွားတဲ့ ကိစ္စကို ကျုပ်က စိတ်ဝင်စားလို့ပါ"

ထန်ကင်းက ခေါင်းကို ခါယမ်းလိုက်၏။

"ကျုပ် မပြောသင့်ဘူး"

ဟုပြော၏။

လှိုဖုန်းဝေက...



"ဘာဖြစ်လို့လဲ"

ဟုမေးလိုက်၏။

ထန်ကင်းက...

"ကျုပ်ပြောမိတဲ့အတွက် ကျုပ်ဟာ အရူးတစ်ယောက် ဖြစ်သွားခဲ့ရတယ်"

သူ၏အသံမှာ စိတ်ထိခိုက်နေသံ ရောယှက်နေ၏။

သူသည် သက်ပြင်းချလိုက်ပြီး စကားဆက်လိုက်၏။

"သူတို့တွေ မယုံကြည်တာကို ကျုပ်အပြစ်မပြောချင်ပါဘူး"

ဟုပြော၏။

လှိုဖုန်းဝေက ဝင်မေးလိုက်၏။

"ဒါပေမယ့် ခင်ဗျား တွေ့ခဲ့တာက အမှန်ပဲ မဟုတ်လား"

ထန်ကင်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

လှိုဖုန်းဝေက...

"ကျုပ်ကို အစအဆုံး သေသေချာချာ ပြောပြပါလား"

ထန်ကင်းက မဲ့လိုက်၏။

"ဘာလဲ မင်းက ကျုပ်စကားကို ယုံကြည်လို့လား"

လှိုဖုန်းဝေက ပခုံးတွန့်လိုက်၏။

"အားလုံးက ခင်ဗျားဟာ အရက်သောက်ဟာများလို့ ထင်ရာ ပြောနေတယ် ထင်ကြတယ်"

"မင်းကကော"

"ကျုပ်က အခုထိ သည်လို မထင်သေးဘူး"

ထန်ကင်းက သက်ပြင်းချလိုက်၏။

"မင်းလဲ မယုံကြည်ဘူးဆိုတာ ကျုပ်သိပါတယ်"

ဟုပြော၏။

လှိုဖုန်းဝေ အားတုံ့အားနာ ဖြစ်သွား၏။

"သည်လို မဟုတ်ပါဘူးဗျာ"

ဟုပြောလိုက်ရ၏။

ထန်ကင်းက ဆက်ပြော၏။

"ကျုပ်ကလဲ သည်ကိစ္စကို အိပ်မက်ဖြစ်ပါစေလို့ ဆုတောင်းမိတာပဲ"

လှိုဖုန်းဝေက...

"ကျုပ် အမှန်အတိုင်း ပြောရရင် ခင်ဗျားကြုံတွေ့ခဲ့ရတဲ့ကိစ္စ နားထောင်ချင်တယ်၊ သည်ကိစ္စကို နည်းနည်းစုံစမ်းကြည့်ချင်တဲ့စိတ် ရှိတယ်"

ဟုဖွင့်ပြောလိုက်လေသည်။

ထန်ကင်းက ရယ်မောလိုက်၏။

"ကျုပ်အရက်ကို အလွန်အကျွံ သောက်တယ်ဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် အရက်ကြောင့် ကျုပ်ရဲ့ အသိဉာဏ်တွေ မချွတ်ယွင်းသေးဘူးဗျ"

ဟုပြော၏။

လှိုဖုန်းဝေက ပါးစပ်ပိတ်ထား၏။



ထန်ကင်းက...

"ကဲ...ကျုပ်က သိပ်ပြောချင်တဲ့လူပါ၊ အခုလို နားထောင်မယ့်လူ ရှိတော့ ကောင်းတာပေါ့"

သူသည် သူတွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်များကို အစအဆုံး သေချာစွာ ပြန်လည်ပြောပြလိုက်သည်။

ပြောနေရင်း သူ၏တစ်ကိုယ်လုံး ကြက်သီးများပင် ထလာလေသည်။

လှိုဖုန်းဝေက ထန်ကင်း ပြောပြနေစဉ်အတွင်း တစ်လုံးတစ်ပါဒမျှ ဖြတ်မမေးပါ။

ငြိမ်သက်စွာ နားထောင်နေ၏။

ထန်ကင်းက...

"မင်းစိတ်ထဲ ဘယ်လိုထင်သလဲ"

လှိုဖုန်းဝေက...

"ခင်ဗျားတို့ ပြန်လာတာ စန်ကျိုမြို့နဲ့ သည်ရွာကြားက တောလမ်းအတိုင်းနော်"

ထန်ကင်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

လှိုဖုန်းဝေက...

"စန်ကျိုမြို့နဲ့ ဘယ်လောက်ဝေးသလဲ"

ဟုမေးလိုက်၏။

ထန်ကင်း လက်တစ်ချောင်း ထောင်ပြ၏။

"တစ်နေ့ခရီး"

လှိုင်ဖုန်းဝေက...

"ဒါဆို သည်ရွာရောက်ဖို့ တစ်နေ့နဲ့တစ်ည ကျန်သေးတာပေါ့"

"ဟုတ်တယ်၊ သည်လမ်း သည်ခရီးကို တစ်လတစ်ကြိမ် နှစ်လတစ်ကြိမ် သွားနေကျပဲ"

လှိုင်ဖုန်းဝေမှာ မျက်မှောင်ကြုတ်ကာ စဉ်းစားလိုက်၏။

"တောအုပ်ကြီးထဲမှာပေါ့"

"ဟုတ်တယ်"

လှိုင်ဖုန်းဝေ အားတက်လာ၏။

"ခင်ဗျားတွေ့ခဲ့တဲ့ အိမ်က အတော့်ကို ကြီးသလား"

ထန်ကင်းက ခေါင်းညိတ်လိုက်၏။

"ကြီးတယ်၊ အတော်လေးကို ကြီးတယ်"

လှိုင်ဖုန်းဝေက...

"ကျုပ်လဲ သည်တောလမ်းအတိုင်း မကြာခဏ သွားခဲ့ဖူးတယ်၊ ဒါပေမယ့် အိမ်တစ်လုံးမှ မတွေ့ဘူးဗျ"

ဟုပြော၏။ ထန်ကင်းက...

"ကျုပ်လဲ အဲသည် အိမ်ကို တွေ့စကသည်လိုပဲ တွေးလိုက်မိခဲ့တယ်ဗျ"

လှိုင်ဖုန်းဝေက...

"အဲသည် အိမ်ထဲက ထွက်လာတော့"



ထန်ကင်းက...

"ကျုပ်လဲ ကြောက်လန့်တကြားနဲ့ ခြေဦးတည့်ရာ ဇွတ်ပြီး ပြေးခဲ့တာ၊ တောထဲမှာ နှစ်ရက်လောက် မျက်စိလည်ခဲ့ရသေးတယ်"

လှိုင်ဖုံးဝေက...

"ခင်ဗျားနဲ့အတူ ခင်ဗျားရဲ့ သားကလေး ပါသွားတယ် ဟုတ်လား"

"ဟုတ်ပါတယ်"

"သူ့ကို ကျုပ်နည်းနည်းမေးလို့ မရမလား"

ထန်ကင်း သက်ပြင်းချလိုက်၏။

"သားကလေးက အဲသည်အချိန် အိပ်ပျော်နေတာ၊ ကျုပ်က ထမ်းပြီး ပြေးခဲ့တာတောင် မနိုးဘူး၊ မနက်ကျမှ နိုးလာခဲ့တယ်ဗျ"

ထန်ကင်း သက်ပြင်းချလိုက်၏။

"နောက်ဆုံးတော့ မင်းလဲ ကျုပ်စကားကို မယုံကြည်ပါဘူး"

လှိုင်ဖုန်းဝေက ပြုံးလိုက်၏။

"ကျုပ်စိတ်ကူးနေတာ တစ်မျိုးဗျ"

"ဘာများလဲ"

"ခင်ဗျားနဲ့အတူ အဲသည် နေရာကို တစ်ခါလောက် သွားကြည့်မလားလို့ စိတ်ကူးနေတာ"

"မင်း...မင်း တကယ် ပြောတာလား"

"ဒါမှ တကယ် ဟုတ်မဟုတ် သေချာသိရမယ် မဟုတ်လား"

ထန်ကင်း ပြုံးသွား၏။

"ကျုပ်လဲ ပြန်သွားကြည့်မလို့ စဉ်းစားနေတာ အတော်ပဲ ဘယ်နေ့သွားကြမလဲ"

ထန်ကင်းက မေးလိုက်ရာ လှိုင်ဖုန်းဝေက...

"မနက်ဖြန် မနက်"

ထန်ကင်းက...

"ကောင်းပြီ၊ ကျုပ်သားလေးကို မိတ်ဆွေတစ်ယောက်ဆီ အပ်ခဲ့မယ်"

လှိုင်ဖုန်းဝေ ဦးညွှတ်လိုက်၏။

"ကျုပ်ကို သွားခွင့်ပြုပါဦး"

ဟုနှုတ်ဆက်ကာ အိမ်ထဲမှ ထွက်ခွာသွားလေတော့သည်။

* * *



## လှို့ဝှက်ချက်

ထန်ကင်း...

ထန်ကင်းသည် မကောင်းဆိုးဝါးမိစ္ဆာတစ်ကောင်နှင့် ဆုံတွေ့ခဲ့ရကြောင်း ပြောပြသော်လည်း မည်သူကမှ မယုံကြည်ကြချေ။

လှိုင်ဖုန်းဝေတစ်ယောက်သာလျှင် ယုံကြည်လက်ခံပြီး ထိုကိစ္စကို ဖြေရှင်းပေးမည်ဟု အားပေးခဲ့သည်။

ထန်ကင်းမှာ အရက်အလွန်အကျွံသောက်သူတစ်ယောက်ဖြစ်၍ သူ၏စိတ်များ မူမမှန်တော့ပါ။

အရက်မူးနေချိန်၌ လှိုင်ဖုန်းဝေကိုပင် ကောင်းကောင်း မမှတ်မိခဲ့ချေ။

လှိုင်ဖုန်းဝေက ထန်ကင်းအား ကူညီရန် ဆုံးဖြတ်ထားပြီး

ဖြစ်၍ သည်းခံစောင့်ဆိုင်းနေခဲ့ပြီး ထန်ကင်း ပြန်ရောက်လာ၍ မိစ္ဆာအကြောင်း သိလိုက်ရသောအခါ ဖြေရှင်းပေးရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်လေသည်။

နောက်တစ်နေ့ နံနက် လှိုဖုန်းဝေ ရောက်သွားသောအခါ ထန်ကင်းက အသင့်စောင့်ကြိုနေ၏။

အရက်များစွာ မူးယစ်နေခြင်းမျိုး မရှိတော့ပါ။

ထို့ကြောင့်လည်း လှိုဖုန်းဝေကို ကောင်းစွာ မှတ်မိကာ ရိုရို သေသေ ဆက်ဆံလေတော့သည်။

"သခင်လေးကိုး၊ ကျုပ်က အရက်မူးပြီး မလေးမစား ပြောဆိုမိခဲ့တာရှိယင် ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်ဗျာ"

လှိုဖုန်းဝေက...

"ကိစ္စမရှိပါဘူးဗျာ၊ ကျုပ်က ခရီးထွက်လာယင်း သည်ရွာကို ရောက်တော့ ခင်ဗျားက သည်ရွာမှာ နေတယ်ဆိုတာ သိရလို့ တွေ့ချင်လို့ စောင့်နေတာပါ၊ ကဲ.. ကျုပ်တို့ သွားကြပါစို့လား"

"ကောင်းပါပြီဗျာ"

ထို့နောက် နှစ်ယောက်သား ရွာထဲမှ ထွက်လာခဲ့ကြလေသည်။

ထန်ကင်းက လမ်းပြခေါ်ဆောင်သွားလေသည်။

လှိုဖုန်းဝေလည်း လိုက်သွားယင်း သစ်ပင်ချုံနွယ်များ ဖုံးလွှမ်းနေသည့် တောအုပ်တစ်ခုသို့ ရောက်ရှိသွားလေသည်။

ထန်ကင်းသည် မိစ္ဆာကောင်နှင့် တွေ့ခဲ့ရသည့် အဆောက်



အဦးကြီးအား ကျိန်းသေ သူရှာဖွေ တွေ့ရှိရမည်ဟု ယုံကြည်ထားလေသည်။

အကြောင်းကား သူ မိုးခိုခဲ့သည့် သစ်ပင်ကြီးအား သူ ကောင်းစွာ မှတ်မိထားသည် မဟုတ်ပါလား။

ထန်ကင်းသည် အရက်မူးနေသော်လည်း ဤနေရာ၌ မှတ်ဉာဏ်ကောင်းနေပါတော့သည်။

နှစ်ယောက်သား တောထဲတို့သွားခဲ့ရာ နေဝန်းနီမှာ ကောင်းကင်ပေါ် တစ်စထက်တစ်စ မြင့်တက်လာတော့သည်။

အရပ်လေးမျက်နှာ ဘယ်ဝယ်ဘယ်ဆီကြည့်ကြည့် သစ်ပင်ချုံနွယ်များ ဖုံးလွှမ်းထားလေသည်။

လှိုဖုန်းဝေက...

"ခင်ဗျားပြောတဲ့ အပင်ကြီးကို မတွေ့သေးဘူးလားဗျ"

ဟုမေးလိုက်လေသည်။

ထန်ကင်းက ခါး၌ ချိတ်ထားသော အရက်ဗူးကို ဖြုတ်ယူကာ မော့ချလိုက်သည်။

တငုံသောက်လိုက်ပြီး မျက်နှာကြီး ပြုံးဖြီးဖြီးဖြင့်...

"ကျုပ်အရက် မမူးသေးပါဘူးဗျာ၊ ဟိုမှာ ကြည့်လိုက်စမ်းပါ"

မလှမ်းမကမ်း၌ရှိ သစ်ကိုင်းသစ်ခက်များ ဝေဝေဆာဆာ ရှိနေသော သစ်ပင်ကြီးတစ်ပင်ကို ညွှန်ပြလိုက်၏။

ထိုသစ်ပင်ကြီးမှာ အခြားသော သစ်ပင်များနှင့် မတူဘဲ

ထူးထူးခြားခြား ကြီးမားပြီး ထီးထီးရှိနေ၏။

ထန်ကင်းက...

"သစ်ပင်ကြီးရဲ့ ဟိုဘက်မှာ.."

ညွှန်ပြယင်း သူ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

အကြောင်းကား သစ်ပင်ချုံနွယ်များကြား၌ အဆောက်အဦးကြီးတစ်ခု ရှိနေသည်ကို တွေ့လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

လှိုဖုန်းဝေလည်း တွေ့မြင်သွားလေသည်။

"ခင်ဗျားပြောတာ မှန်နေတာပဲ"

"ကျုပ်..ကျုပ်"

ထန်ကင်းသည် သူ၏စကား မှန်ကန်ကြောင်း သက်သေပြနိုင်ပြီ ဖြစ်သော်လည်း ဂုဏ်ယူဝင့်ကြွား မနေနိုင်ပါချေ။

မကောင်းဆိုးဝါးမိစ္ဆာကောင်ကို မျက်လုံးထဲ မြင်ယောင်ကာ ကြောက်လန့်လာလေတော့သည်။

"ကျုပ်..ကျုပ်တို့ ပြန်ကြပါစို့ဗျာ"

လှိုဖုန်းဝေ ပြုံးလိုက်သည်။

"သည်နေရာကို ရောက်လာပြီးမှ လှည့်ပြန်သွားမှာလားဗျာ၊ မိစ္ဆာကောင်ကို ဖော်ထုတ်ဖမ်းဆီးလိုက်ကြတာပေါ့"

"ဟာ...ကျုပ် မလိုက်ရဲဘူး ကြောက်တယ်ဗျ"

ကြောက်ရွံ့ထိတ်လန့်နေသူတစ်ယောက်သည် အဖော်ရမည် မဟုတ်ဘဲ အနှောင့်အယှက်ပင် ဖြစ်နေဦးမည် ဖြစ်ရကား...

"ကောင်းပြီလေ၊ ခင်ဗျား မလိုက်ချင်ဘူးဆိုယင်လည်း ပြန်



သွားပါ။ ရွာက လူတွေကို ခေါ်ပြီး ပြန်လာခဲ့ပါ၊ ကျုပ်က မိစ္ဆာကောင်ကို ဖမ်းထားလိုက်ပါ့မယ်ဗျာ"

ဟုခွင့်ပြု လိုက်လေသည်။

ထန်ကင်း ဝမ်းသာသွားလေသည်။

"စိတ်ချ၊ ကျုပ်ပြန်လာခဲ့မယ်"

စကားဆုံးလျှင် ချာခနဲလှည့်ကာ ပြေးထွက်သွားလေတော့သည်။

* * *

လေဝှေ့ယမ်းတိုက်ခတ်လာလျှင် သစ်ပင်ချုံနွယ်များ တရှဲရှဲမြည်ကာ လှုပ်ယမ်းသွားလေသည်။

လူသူကင်းမဲ့လှသည့် နက်ရှိုင်းလှသော တောအုပ်ကြီးအတွင်း၌ တွေ့ရှိရသော အဆောက်အဦးပျက်ကြီးမှာ တစ်မျိုး ထိတ်လန့်စရာ ကောင်းနေတော့သည်။

လှိုဖုန်းဝေက သတိထားပြီး ချဉ်းကပ်သွားလိုက်လေသည်။

အဆောက်အဦးကြီးနှင့် တစ်စထက်တစ်စ နီးကပ်သွားလေသည်။

ထိုစဉ်...

အဆောက်အဦးအတွင်းမှ လှုပ်ရှားမှုအချို့ကို တွေ့မြင်လိုက်ရလေသည်။

လူရိုင်းတစ်ခု ဖြစ်သည်။

လှိုဖုန်းဝေ ပြုံးလိုက်သည်။

"မကောင်းဆိုးဝါးမိစ္ဆာတစ်ကောင်ထက် လူတစ်ယောက် ပို ဖြစ်နိုင်တယ်"

သူ၏ခန္ဓာကိုယ် တစ်ချက် လှုပ်ရှားလိုက်သည်နှင့် တံခါးကျိုးပဲ့ ပျက်စီးနေသည့် ပြတင်းပေါက်တစ်ခုမှတစ်ဆင့် အဆောက်အဦးကြီးအတွင်းသို့ ရောက်ရှိသွားလေတော့သည်။

"ဟူး"

လှိုဖုန်းဝေသည် ခန်းမကျယ်ကြီးတစ်ခုအတွင်းသို့ ရောက်ရှိသွားခြင်း ဖြစ်လေသည်။

ထိုခန်းမကျယ်ကြီး အရှေ့ဘက်နံရံ၌ ပန်းချီကားကြီးတစ်ချပ် ချိတ်ထားပြီး ပန်းချီကားအောက်ဘက်၌ အခေါင်းစင် ပြင်ထားသည်ကို တွေ့ရလေသည်။

သပြေသီးမှည့်ရောင် ခေါင်းတလားကြီးမှာ အသည်းယားစရာ ကောင်းလှသည်။

ကျိုးပဲ့နေသော စားပွဲ ထိုင်ခုံများ၊ ပင့်ကူပိုးမျှင်အိမ်များ၊ ဖုန်များ၊ သဲများနှင့် အမှိုက်သရိုက်များကလည်း ခန်းမကျယ်ကြီးအတွင်း၌ နေရာယူထားလေသည်။

လှိုဖုန်းဝေက…

"သည်အိမ်ထဲမှာ မိစ္ဆာကောင် ရှိနေတယ်ဆိုယင်တော့ လွယ်ပါတယ်၊ မီးရှို့ပစ်ပြီး နှိမ်နင်းပစ်ရမှာပေါ့လေ"



အသံမြှင့်ကာ ပြောလိုက်လေသည်။

ဤအဆောက်အဦးကြီးအား မီးရှို့ပစ်လိုက်မည်ဆိုလျှင် မည်သူမျှ ခိုအောင်းနေနိုင်ကြတော့မည် မဟုတ်ချေ။

ဤအဆောက်အဦးကြီး၌ နေထိုင်သူ ရှိပါက မီးရှို့ဖျက်ဆီးပစ်မည်ဆိုသည်ကို မည်သူကမှ လက်ခံမည် မဟုတ်ပါချေ။

လှိုဖုန်းဝေ၏စကားအဆုံးတွင်…

"ဝုန်း"

အခေါင်းအဖုံး ဝုန်းခနဲ ပွင့်သွားကာ အခေါင်းထဲမှ အလောင်းကောင်ကြီးက ခုန်ထွက်လာလေတော့သည်။

* * *

လေထဲ၌ မကောင်းသော အနံ့အသက်များ လွင့်ပျံ့လာသည် ထင်ရလေသည်။

လှိုဖုန်းဝေ ပြုံးလိုက်သည်။

လက်နှစ်ဘက်ရှေ့သို့ ဆန့်တန်းကာ ခြေအစုံပူး၍ ခုန်ဆွခုန်ဆွဖြင့် ရှေ့တိုးလာနေသည့် မိစ္ဆာကောင်ကို ကြည့်ပြီး…

"ခင်ဗျားမီးရှို့ခံချင်လို့လား"

ဟုငေါက်လိုက်လေသည်။

မိစ္ဆာကောင်က ရှေ့တိုးလာဆဲ။

"ကောင်းပြီ၊ ခင်ဗျားကို ဆုံးမပြမယ်"

လှိုဖုန်းဝေ ရှေ့တိုးလိုက်လေသည်။

ထိုစဉ်…

"ဝှစ်..ဝှစ်..ဝှစ်"

မိစ္ဆာကောင်၏အင်္ကျီလက်အိုးကြားမှ လက်နက်ပုန်းလေးများ ပစ်လွှင့်လာလေတော့သည်။

"ဟား..ဟား..ဟား"

လှိုဖုန်းဝေ သဘောကျစွာ ရယ်မောလိုက်လေသည်။

သူကလည်း အင်္ကျီလက်ကို ဝှေ့ယမ်းကာ ပစ်လွှင့်လာသော လက်နက်ပုန်းလေးများကို ဖမ်းယူထားလိုက်၏။

လက်နက်ပုန်းကလေးများမှာ သံကြာဇွေလက်နက်ပုန်းလေးများ ဖြစ်လေသည်။

လှိုဖုန်းဝေ မျက်မှောင်ကုပ်သွားလေသည်။



သူ့အား လက်နက်ပုန်းပညာ သင်ကြားပေးခဲ့သည့် တောက်ခုံးရသေ့၏ အမှာစကားများကို ပြန်လည်ကြားယောင်လာလေသည်။

"ရှောင်လင်ကျောင်းရဲ့ လက်နက်ပုန်းတွေထဲမှာ သံကြာဇွေလက်နက်ပုန်းလည်း တစ်ခု အပါအဝင် ဖြစ်တယ်၊ အင်မတန် အစွမ်းထက်တဲ့ လက်နက်ပုန်းပဲ၊ အဓိကကျတဲ့ သွေးကြောတွေကို ဦးတည်တိုက်ခိုက်တဲ့ နေရာမှာ အသုံးပြုတယ်၊ သိုင်းလောကထဲ ဆင်းသွားလို့ သံကြာဇွေလက်နက်ပုန်း အသုံးပြုတဲ့ လူတစ်ယောက်ယောက်ကို တွေ့ခဲ့ယင် 'နတ္တိဘုန်းကြီး'အကြောင်း မေးကြည့်ပါ"

လှိုဖုန်းဝေက မိစ္ဆာကောင်ကို စိုက်ကြည့်ယင်း…

"ခင်ဗျားဟာ ရှောင်လင်ကျောင်းက နတ္တိဘုန်းကြီးနဲ့ ဘယ်လိုပတ်သက်နေသလဲ"

ဟုမေးလိုက်လေသည်။

မိစ္ဆာကောင် လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ချက်ခြင်းပင် လှိုဖုန်းဝေထံသို့ ခုန်ဝင်လာကာ တရကြမ်းတိုက်ခိုက်လိုက်လေသည်။

သူ၏လက်နှစ်ဘက်၌ လက်သည်းရှည်ကြီးများ ရှိနေသည်။

ထိုလက်သည်းရှည်ကြီးများအား လက်နက်သဖွယ် အသုံးပြုကာ တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

လက်သည်းရှည်ကြီးများဖြင့် တစ်ချက် ကုပ်ဆွဲ တိုက်ခိုက်ခံလိုက်ရမည်ဆိုလျှင် သက်သာမည် မဟုတ်ပါချေ။

"ခင်ဗျားဟာ ရှောင်လင်ကျောင်းမှာ သိုင်းပညာ သင်ကြားခဲ့တယ် ဟုတ်လား"

မိစ္ဆာကောင်က ဘာမှ မပြောဘဲ ဆက်၍ တိုက်ခိုက်နေသည်။

လျှိုဖုန်းဝေက ခန္ဓာကိုယ်ယိမ်းနွဲ့ကာ ပေါ့ပါးသွက်လက်စွာ ရှောင်တိမ်းယင်း လက်ဝါးဖြင့် ဖျပ်ခနဲ ရိုက်ချလိုက်လေသည်။

"ဝုန်း"

မိစ္ဆာကောင်၏ ကျောပြင်ကို လက်ဝါးဖြင့် ရိုက်ချမိလိုက်ခြင်း ဖြစ်လေသည်။

မိစ္ဆာကောင်သည် ဆတ်ခနဲ တုန်ခါသွားသည်မှ လွဲပြီး ဘာမှ ဖြစ်မသွားချေ။

လျှိုဖုန်းဝေအား ဆက်လက်တိုက်ခိုက်လိုက်လေသည်။

လျှိုဖုန်းဝေ အံ့ဩစိတ်ဖြင့် တစ်ချက်ကလေး နှေးကွေးသွားသည်ဖြစ်ရာ မိစ္ဆာကောင်၏ခြေထောက်ကန်ချက် ထိသွားလေတော့သည်။

"ဝုန်း"

လျှိုဖုန်းဝေ အဝေးသို့ လွင့်စဉ်သွားတော့သည်။

မိစ္ဆာကောင်သည် လျှပ်တပြက် ခုန်ဝင်လာပြီး လျှိုဖုန်းဝေအား ဆက်လက်တိုက်ခိုက်လိုက်လေသည်။

မကောင်းဆိုးဝါးမိစ္ဆာကောင်တစ်ကောင် အသွင်မျိုးထက် သိုင်းသမားတစ်ယောက်၏ သိုင်းကွက်ဆင်ကာ တိုက်ခိုက်ပုံမျိုး ဖြစ်



လေသည်။

လျှိုဖုန်းဝေ မပေါ့ဆဝံ့တော့ပါ။

"မိစ္ဆာကောင်ကို ထန်ကင်းက ဓားနဲ့ ခုတ်ခဲ့တာတောင် ဘာမှ မဖြစ်ဘူး ပြောတယ်၊ အခု ငါ လက်ဝါးရိုက်ချက်ကိုလည်း သူက မမှုဘူး၊ သူ့ရဲ့ခန္ဓာကိုယ်မှာ ဓားလှံလက်နက် တိုးမပေါက်တဲ့ အကာအကွယ်တစ်ခုခု ရှိနေလို့ပဲ ဖြစ်မယ်"

ဟုတွေးပြီး ခါးမှ ဓားကျိုးကို ဆွဲထုတ်ဝှေ့ယမ်းလိုက်လေသည်။

"ဝှစ်"

ရူးရှသော လေတိုးသံများနှင့်အတူ ဝင်းလက်တောက်ပသော ဓားရောင်များ ထွက်ပေါ်လာလေသည်။

ဓားရိပ်များသည် မိစ္ဆာကောင်၏တစ်ကိုယ်လုံး လွှမ်းခြုံထားလိုက်လေသည်။

မရှေးမနှောင်းမှာပင်...

"အား"

ရူးရှသော အော်ဟစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

* * *

တိုက်ပွဲ ပြီးဆုံးသွားပြီ ဖြစ်သည်။

မိစ္ဆာကောင် ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားလေသည်။

သူ၏ဝဲယာ ပခုံးနှစ်ဘက်၌ အင်္ကျီများစုတ်ပြဲကာ နီရဲသော သွေးများ စီးကျနေသည်။

မိစ္ဆာကောင်သည် တကယ့် မကောင်းဆိုးဝါးတစ်ကောင် မဟုတ်ဘဲ လူတစ်ယောက် ဖြစ်ကြောင်း ထင်ရှားပေါ်လွင်လာလေသည်။

လှိုင်ဖုန်းဝေ ပြုံးလိုက်သည်။

"ခင်ဗျား ခုတော့ ဟန်မဆောင်နိုင်တော့ဘူး မဟုတ်လား၊ ခင်ဗျားဟာ ရောင်လင်ကျောင်းက နတ္တိဘုန်းကြီးဆီမှာ ပညာသင်ကြားခဲ့တဲ့ တပည့်တစ်ယောက်ပဲ ဖြစ်ရမယ်၊ ရောင်လင်ကျောင်းက ဓားလှံ တိုးမပေါက်တဲ့ သံမဏိအင်္ကျီကို ခိုးယူပြီး ထွက်ပြေးလာခဲ့တာ မဟုတ်လား"

မိစ္ဆာကောင်သည် လှိုင်ဖုန်းဝေအား မျက်လုံးပြူးကာ ကြည့်နေသည်။



လှိုင်ဖုန်းဝေက...

"ခင်ဗျားငြင်းဦးမလားဗျာ"

မိစ္ဆာကောင်က...

"မင်း ဘယ်သူလဲ ဘာကြောင့် ငါ့အကြောင်းကို သိနေရတာလဲ"

လှိုင်ဖုန်းဝေ ပြုံးလိုက်သည်။

"ကျုပ်က ခင်ဗျားကို ဖမ်းဆီးပြီး ရောင်လင်ကျောင်းကို ပို့မယ့်လူဆိုတော့ ခင်ဗျားအကြောင်းကို သိနေတာပေါ့ဗျာ"

မိစ္ဆာကောင်မှာ နတ္တိဘုန်းတော်ကြီး၏တပည့် မူကျို ဖြစ်သည်။

မူကျိုသည် နတ္တိဘုန်းတော်ကြီးထံ၌ ပညာသင်ကြားခဲ့ပြီး ဓားလှံတိုးမပေါက်သည့် သံမဏိအင်္ကျီကို ခိုးယူကာ ထွက်ပြေးလာပြီး သိုင်းလောက၌ ဆိုးသွမ်းသောင်းကျန်းခဲ့လေသည်။

ဤနေရာ၌ ခိုအောင်းနေပြီး သုံးလတစ်ကြိမ် လေးလတစ်ကြိမ် သိုင်းလောကသို့ ထွက်ကာ ဓားပြတိုက်သည်။

ထို့နောက် ဤနေရာသို့ ပြန်လာနေသည်။

အနီးပတ်ဝန်းကျင်ကျေးရွာမှ လူများ မလာဝံ့အောင် မကောင်းဆိုးဝါးဟန်ဆောင်ကာ ခြောက်လှန့်ခဲ့လေသည်။

မူကျိုသည် လှိုင်ဖုန်းဝေနှင့် တွေ့မှ အရှုံးပေးလိုက်ရတော့သည်။

"မင်းရဲ့ဓားက အတော့်ကို အစွမ်းထက်တာပဲ"

မချင့်မရဲ ပြောလေသည်။

လှိုဖုန်းဝေက...

"လေးကျွန်းစကြာဓားပေါ့ဗျာ၊ ဘယ်လိုအရာမျိုးကိုမဆို ထက်ပိုင်းပြတ်အောင် ခုတ်နိုင်စွမ်း ရှိတာပေါ့၊ ကဲ ခင်ဗျား အေးအေး ဆေးဆေး အဖမ်းခံလိုက်ယင် ကောင်းမယ်"

မူကျို ခေါင်းငိုက်စိုက်ချထားလိုက်လေသည်။

ထိုအချိန်မှာပင် ထန်ကင်းနှင့် ရွာသားများ စုရုံးရောက်ရှိလာကြလေတော့သည်။

* * *



## မပြီးဆုံးသေးသော တာဝန်

လှိုဖုန်းဝေသည် သိမ်းဇုက်ဂိုဏ်းသို့ သွားယင်း လမ်းခရီး၌ ထန်ကင်း၏ရွာသို့ ဝင်ရောက်လည်ပတ်ယင်း မိစ္ဆာကောင်အဖြစ် ဟန်ဆောင်ကာ ရွာသူရွာသားများအား ခြောက်လှန့်နေသည့် မူကျို၏ အကြောင်းကို ဖော်ထုတ်နိုင်ခဲ့လေသည်။

မူကျိုအား ဆုံးမပြီး လုယက်တိုက်ခိုက်စုဆောင်းထားသော ရွှေငွေရတနာများအား မရှိမွဲပါးသူများကို ခွဲဝေပေးလိုက်လေသည်။

လှိုဖုန်းဝေသည် မကောင်းဆိုးဝါးမိစ္ဆာကောင် ပြဿနာကို ဖြေရှင်းပြီး ရှေ့ခရီး ဆက်လာခဲ့ရာ စည်ကားသိုက်မြိုက်နေသော မြို့တစ်မြို့သို့ ရောက်ရှိလာခဲ့လေတော့သည်။

လမ်းပေါ်၌ အရောင်စုံလင်စွာ ဝတ်ဆင်ထားကြသူများ ဥဒဟို သွားလာနေကြလေသည်။

လှိုုဖုန်းဝေ ပြုံးလိုက်သည်။

"သည်လို စည်ကားသိုက်မြိုက်တဲ့ နေရာတွေမှာ သိုင်းလောက ပြဿနာတွေ ရှိတတ်ကြတာပဲ"

တွေးတောယင်း မင်းလမ်းမကြီးအတိုင်း လျှောက်လာခဲ့ရာ တစ်နေရာသို့ အရောက်တွင်...

"အစ်ကိုလေး"

ဝမ်းသာအားရ ခေါ်သံနှင့်အတူ လူသုံးယောက် ပြေးလာကြသည်ကို တွေ့လိုက်ရလေသည်။

ထိုလူသုံးယောက်ကား ထန်ပြောင်၊ ရောင်မိန်နှင့် ရောင်ရှမ်းတို့ ဖြစ်လေသည်။

လှိုုဖုန်းဝေလည်း ဝမ်းသာသွားလေသည်။

"ခင်ဗျားတို့ကိုး"

"အစ်ကိုလေး၊ ကျုပ်တို့က အစ်ကိုလေးနောက်ကို လိုက်လာကြတာဗျ"

"ကောင်းတယ်..ကောင်းတယ်၊ ခင်ဗျားတို့အတွက် အလုပ်တွေက အဆင်သင့် စောင့်နေတယ်၊ ကဲ.. အေးအေးဆေးဆေး စားသောက်ယင်း ပြောဆိုကြတာပေါ့"

ထို့နောက် အနီးဆုံး စားသောက်ဆိုင်တစ်ဆိုင်ထဲသို့ လေးယောက်သား ဝင်သွားပြီး စားစရာများ မှာကြားစားသောက်လိုက်ကြလေသည်။



ထန်ပြောင်က ပင့်ကူနက်ဂိုဏ်းမှ ပစ္စည်းများအား ဆင်းရဲနွမ်းပါးသူများ အတိဒုက္ခရောက်နေသူများအား ဝေငှပေးကမ်းကာ ကူညီခဲ့ပုံများကို ရှင်းပြသည်။

ထန်ပြောင်တို့သုံးယောက်၏ လုပ်ရပ်ကို လှိုုဖုန်းဝေ သဘောကျသွားလေသည်။

"ကောင်းတယ်၊ ကျုပ်က မိစ္ဆာကောင်လို ဟန်ဆောင်ပြီး ဆိုးသွမ်းသောင်းကျန်းနေတဲ့ တစ်ကိုယ်တော်ဓားပြ မူကျိရဲ့ ပစ္စည်းတွေကို အတိဒုက္ခရောက်နေတဲ့ လူတွေကို ဆက်ပြီး ကူညီသွားနိုင်အောင် ကြိုးစားလိုက်ကြပါဦးဗျာ"

ထန်ပြောင်က...

"အစ်ကိုလေး ဘာမှ မပူပါနဲ့ဗျာ၊ စီချွမ်းနယ်မှာ မိုးခေါင်ရေရှား ဖြစ်ပြီး အတိဒုက္ခရောက်နေတဲ့ လူတွေ အတော်များပါတယ်၊ သည်လူတွေကို အကူအညီတွေ ပေးသွားနိုင်တာပေါ့"

လှိုုဖုန်းဝေက...

"ခင်ဗျားတို့ပဲ ကောင်းမယ် ထင်သလို ဆက်လုပ်ကြပါဗျာ၊ ကျုပ်ကတော့ သိမ်းငှက်ဂိုဏ်း အကြောင်းကို စုံစမ်းလိုက်ဦးမယ်"

ရောင်ရှမ်းက ဝင်ပြောလေသည်။

"လမ်းခရီးတစ်လျှောက်မှာ သိမ်းငှက်ဂိုဏ်းခုတဲ့ အမည်ကို မကြားချင် အဆုံးပါပဲ၊ သူတို့ဟာ ဂိုဏ်းခွဲတွေကို တိုင်းပြည်တစ်ဝှမ်းမှာ တိုးချဲ့ဖွင့်လှစ်နေပြီး အတော့်ကို ကြီးကြီးကျယ်ကျယ် ဖြစ်နေပါပြီ"

ရှောင်မိန်က...

"အစ်ကိုလေး၊ သိမ်းငှက်ဂိုဏ်းနဲ့ ရင်ဆိုင်မယ်ဆိုယင်တော့ အထူးသတိထားမှ ဖြစ်မယ် ထင်တယ်"

ဟုစိုးရိမ်မကင်း ပြောလေသည်။

လျှိုဖုန်းဝေ ပြုံးလိုက်သည်။

"ကျုပ်က မကောင်းသူပယ် ကောင်းသူကယ် သိုင်းလောကအကျိုး အများအကျိုး သည်ပိုးဆောင်ရွက်ဖို့ သိုင်းလောကထဲ ဆင်းလာခဲ့တာပါ၊ သိုင်းလောကကို တကယ်တမ်း ဒုက္ခပေးနေတဲ့ လူတွေကို ဆုံးမနှိမ်နင်းရမယ်ဆိုယင် သိပ်ကို ကျေနပ်စရာကောင်းတာပေါ့ဗျာ"

မကြောက်မရွံ့ ပြောလိုက်လေသည်။

သာမန်ပမွှား လူဆိုးဓားပြလေးများ၊ သိုင်းသမားဆိုးများအား ဆုံးမနေရသည်ထက် သိုင်းလောကတစ်ခုလုံးအား ခြိမ်းခြောက်နေသည့် တကယ့် အန္တရာယ်ကြီးမားသူများကို ဆုံးမနိုင်မှ တာဝန်ကျေမည် မဟုတ်ပါလား။

ထန်ပြောင်ကို ပြောလိုက်သည်။

"မူကျိုရဲ့ပစ္စည်းတွေကို ထန်ကာင်းက တာဝန်ယူ သိမ်းဆည်းထားတယ်၊ ခင်ဗျားတို့ သွားယူလိုက်ပါ၊ ထန်ကင်းတို့ ရွာအတွက် တစ်ဝက်အသုံးပြုပါ၊ ကျန်တဲ့တစ်ဝက်ကို စီချွမ်းနယ်က လူတွေအတွက် အသုံးပြုပါ"

"ကောင်းပါပြီ အစ်ကိုလေး"



သိုင်းလောကအကျိုး၊ အများအကျိုး မည်သို့ ဆက်လက်လုပ်ကိုင် ဆောင်ရွက်ရမည်ကို ဆက်လက်တိုင်ပင် ဆွေးနွေးကြပြီး နေမွန်းတည့်ချိန်ရောက်မှ လမ်းခွဲလိုက်ကြလေတော့သည်။

* * *

## ဒုဂိုဏ်းချုပ်

"ခွပ်ခွပ်..ခွပ်ခွပ်"

"ခွပ်ခွပ်..ခွပ်ခွပ်"

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

မြင်းစီးသမားတစ်စုသည် နန်းတော်ကြီးအလား ခမ်းနားထည့်ဝါလှသော အဆောက်အဦးကြီးရှေ့သို့ ရောက်ရှိလာကြလေသည်။

ထိုအဆောက်အဦးကြီးကား သိုင်းလောက၌ တနေ့တခြားကျော်ကြားလာနေသော သိမ်းငှက်ဂိုဏ်းဌာနချုပ် အဆောက်အဦးကြီး ဖြစ်လေသည်။

မြင်းစီးသမားများသည် အနယ်နယ်အရပ်ရပ်ရှိ သိမ်းငှက်



ဂိုဏ်းခွဲများ၏ အခြေအနေကို သွားရောက်ကြည့်ရှုပြီး ပြန်လာခဲ့သည့် 'ဂိုဏ်းခွဲမှူး' ဦးဆောင်သော လူစု ဖြစ်လေသည်။

အဆောက်အဦးကြီးရှေ့သို့ ရောက်လျှင် ဂိုဏ်းခွဲမှူးကြီးက မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်လေသည်။

အစောင့်အကြပ်များက ဦးညွှတ်အရိုအသေပြုကာ ခရီးဦးကြိုပြုလိုက်ကြလေသည်။

ဂိုဏ်းခွဲမှူးက...

"ဒုဂိုဏ်းချုပ် ရှိတယ် မဟုတ်လား"

"ဟုတ်ကဲ့ ဧည့်ခန်းဆောင်ထဲမှာ ရှိပါတယ်"

"ကောင်းပြီ"

ဂိုဏ်းခွဲမှူးက ဧည့်ခန်းမဆောင်ကြီးသို့ ဦးတည်သွားလိုက်လေသည်။

ခန်းမဆောင်ကြီးသို့ သွားရာ စင်္ကြံလမ်းတစ်လျှောက်၌ အစောင့်အကြပ်များ စီတန်းစောင့်ကြပ်နေကြလေသည်။

ဂိုဏ်းခွဲမှူး ရောက်လာလျှင် အားလုံး ဦးညွှတ်ဂါရဝပြုလိုက်ကြလေသည်။

ဧည့်ခန်းမဆောင်ကြီးထဲသို့ ဂိုဏ်းခွဲမှူး ရောက်ရှိသွားသော အခါ ဒုဂိုဏ်းချုပ်က အသင့်စောင့်ကြိုနေသည်ကို တွေ့လိုက်ရလေသည်။

"ဒုဂိုဏ်းချုပ်ကို ဂါရဝပြုပါတယ်ဗျာ"

ဂိုဏ်းခွဲမှူးက ဂါရဝပြုလိုက်လေသည်။

ဒုဂိုဏ်းချုပ်က...

"ဘယ်လိုလဲဗျ၊ သိမ်းငှက်ဂိုဏ်းက ဌာနခွဲ အသစ်တွေ ဖွင့်လှစ်တဲ့ကိစ္စ အဆင်ပြေရဲ့လား"

ဟုမေးလေသည်။

ဂိုဏ်းခွဲမှူးက...

"အဆင်ပြေပါတယ် ဒုဂိုဏ်းချုပ်၊ အနှောင့်အယှက် နည်းနည်းပါးပါး ရှိတာကလွဲလျှင် အားလုံး ကောင်းပါတယ် ခင်ဗျာ"

ဒုဂိုဏ်းချုပ် ကျေနပ်သွားလေသည်။

"ကောင်းတယ်၊ နောက်ထပ် ဂိုဏ်းခွဲတစ်ရာကျော် တိုးချဲ့ဖွင့်လှစ်ဖို့ ကျုပ်တို့ စီစဉ်ထားတယ်၊ အနယ်နယ် အရပ်ရပ်မှာ ဂိုဏ်းခွဲတွေ ဖွင့်မယ်၊ အင်အားဖြည့်တင်းထားမယ်ဆိုယင် သိမ်းငှက်ဂိုဏ်းရဲ့ သြဇာဟာ အရပ်လေးမျက်နှာမှာ ပြန့်နှံ့နေပြီး နောက်ဆုံး သိုင်းလောကကို သြဇာလွှမ်းမိုးနိုင်မှာပဲ မဟုတ်လား"

ရှောင်လင်၊ ဝူတန်း စသည့် သိုင်းဂိုဏ်းကြီးများသည် အနယ်နယ် အရပ်ရပ်တွင် ဂိုဏ်းခွဲများ ဖွင့်လှစ်ထားရှိကြလေသည်။

ထိုသို့ ဂိုဏ်းခွဲများ ဖွင့်လှစ်ထားပြီး အများအကျိုး၊ သိုင်းလောကအကျိုး ဆောင်ရွက်ကြသည်။

မကောင်းသူပယ် ကောင်းသူကယ်ကြသည်။

လူဆိုးဓားပြများ၊ သိုင်းသမားဆိုးများကို နှိမ်နင်းကြသည်။

ဥပဒေဘက်တော်သားများနှင့် လက်တွဲကာ ရပ်ရွာအေးချမ်း တည်ငြိမ်ရေး ဆောင်ရွက်ကြသည်။



ဤသို့ဖြင့်...

အများက ကြည်ညိုလေးစားပြီး လျှမ်းလျှမ်းတောက် ထင်ရှားလာသည်။

သြဇာတိက္ကမ ကြီးမားလာလေသည်။

သိမ်းငှက်ဂိုဏ်းသည် ရှောင်လင်၊ ဝူတန်း ဂိုဏ်းများကို အတုယူကာ သိုင်းလောက၌ သြဇာထူထောင်ရန် ကြိုးစားနေခြင်း ဖြစ်သည်။

သို့သော်...

တကယ့် ရည်ရွယ်ချက်ခြင်းကား ကွာခြားနေ၏။

သိမ်းငှက်ဂိုဏ်းက သိုင်းလောကတစ်ခုလုံးအား လက်ဝါးကြီးအုပ်ရန် ကြိုးစားနေခြင်း ဖြစ်ပါတော့သည်။

ဒုဂိုဏ်းချုပ်က...

"ကျုပ်တို့ ဆောင်ရွက်နေတဲ့ကိစ္စဟာ သိုင်းပြည်နဲ့ အဝှမ်းကျယ်ပြန့်နေတာကြောင့် အနှောင့်အယှက် အတားအဆီးဆိုတာမျိုးတွေ ကြုံတွေ့ရမှာပါ၊ ဒါတွေကို အချိန်ယူ ဖြေရှင်းသွားလို့ ရပါတယ်၊ တခြားဘာများ ပြောစရာ ရှိသေးသလဲ"

ဂိုဏ်းခွဲမှူး၏မျက်နှာ တည်ကြည်လေးနက်သွား၏။

"သိုင်းလောကမှာ 'လေးကျွန်းစကြာရှင်'ဆိုတဲ့ သိုင်းသမားတစ်ယောက် ထွက်ပေါ်လာပါတယ်၊ သူဟာ မကောင်းသူပယ် ကောင်းသူကယ် အဖြူရောင်သိုင်းသမားတစ်ယောက်အဖြစ် လူပ်ရှားလာပါတယ်"

ဒုဂိုဏ်းချုပ် မျက်မှောင်ကုပ်သွားလေသည်။

"လေးကျွန်းစကြာရှင် ဟုတ်လား"

"ဟုတ်ပါတယ်၊ သူဟာ မိစ္ဆာကောင်မှုကျိုနဲ့ ပင့်ကူနက်ဂိုဏ်းကို ချေမှုန်းပြီး တဖြည်းဖြည်း အမည်ရလာပါတယ်"

ဒုဂိုဏ်းချုပ်သည် ဂိုဏ်းခွဲမှူး၏စကားကို သေသေချာချာ စဉ်းစားလိုက်လေသည်။

ပြီးလျှင်...

"ဂိုဏ်းခွဲမှူးက သူ့အကြောင်း ပြောနေတာ ထူးခြားမှု တစ်ခုခု ရှိနေလို့လား"

ဟုမေးလိုက်လေသည်။

ဂိုဏ်းခွဲမှူး ခေါင်းညိတ်လိုက်လေသည်။

"ရှိပါတယ်"

"ကောင်းပြီ ပြောပါ"

"သည်လိုပါ လေးကျွန်းစကြာရှင်ဟာ သိမ်းငှက်ဂိုဏ်းကို စိတ်ဝင်စားနေတယ်၊ သိမ်းငှက်ဂိုဏ်းအကြောင်း စုံစမ်းနေတယ်လို့ သတင်းရပါတယ်"

"ဩော်"

ဒုဂိုဏ်းချုပ် ပြုံးလိုက်သည်။

"ကျုပ်တို့ သိမ်းငှက်ဂိုဏ်းဟာ တစ်စထက်တစ်စ အင်အား တောင့်တင်းလာတယ်၊ ဂိုဏ်းခွဲများစွာ ဖွင့်ပြီး အရှိန်အဝါ ကြီးမားလာတယ်၊ ဒါကို ဘယ်သူမဆို စိတ်ဝင်စားမိကြမှာပဲ မဟုတ်လား"



ဂိုဏ်းခွဲမှူးက...

"သိုင်းလောကတစ်ခုလုံးက သိမ်းငှက်ဂိုဏ်းကို စိတ်ဝင်စား ကြပါတယ်၊ ဒါပေမယ့် သိုင်းလောကအကျိုး သည်ပိုးဆောင်ရွက်မယ့် ဂိုဏ်းတစ်ခုဆိုပြီး အားလုံး လက်ကမ်းကြိုဆိုကြပါတယ်၊ လေးကျွန်း စကြာရှင်ကတော့ သူများနဲ့ မတူပါဘူး"

"ဘယ်လို မတူတာလဲ ပြောပါဦး"

"သူက သိမ်းငှက်ဂိုဏ်းဟာ သိုင်းလောကကို လက်ဝါးကြီး အုပ်မယ့် ဂိုဏ်းတစ်ခုလို့ သဘောထားနေပုံရပါတယ်"

ဒုဂိုဏ်းချုပ် မကျေမနပ် ဖြစ်သွားလေသည်။

အမှန်တကယ်လည်း သိမ်းငှက်ဂိုဏ်းသည် သိုင်းလောက အား လက်ဝါးကြီးအုပ်မည့် ဂိုဏ်းတစ်ခု ဖြစ်လေသည်။

လေးကျွန်းစကြာရှင်သည် အနှောင့်အယှက်ပေးမည့် သူ တစ်ယောက်ဖြစ်ကြောင်း ဒုဂိုဏ်းချုပ် ခံယူလိုက်တော့သည်။

ဂိုဏ်းခွဲမှူး ဆက်ပြောလိုက်သည်။

"လေးကျွန်းစကြာရှင်ဟာ ဌာနခွဲမှူးကျုံးရီကို တိုက်ခိုက် သွားတယ်လို့ သိရပါတယ်"

"ဘာ.."

ဒုဂိုဏ်းချုပ်၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေ သည်။

လေးကျွန်းစကြာရှင်က သိမ်းငှက်ဂိုဏ်းအား ထိပါးဝံ့သည် ဟု မကျေမနပ် ဖြစ်သွားသည်။

သူတို့အား ဒုက္ခပေးမည့် အန္တရာယ်ကောင်တစ်ယောက်ဟု လည်း ထင်မြင်လာလေသည်။

"ကျုံးရီက သူ့ကို မဆုံးမလိုက်ဘူးလား"

ဟုမေးလိုက်သည်။

ဂိုဏ်းခွဲမှူးက...

"ကျုံးရီက သူ့ကို မယှဉ်နိုင်ဘဲ အရှုံးပေးလိုက်ရပါတယ်"

"တောက်"

ဒုဂိုဏ်းချုပ် တက်ခေါက်လိုက်လေသည်။

သို့သော်...

ဝါရင့်သိုင်းသမားကြီးတစ်ယောက်ပီပီ ဒေါသကို ထိန်းချုပ်ထားလိုက်လေသည်။

ဂိုဏ်းခွဲမှူးကို မေးလိုက်သည်။

"ကျုံးရီ၊ ဘယ်လို ဖြစ်ခဲ့တယ်ဆိုတာ ပြောစမ်းပါဦး"

ဂိုဏ်းခွဲမှူးက...

"ကျုံးရီဟာ ဒုဂိုဏ်းချုပ်ရဲ့ အမိန့်အတိုင်း ရွှေချိုးဖြူဂိုဏ်းကို ချေမှုန်းဖယ်ရှားပြီး သိမ်းငှက်ဂိုဏ်းဌာနခွဲတစ်ခု ဖွင့်လှစ်လိုက်ပါတယ်၊ ဒါကို လေးကျွန်းစကြာရှင်က မတရားလုပ်တယ်ဆိုပြီး ကျုံးရီကို ဆုံးမလိုက်ပါတယ်၊ သိမ်းငှက်ဂိုဏ်းချုပ်နဲ့ တွေ့ပြီး သိုင်းလောကသားအချင်းချင်း သင့်မြတ်အောင် မနေဘဲ ကြီးနိုင်ငယ်ညှင်း လုပ်နေသလို ရှိတာကို ဖြေရှင်းသွားမယ်ဆိုပါတယ်"

"တောက် သည်ကောင်က ဘာမို့လဲ"



ဒုဂိုဏ်းချုပ်က ကြမ်းပြင်ပေါ် ခြေဆောင့်ကာ မေးလိုက်လေသည်။

ဂိုဏ်းခွဲမှူး ခေါင်းငုံ့ထားလိုက်လေသည်။

ဒုဂိုဏ်းချုပ်က...

"သူက သိမ်းငှက်ဂိုဏ်းချုပ်နဲ့ တွေ့မယ် ဟုတ်လား"

"ဟုတ်..ဟုတ်ပါတယ်"

"အဲသည် လေးကျွန်းစကြာရှင်ဆိုတဲ့ကောင်ကို ဂိုဏ်းခွဲမှူးကြီး တွေ့ဖူးသလား"

ဂိုဏ်းခွဲမှူးကြီး ခေါင်းခါယမ်းလိုက်လေသည်။

"မတွေ့ဖူးပါဘူး၊ ကျုံးရီက ပြောပြတာပါ"

သိမ်းငှက်ဂိုဏ်းသည် ဒေသခံ သိုင်းအဖွဲ့များအား နည်းအမျိုးမျိုး အသုံးပြုကာ ဖြိုခွဲပြီး ပိုင်နက်နယ်မြေများကို သိမ်းပိုက်ကာ သိမ်းငှက်ဂိုဏ်း၏သြဇာ ထူထောင်ခဲ့သည်။

သိမ်းငှက်ဂိုဏ်း၏ လုပ်ရပ်များသည် မတရားသော လုပ်ရပ်များ ဖြစ်နေသည်က အမှန်ပင်။

အမှန်တော့...

ဒေသခံ သိုင်းအဖွဲ့များအား အကြောင်းအမျိုးမျိုးဖြင့် အပြစ်ရှာခြင်း၊ နာမည်ပျက်အောင် လုပ်ခြင်းဖြင့် ဂုဏ်သိက္ခာကျဆင်းအောင် ပြုလုပ်ပြီးမှ သိမ်းငှက်ဂိုဏ်းက ကြားဝင်လိုက်ခြင်းဖြင့် နာမည်ကောင်းရကာ အများက ကြည်ကြည်ဖြူဖြူ လက်ခံကြမည် ဖြစ်သည်။

ယခု...

ကျုံးရှိ၏လုပ်ကိုင်ဆောင်ရွက်ပုံ မှားယွင်းနေခြင်းကြောင့် နာမည်ကောင်း မရသည့်အပြင် နာမည်ပျက်စရာ ဖြစ်လာသည်ကို ဒုဂိုဏ်းချုပ် ဆင်ခြင်မိလိုက်လေသည်။

ဒုဂိုဏ်းချုပ်သည် အမျိုးမျိုး တွေးတောစဉ်းစားပြီး သိုင်းလောက စည်းကမ်းအတိုင်း ဖြေရှင်းမည်ဆိုပါက သိမ်းငှက်ဂိုဏ်းဘက်မှ တပန်းရှုံးနေတော့မည် ဖြစ်ကြောင်း နားလည်လိုက်လေသည်။

လေးကျွန်းစကြာရှင်သည် တကယ် ထိပ်တန်းသိုင်းပညာရှင် တစ်ယောက် ဖြစ်နေလျှင် အခက်ကြုံရပေမည်။

ဒုဂိုဏ်းချုပ်သည် အမျိုးမျိုး တွေးတောစဉ်းစားပြီးလျှင်...

"ကောင်းပြီ၊ လေးကျွန်းစကြာရှင် ကိစ္စကို ကျုပ်တာဝန်ယူဖြေရှင်းမယ်၊ ကျုံးရှိကြောင့် သိမ်းငှက်ဂိုဏ်း သိက္ခာကျရတယ်၊ ကျုပ်တို့ ရှေ့ဆက် ဆောင်ရွက်ရမယ့်ကိစ္စတွေမှာ အနှောင့်အယှက်၊ အဟန့်အတား ဖြစ်ရတယ်၊ ဒါကြောင့် သူ့ကို ဂိုဏ်းစည်းကမ်းအတိုင်း အရေးယူလိုက်ပါ"

ဂိုဏ်းခွဲမှူး၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

ဂိုဏ်းစည်းကမ်းအတိုင်း အရေးယူရမည်ဆိုပါလျှင် ကျုံးရှိအား သေဒဏ်အပြစ်ပေးရမည်သာ မဟုတ်ပါလား။

ဒုဂိုဏ်းချုပ်က...

"ကျုံးရှိဦးဆောင်တဲ့ သိမ်းငှက်ဌာနခွဲကိုလည်း ချက်ချင်း



ဖိတ်ပစ်လိုက်ပါ"

ဟုဆက်လက် အမိန့်ပေးလိုက်လေသည်။

လေးကျွန်းစကြာရှင်နှင့် ရင်ဆိုင်ဖြေရှင်းရာ၌ သိမ်းငှက်ဂိုဏ်းဘက်သို့ လက်ညှိုးထိုး စွပ်စွဲစရာ မရှိရလေအောင် ခြေရာဖျောက်လိုက်ခြင်း ဖြစ်ကြောင်း ဂိုဏ်းခွဲမှူး နားလည်လိုက်လေသည်။

"အမိန့်အတိုင်းပါ"

ဂိုဏ်းခွဲမှူးသည် ဒုဂိုဏ်းချုပ် အမိန့်ပေးသည့်အတိုင်း ချက်ချင်းဆောင်ရွက်ရန် ပြေးလွှားသွားလိုက်လေတော့သည်။

* * *

ဂိုဏ်းခွဲမှူး ထွက်သွားပြီ ဖြစ်လေသည်။

"လေးကျွန်းစကြာရှင်"

ဒုဂိုဏ်းချုပ်က တီးတိုးရေရွတ်နေသည်။

ပြတင်းပေါက်အနီးသို့ လှမ်းသွားပြီး အပြင်ဘက်သို့ ငေးမျှော်ကြည့်လိုက်လေသည်။

သိမ်းငှက်ဂိုဏ်းသည် တောင်ကုန်းတစ်ခုပေါ်၌ ထူထောင်ထားခြင်း ဖြစ်သည်။

တောင်ကုန်းပေါ်၌ သိမ်းငှက်ဂိုဏ်းဌာနချုပ် အဆောက်အဦးမှ ကြည့်လျှင် အရပ်လေးမျက်နှာကို အပေါ်စီးမှ တွေ့မြင်နေရလေသည်။

ဒုဂိုဏ်းချုပ်သည် အရာရာကို အထက်စီးရယူလိုသူ ဖြစ်ပါသည်။

အရပ်လေးမျက်နှာကို အထက်စီးမှ ကြည့်ရခြင်းကို သူ အလွန်နှစ်သက်သည်။

အရာရာအားလုံးသည် သူ၏ခြေဖဝါးအောက်သို့ ရောက်လာသည်ဟု ခံစားရသည် မဟုတ်ပါလား။

သိုင်းလောကတစ်ခုလုံးလည်း သူ၏ခြေဖဝါးအောက်သို့ ရောက်လာရမည်ဟု ခံယူထားသူ မဟုတ်ပါလား။

ဒုဂိုဏ်းချုပ်...

ဒုဂိုဏ်းချုပ်သည် သိမ်းငှက်ဂိုဏ်း၌ ဒုဂိုဏ်းချုပ်တစ်ယောက် ဖြစ်လာသည်အထိ မည်သို့ ကြိုးစားခဲ့ရပါသနည်း။

ဒုဂိုဏ်းချုပ်သည် သိမ်းငှက်ဂိုဏ်းသို့ ရောက်ရှိလာပုံကို ပြန်ပြောင်းတွေးတော စဉ်းစားနေမိလေတော့သည်။

* * *



## အတိတ်ကလူ

"ခွပ်ခွပ်...ခွပ်ခွပ်"

"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်နေသည်။

မြင်းစီးသမားတစ်စု ရောက်ရှိလာကြလေသည်။

ရွှေမျက်နှာ(ဝါ)အမှောင်ဒုဂိုဏ်းချုပ် မော်ပုသည် ဒဏ်ရာများဖြင့် လဲကျနေရာမှ အားယူကာ ခေါင်းထောင်ကြည့်လိုက်လေသည်။

သူ့အကြားအာရုံ မှားခြင်း မဟုတ်ပါ။

မြင်းစီးသမားတစ်စု အမှန်တကယ် ရောက်ရှိလာခြင်း ဖြစ်လေသည်။

မော်ပုက စိတ်လျှော့လိုက်သည်။

လုံဝိဇ္ဇာဖုံးစိန်၊ စာပေသိုင်းသမားနှင့် ရှမ်းကုံးတို့က သူ့အား သုတ်သင်ရှင်းလင်းနိုင်မည် ထင်ခဲ့ကြသည်။

ကောက်ကျင်းနယ်မှ လူဆိုးဓားပြကြီးရွှေမျက်နှာအား သုတ်သင်ရှင်းလင်းနိုင်မည် ထင်မိကြသည်။

သို့သော်...

သူတို့အားလုံး သေဆုံးသွားခဲ့ကြသည်။

ရွှေမျက်နှာ(ဝါ)အမှောင်ဒုဂိုဏ်းချုပ် မော်ပုကား ပြင်းထန်သော ဒဏ်ရာများ ရရှိခဲ့သည့်တိုင် အသက်ရှင်နေခဲ့သည်။

လူသူ ကင်းဝေးသော တောတောင်ထဲ၌ သည်အတိုင်း သေသွားရမည် ထင်ရသည်။

မော်ပု သေဆုံးမသွားပါ။

မြင်းစီးသမားများ ရောက်လာကြပြီ မဟုတ်ပါလား။

ထိုလူများမှာ မော်ပုနှင့် ပတ်သက်နေသူများ မဟုတ်ပါ။

တကြိမ်တခါမှ တွေ့ဖူးခြင်း မရှိပါ။

မည်သို့ဆိုစေ...

ထိုလူများက သူ့အား ကယ်တင်သွားလိမ့်မည်ဟု မော်ပု ယုံကြည်ထားလေသည်။

သူယုံကြည်ထားသည့်အတိုင်းပင် မြင်းစီးသမားများသည် မလှမ်းမကမ်းသို့ အရောက်တွင်...

"ဟေး..ဟေး"



မြင်းများ ငေါက်ကာ ရပ်တန့်လိုက်ကြလေသည်။

မြင်းပေါ်မှ အသီးသီး ခုန်ဆင်းကာ မော်ပုအနီးသို့ ရောက်ရှိလာကြလေသည်။

တစ်ယောက်က မြေပေါ်ဒူးထောက်က မော်ပုအား စမ်းကြည့်လိုက်သည်။

"သူအသက်ရှင်နေသေးတယ်"

"သမားတော်ဆီကို ခေါ်သွားကြမယ်"

"ကောင်းတယ်၊ မြန်မြန်လုပ်"

ထို့နောက် မြင်းစီးသမားများသည် မော်ပုအား ခေါ်ဆောင်သွားကြလေသည်။

မော်ပုလည်း မိမိ ကံကောင်းသွားပြီ ဖြစ်ကြောင်း နားလည်ကာ စိတ်လျှော့ချလိုက်လျှင် သတိလစ်မေ့မျောသွားလေတော့သည်။

* * *

မော်ပု...

သူရဲကောင်းသိုင်းသမားလေးဦး(ဝါ)ရသေ့ကြီးလေးပါး၏ တိုက်ခိုက်ချေမှုန်းမှုကြောင့် အမှောင်ဂိုဏ်း ပျက်စီးပြိုကွဲသွားရလေသည်။

ဒုဂိုဏ်းချုပ် မော်ပုသည် ဒဏ်ရာပြင်းထန်စွာ ရခဲ့သော်လည်း ကံကောင်းထောက်မကာ ထွက်ပြေးလွတ်မြောက်သွားခဲ့လေသည်။

ထို့နောက်...

ဒဏ်ရာများ ပျောက်ကင်းအောင် လျှို့ဝှက်စွာ နေထိုင်ကုသနေခဲ့ပြီး ဝေဒနာများ ပျောက်ကင်းသွားလျှင် အခြေအနေကြည့်ကာ သိုင်းလောက၌ ပြန်လည်လှုပ်ရှားခဲ့လေသည်။

များမကြာမီ...

ကောက်ကျင်းနယ်၌ 'ရွှေမျက်နှာ'ဟူသော အမည်ဖြင့် ထင်တိုင်းကျဲနိုင်ခဲ့လေသည်။

ဒုဂိုဏ်းချုပ် မော်ပုတစ်ဖြစ်လဲ ရွှေမျက်နှာသည် ဖွဲ့မာန်အာမခံဌာနအား တိုက်ခိုက်မိခြင်းကြောင့် နောက်ဆက်တွဲ အကျိုးဆက်အဖြစ် လုံ့ဝိဇ္ဇာဖုံးစိန်တို့နှင့် ရင်ဆိုင်ရကာ ဒုက္ခရောက်ခဲ့ရတော့သည်။

သို့ပါသော်လည်း မြင်းစီးသမားတစ်စုနှင့် တွေ့ဆုံခဲ့ရပြီး ကံကောင်းသွား၏။

မော်ပုအား ကယ်တင်သွားသည့် မြင်းစီးသမားခေါင်းဆောင်မှာ သိမ်းငှက်ဂိုဏ်းချုပ် ဖြစ်လေသည်။

သိမ်းငှက်ဂိုဏ်းချုပ်က ကယ်တင်ခြင်းဖြင့် မော်ပုလည်း သိမ်းငှက်ဂိုဏ်းသို့ ရောက်ရှိသွားခဲ့လေတော့သည်။



* * *

သိမ်းငှက်ဂိုဏ်းသည် အဖြူရောင်သိုင်းဂိုဏ်းတစ်ခု ဖြစ်သည်။

အများအကျိုး၊ သိုင်းလောကအကျိုး သည်ပိုးဆောင်ရွက်ခြင်းဖြင့် အများ၏ ကြည်ညိုလေးစားမှု ခံရလေသည်။

သိမ်းငှက်ဂိုဏ်းချုပ် 'ရှဂူး'သည် သဘောမနောကောင်းပြီး စိတ်ထားဖြူစင်သူလည်း ဖြစ်လေသည်။

ထို့ကြောင့်လည်း ဂိုဏ်းချုပ်ကြီးရှဂူးက တောလမ်းတစ်နေရာ၌ ဒဏ်ရာများဖြင့် လဲကျနေသည့် ရွှေမျက်နှာ(ဝါ)အမှောင်ဒုဂိုဏ်းချုပ် မော်ပုကို မြင်လျှင် လူဆိုးလူကောင်း မခွဲခြားဘဲ ဒုက္ခရောက်နေသူတစ်ယောက်၏ အသက်တစ်ချောင်းကို ကယ်တင်ကောင်းသည်ဟု သဘောထားကာ ကယ်တင်ခဲ့လေသည်။

မော်ပုအား ခေါ်ဆောင်သွားပြီး သမားတော်တစ်ဦးထံ၌ အပ်နှံကာ ဆေးဝါးကုသပေးခဲ့သည်။

သမားတော်ကြီး၏ ဆေးစွမ်းထက်မှုကြောင့် မော်ပုလည်း တစ်နေ့တစ်ခြား သက်သာလာခဲ့လေတော့သည်။

သုံးလ...

သုံးလဟူသောအချိန် ကုန်ဆုံးသွားပြီ ဖြစ်လေသည်။

သမားတော်ကြီး၏ ကြိုးစားကုသမှုနှင့် ဆေးစွမ်းထက်မှုကြောင့် မော်ပုစ်၏ဝေဒနာများ လုံးဝသက်သာပျောက်ကင်းသွားတော့သည်။

မော်ပုသည် လူကောင်းပကတိ ဖြစ်လာသည်နှင့် ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားမည်ဟု အကြောင်းပြကာ တိတ်တဆိတ် သိုင်းလေ့ကျင့်တော့သည်။

ညအချိန်များတွင် သမားတော်ကြီး မသိအောင် အပြင်ဘက်သို့ ခိုးထွက်လေသည်။

အမှောင်လောကမှ မိတ်ဆွေများကို လိုက်လံရှာဖွေ ဆက်သွယ်သည်။

သိုင်းလောကအကြောင်း စုံစမ်းသည်။

သူ့အား ကယ်တင်ခဲ့သည့် သိမ်းငှက်ဂိုဏ်းအကြောင်း စုံစမ်းသည်။

သို့ဖြင့်...

ညတစ်ညတွင် အမှောင်လောကမှ မိတ်ဆွေတစ်ယောက်နှင့် မမျှော်လင့်ဘဲ ဆုံတွေ့မိခဲ့လေသည်။

* * *



မြို့စွန် ချောင်ကျကျ နေရာတစ်နေရာ၌ အရက်ဆိုင်လေးတစ်ဆိုင် ရှိလေသည်။

ထိုအရက်ဆိုင်လေး၌ ဒုစရိုက်သမားများ လာရောက်လေ့ရှိသည်။

ထို့ကြောင့်...

မော်ပုက ထိုအရက်ဆိုင်လေးသို့ တစ်ရက်ခြား သွားခဲ့လေသည်။

ယခုဆိုလျှင် ဆိုင်ရှင်၊ ဆိုင်လုလင်များနှင့်ပင် ရင်းနှီးနေပြီဖြစ်လေသည်။

မော်ပုသည် အရက်ဆိုင်ထဲ ဝင်လာပြီး ချောင်ကျကျ စားပွဲတစ်လုံး၌ ထိုင်ကာ အရက်တစ်အိုး မှာလိုက်သည်။

အရက်တစ်ခွက် ငှဲ့လိုက်သော်လည်း သူက မသောက်ဘဲ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်လေသည်။

ယနေ့ည ဆိုင်ထဲ၌ လူရှင်းနေပါသည်။

မော်ပု စိတ်ပျက်သွားလေသည်။

"သည်ညလဲ သည်အတိုင်းပဲ ပြန်ရတော့မယ် ထင်ပါရဲ့"

ထိုစဉ် ခြေသံများ ထွက်ပေါ်လာကာ ဆိုင်ထဲသို့ လူတစ်ယောက် လှမ်းဝင်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူသည် မကောင်းဆိုးဝါးတစ်ကောင် လေထဲ လွင့်မျောလာသည့်အလား ဝင်ရောက်လာခြင်း ဖြစ်သည်။

မျက်တွင်းများဟောက်ပက် မျက်နှာတစ်ခုလုံး သွေးရောင်

ကင်းမဲ့ကာ ဖြူဖတ်ဖြူလျော် ရှိနေသည်။

သူ၏လက်နှစ်ဘက်၌ ရှည်လျားသော လက်သည်းရှည်ကြီးများ ရှိလေသည်။

ရုတ်တရက်ကြည့်လျှင် တစ္ဆေတစ်ကောင်နှင့်ပင် တူနေပါတော့သည်။

ဆိုင်ရှင်နှင့် ဆိုင်လုလင်များ ထိတ်လန့်ကာ ကပျာကယာ နောက်ဆုတ်လိုက်ကြလေသည်။

တစ္ဆေနှင့်တူသူက...

"ကျုပ်ကို အရက်တစ်အိုးနဲ့ အမဲကြော်တစ်ပိဿာပေးပါ"

သူ၏အသံသည် ရေခဲတောင်မှ ထွက်ပေါ်လာသည့် အလား အေးစိမ့်နေသည်။

ထိုလူက အရက်နှင့် အမဲကြော် မှာကြားပြီး ထိုင်ရန် စားပွဲကို ကြည့်လိုက်လေသည်။

"မူကျို၊ မင်း သည်မှာ လာထိုင်ပါလား"

ဗိတ်ခေါ်စကားသံ ထွက်ပေါ်လာလေသည်။

တစ္ဆေကောင်နှင့်တူသူ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ဗိတ်ခေါ်သံ ထွက်ပေါ်လာရာဆီသို့ မျက်လုံးပြူးကာ ကြည့်လိုက်လေသည်။

ထိုအခါ...

ချောင်ကျကျ စားပွဲတစ်လုံးမှ သူ့အား ပြုံးကြည့်နေသည့်



မော်ပုကို တွေ့လိုက်လေသည်။

တစ္ဆေလူ မျက်နှာပျက်သွားသည်။

"ဆရာမော်ပုပါလား"

"အေး.. သည်ကိုလာ"

"ဟုတ်ကဲ့"

ရောင်လင်ကျောင်းမှ မောင်းထုတ်ခံရသည့် တစ္ဆေလူ မူကျိုသည် မော်ပုတို့ အမှောင်ဂိုဏ်းနှင့် ပတ်သက်ခဲ့ဖူးလေသည်။

မူကျိုသည် သူ့ထက် သိုင်းပညာ မြင့်မားပြီး ရက်စက်ကြမ်းကြုတ်သော မော်ပုအား ကြောက်ရွံ့ထိတ်လန့်လေသည်။

မူကျိုက မော်ပု၏ စားပွဲ၌ လာပြီးထိုင်ချလိုက်သည်။

မော်ပုက...

"ပြီးတဲ့ ကိစ္စတွေကို ငါ မပြောချင်တော့ဘူး၊ မင်းလည်း ပြောချင်လိမ့်မယ် မထင်ဘူး"

"ဟုတ်ပါတယ်ဗျာ"

"ငါက ရှေ့ဆက်မယ်၊ မင်းကော"

"ကျုပ်က.."

မူကျိုက စကားတစ်ပိုင်းတစ‌ဖြင့် ရပ်တန့်ထားလိုက်ခြင်းကြောင့် မော်ပု ပြုံးလိုက်လေသည်။

"မူကျို၊ မင်းက တစ်ကိုယ်တော် လှုပ်ရှားချင်တဲ့ လူတစ်ယောက်ဆိုတာ ငါသိတယ်၊ ဒါပေမယ့် ခုတစ်ခါတော့ ငါ့ကို ကူညီရမယ်၊ ငါ့ကိစ္စ ပြီးသွားပြီဆိုယင် မင်းကို ငါမေ့လိုက်မယ်"

မုကို မကျေမနပ် ဖြစ်သွားလေသည်။

"ဆရာမော်မုက ကျုပ်ကို အကြပ်ကိုင်တာလားဗျ"

မော်ပုက...

"မင်းကြိုက်သလို ထင်လို့ ရပါတယ်၊ ငါ့ကို မကူညီဘူးဆိုယင် မင်းရဲ့အကြောင်းကို ငါဖော်ထုတ်လိုက်ရမှာပဲကွ"

မူကို သက်ပြင်းချလိုက်သည်။

"ဆရာမော်ပုက ဘာများ ခိုင်းချင်လို့လဲ ပြောပါဗျာ"

"ငါက.."

မော်ပုက သူ၏အစီအစဉ်ကို ပြောပြလိုက်လေသည်။

* * *



သိမ်းငှက်ဂိုဏ်းချုပ်ရှဂူးသည် မော်ပု၏ အခြေအနေကို ကြည့်ရှုရန် ရောက်ရှိလာခဲ့လေသည်။

မော်ပုက ကျန်းမာနေပြီ ဖြစ်သည်ကို တွေ့ရသောအခါ ဝမ်းသာသွားလေသည်။

"ညီလေး ကျန်းမာသွားတာ ဝမ်းသာစရာပဲ"

"အစ်ကိုကြီးရဲ့ ကျေးဇူးကြောင့်ပါဗျာ၊ အစ်ကိုကြီးရဲ့ ကျေးဇူးကို ဘယ်လို ပြန်ဆပ်ရမှန်းတောင် မသိတော့ပါဘူး"

"ကိစ္စမရှိပါဘူးကွာ၊ ဒုက္ခရောက်နေတဲ့လူကို တွေ့ယင် ကူညီရမှာ ကျုပ်တို့ သိုင်းလောကသားတွေရဲ့ ဝတ္တရားပဲ မဟုတ်လား"

မော်ပုက...

"အစ်ကိုကြီးဟာ သိုင်းလောကအကျိုး၊ အများအကျိုး ဆောင်ရွက်နေတဲ့ သိမ်းငှက်ဂိုဏ်းချုပ် ဖြစ်တယ်လို့ သိရပါတယ်၊ အဲဒါ အမှန်ပဲလားဗျာ"

ရှဂူး ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်ပါတယ်"

"ဒါဖြင့် အစ်ကိုကြီးရဲ့ ကျေးဇူးကို ပြန်ဆပ်ရာရောက်အောင် သိမ်းငှက်ဂိုဏ်းမှာ ကျွန်တော် တာဝန်ထမ်းဆောင်ခွင့်ပြုပါလားဗျာ"

"ဩော်"

"ကျွန်တော့်ကို လက်ခံဖို့ တောင်းပန်ပါတယ်"

မော်ပုက ကြမ်းပြင်ပေါ် ဒူးထောက်ချလိုက်လေသည်။

သူက တစ်ကိုယ်တော်သိုင်းသမားတစ်ယောက် ဖြစ်သလို

ဆွေမျိုးညာတိမရှိ၊ တစ်ကောင်ကြွက် ဖြစ်ကြောင်း၊ ရွှေမျက်နှာစားပြ အဖွဲ့အား လုံ့ဝိဇ္ဇာဖုံးချိန်နှင့်အတူ ချေမှုန်းယင်း ဒဏ်ရာများ ရရှိခဲ့သည်ဟု လိမ်ညာပြောဆိုခဲ့သည်ကို ရှဂူးက အမှန်ထင်နေ၏။

မော်ပု တောင်းပန်နေပြီး ဒုစရိုက်သမားများအား ဆုံးမမည့်သူဟု ယူဆကာ...

"ကောင်းပြီလေ၊ ညီလေး စိတ်ဝင်စားတယ်ဆိုယင်လည်း သိမ်းငှက်ဂိုဏ်းထဲ ဝင်ပြီး တာဝန်ထမ်းဆောင်နိုင်ပါတယ်"

ဟုခွင့်ပြုလက်ခံလိုက်လေတော့သည်။

* * *



မော်ပုသည် သိမ်းငှက်ဂိုဏ်းသို့ ရောက်ရှိသွားပြီးနောက် သူ့အပေါ် ယုံကြည်စိတ်ချလာအောင် စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်ခဲ့လေသည်။

ဂိုဏ်းချုပ်ရှဂူးက သူ့ကို အားကိုးအားထားပြုလာလေသောအခါ အခွင့်အရေးစောင့်ပြီး မိစ္ဆာကောင်မှုကျိုနှင့်အတူ ရှဂူးကို အကောက်ကြံကာ အဆိပ်ခတ်ခဲ့လေသည်။

အဆိပ်မိသွားသော ရှဂူးမှာ မော်ပုအား မလွန်ဆန်နိုင်တော့ပါ။

မော်ပုက ဒုဂိုဏ်းချုပ် ရာထူးရယူလိုက်သည်။

တဖန်...

သိမ်းငှက်ဂိုဏ်းအား သူ၏သဘောအတိုင်း ဦးဆောင်ခဲ့လေတော့သည်။

* * *

လေဝှေ့ယမ်းတိုက်ခတ်လာသည်။

မော်ပု၏ အဝတ်အစားများ တဖျပ်ဖျပ် လှုပ်ရှားသွားလေသည်။

မော်ပု သက်ပြင်းချလိုက်သည်။

သူက သိမ်းငှက်ဂိုဏ်းကို ချုပ်ကိုင်ထားနိုင်ခဲ့ပြီး သိုင်းလောကအား လွှမ်းမိုးနိုင်ရန် ဆက်လက်ကြိုးပမ်းသွားမည် ဖြစ်ပါသည်။

ယခု...

သူ့အား နှောင့်ယှက်မည့် လေးကျွန်းစကြာရှင်ဆိုသူ ထွက်ပေါ်လာပြီ ဖြစ်လေသည်။

"လေးကျွန်းစကြာရှင်ဆိုတာ ဘယ်သူပါလိမ့်"

"သူ့ရဲ့သိုင်းပညာက ဘယ်လောက်များ ထက်မြက်နေလို့လဲ"

"သူ့အကြောင်း စုံစမ်းပြီး သုတ်သင်ရှင်းလင်းပစ်ဖို့ စီစဉ်ရလိမ့်မယ်"

ဒုဂိုဏ်းချုပ်သည် သူယုံကြည်စိတ်ချရသည့် သူ၏ဘက်တော်သားတစ်ယောက် ဖြစ်နေသည့် ဂိုဏ်းခွဲမှူး ခွန်စန်းအား လေးကျွန်းစကြာရှင်နှင့် ပတ်သက်ပြီး တာဝန်ပေးရန် ဆုံးဖြတ်လိုက်လေသည်။

* * *



လေးကျွန်းစကြာရှင်...

လျှိုဖုန်းဝေသည် လေးကျွန်းစကြာရှင်ဆိုသော ဘွဲ့ထူးခံယူကာ သိုင်းလောက၌ တဖြည်းဖြည်း လူသိများလာပြီ ဖြစ်သည်။

လျှိုဖုန်းဝေက သိုင်းလောကအား တကယ်တမ်း ဒုက္ခပေးနိုင်သူများ အကြောင်း စုံစမ်းကြည့်ရာ သိမ်းငှက်ဂိုဏ်းက ရှေ့ဆုံးမှ ပါဝင်နေကြောင်း တဖြည်းဖြည်း သိလာရလေသည်။

ဒေသခံ သိုင်းအဖွဲ့အစည်းများအား သိမ်းငှက်ဂိုဏ်းက နည်းအမျိုးမျိုး အသုံးပြုကာ ချေမှုန်းခြင်း၊ ပြိုကွဲအောင် ပြုလုပ်ခြင်း၊ ပြိုကွဲသွားသော ဒေသခံ၊ သိုင်းအဖွဲ့များ နေရာ၌ သိမ်းငှက်ဂိုဏ်းဌာနခွဲများ အစားထိုး ဝင်ရောက်မင်းမူခြင်းများသည် သိုင်းလောကအား လွှမ်းမိုးရန် ကြံစည်နေခြင်း ဖြစ်ကြောင်း နားလည်သဘောပေါက်မိ၍ ဖြစ်လေသည်။

"သိမ်းငှက်ဂိုဏ်းရဲ့ လုပ်ရပ်တွေဟာ ပရိယာယ်ကြွယ်ဝတယ်၊ အားလုံးက အဖြူရောင်ဂိုဏ်းကြီးတစ်ခုလို့ ယူဆထားကြတာ၊ သူတို့ရဲ့ နောက်ကွယ်က အကြံအစည်ကို ဘယ်သူမှ သိကြတာ မဟုတ်ဘူး"

ကျုံးရီ၏သိမ်းငှက်ဂိုဏ်းဌာနခွဲသည် အုံ့ညြစရာကောင်းအောင် ပျောက်ကွယ်သွားလေသည်။

ကျုံးရီလည်း ဘယ်ရပ်ဘယ်ဝယ် ရောက်သွားပြီ မသိပါ။

သိမ်းငှက်ဂိုဏ်းဌာနခွဲမှူး ကျုံးရီက ရွှေချိုးဖြူဂိုဏ်းအပေါ် ရှိင့်ထက်စီးနင်း ပြုလုပ်ခဲ့သည့် ကိစ္စ သက်သေပြစရာ မရှိတော့ပါ။

ထို့ကြောင့် သိမ်းငှက်ဂိုဏ်းချုပ်မှာ အလွန်ပါးနပ်သူ ဖြစ်ကြောင်း လှိုဖုန်းဝေ နားလည်လိုက်ခြင်း ဖြစ်လေသည်။

“သိမ်းငှက်ဂိုဏ်းချုပ်နဲ့ သွားပြီး ရင်ဆိုင်လိုက်ယင် ငါ မှားသွားမှာပဲ၊ သူတို့အကြောင်းကို သက်သေအထောက်အထား အခိုင်အလုံနဲ့ ဖော်ထုတ်နိုင်မှသာ ချေမှုန်းလို့ရမှာ၊ ငါလည်း ပရိယာယ်သုံးမှပဲ”

ထို့နောက် သိမ်းငှက်ဂိုဏ်း၏သတင်း စုံစမ်း၍ လ္ဘက်ရည်ဆိုင်လေးတစ်ဆိုင်သို့ လှမ်းဝင်လိုက်လေတော့သည်။

* * *



## သတင်း

လှိုဖုန်းဝေသည် ရွာထဲသို့ ရောက်သည်နှင့် လ္ဘက်ရည်ဆိုင်တစ်ဆိုင်သို့ ဝင်လိုက်သည်။

သူက စားပွဲတွင် ဝင်ထိုင်လိုက်သည်နှင့် ဆိုင်လုလင်တစ်ယောက်က...

“ဘာသုံးဆောင်မလဲ အစ်ကိုလေး”

ဟုမေးလာ၏။

လှိုဖုန်းဝေက...

“ပေါက်စီနှစ်လုံးပေးပါ”

“ဟုတ်ကဲ့”

ဆိုင်လုလင်လေး ထွက်သွားလေသည်။

လှိုဖုန်းဝေက လက်ဖက်ရည်ဆိုင်လေးအတွင်း ဝှေ့ကြည့်လိုက်သည်။

အခြားစားပွဲမှ စားသောက်နေသူများလည်း ရှိလေသည်။

သူသည် ဆိုင်လုလင်ကို စောင့်နေလိုက်၏။

မကြာပါချေ။

ဆိုင်လုလင်လေး ပေါက်စီပန်းကန်နှင့် ရေနွေးကြမ်းအိုးလာချပေးလေသည်။

လှိုဖုန်းဝေက ပေါက်စီကို ကောက်ယူကာ စားလိုက်ပြီး အခြားစားပွဲမှ သူများ စကားပြောသံကို နားစွင့်လိုက်သည်။

တစ်ယောက်က...

"ဟေ့.. မင်းကြားလိုက်သလား၊ သိမ်းငှက်ဂိုဏ်းက မျောက်မင်းဂိုဏ်းကို နှိမ်နင်းလိုက်ပြီတဲ့ကွာ၊ မနက်ဖြန် သူတို့ ဂိုဏ်းခွဲအသစ်ဖွင့်ပွဲလုပ်မယ် ပြောတယ်၊ မင်းကော စိတ်မဝင်စားဘူးလား၊ သိုင်းပညာလဲ သင်ပေးမယ်၊ တစ်လကို ငွေစနှစ်ဆယ်လဲ ပေးမယ်တဲ့"

အခြားတစ်ယောက်က...

"ကြားတာတော့ ကြားတယ်၊ သူတို့က ဂိုဏ်းထောင်တာဘာရည်ရွယ်ချက်မှန်း မသိတာ၊ တော်ကြာ မကောင်းမှုတွေ လုပ်ခိုင်းယင် ဘယ်လိုလုပ်မလဲ၊ ငါတော့ မဝင်ပါဘူးကွာ၊ အိမ်မှာ မိန်းမနဲ့ကလေးတွေ ရှိသေးတယ်"

"မင်းကတော့ သတ္တိမရှိတဲ့လူပါကွာ၊ မင်း အသင်းမဝင်ချင်နေ ငါသွားဝင်မယ်"



ဟုပြောကာ ဆိုင်ပြင်သို့ ထထွက်သွားလေသည်။

လှိုဖုန်းဝေသည် ထွက်သွားသော သူနောက်သို့ မယောင်မလည်နှင့် လိုက်ပါသွားသည်။

မကြာပါချေ။

သိမ်းငှက်ဂိုဏ်းခွဲရှေ့သို့ ရောက်ရှိလာလေသည်။

သိမ်းငှက်ဂိုဏ်းခွဲရှေ့တွင် စားပွဲတစ်လုံး ထားရှိပြီး ထိုစားပွဲတွင် လူတစ်ယောက် ထိုင်နေ၏။

လူသုံးလေးယောက်မှာ စားပွဲနားရပ်လျက် နာမည်ပေးကာ အသင်းဝင်နေလေသည်။

လက်ရည်ဆိုင်ထဲမှ ထွက်လာသော လူငယ်က ထိုလူများနောက်တွင် ရပ်လျက် အသင်းဝင်ရန် စောင့်နေသည်။

လှိုဖုန်းဝေကလည်း လူငယ်၏နောက်မှ မတ်တပ်ရပ်လျက်နေလိုက်သည်။

ထိုစဉ်...

"နောက်တစ်ယောက်"

ဟူသောအသံ ထွက်လာ၏။

လှိုဖုန်းဝေရှေ့မှ လူငယ်က စားပွဲနား လျှောက်သွား၏။

ပြီးလျှင်...

"ကျွန်တော့်နာမည် ဝှမ်မင်းဝေပါ၊ ဈေးနားမှ နေပါတယ်"

ဟုပြောလိုက်၏။

"ဟုတ်ပြီ၊ သည်မှာ လက်မှတ်ထိုး၊ မင်းကို ဘယ်သူ မိတ်

ဆက်ပေးတာလဲ"

ဝှမ်မင်းဝေက...

"ကျွန်တော့်ကို အသင်းသားမိန်စုက မိတ်ဆက်ပေးတာပါ"

"အသင်းက ကိစ္စရှိလို့ ခေါ်ရင် အချိန်မရွေး လိုက်နိုင်မလား၊ အသင်းကိစ္စ ကြီးငယ်မှန်သမျှ တာဝန်ကို ကျေအောင် ထမ်းဆောင်နိုင်မလား"

"ဟုတ်ကဲ့၊ ကျွန်တော် အသင်းအတွက် ဘာမဆို လုပ်ပါ့မယ်"

"အေး..ရှောင်ဝေ့၊ သည်လအတွက်ကို ကြိုပေးထားတာ"

ဝှမ်မင်းဝေ ထွက်သွားသည်။

လှိုဖုန်းဝေသည် သူ၏အလှည့်သို့ ရောက်သောအခါ...

"ကျွန်တော်က ခရီးသွားတစ်ယောက်ပါ၊ သိမ်းငှက်ဂိုဏ်းက အသင်းသား လက်ခံတယ် ကြားလို့ လာနာမည်ပေးတာပါ၊ သိုင်းပညာလဲ သင်ချင်ပါတယ်'

"မင်း အခု ဘယ်မှာနေတာလဲ"

"ကျွန်တော် မြို့ပြင်က ဘုံကျောင်းပျက်မှာ နေပါတယ်"

"မင်း သည်မှာ နေပါလား၊ စားဖို့သောက်ဖို့အပြင် နေထိုင်ဖို့လဲ ပေးမယ်၊ ငွေစနှစ်ဆယ်လဲ ပေးမယ်"

"ဟာ..ဒါဆို အဆင်ပြေတာပေါ့"

"ရှောင်လွေ၊ သည်လူ့ကို မင်းတို့ရဲ့ အနောက်ဆောင်က အခန်းကျယ်မှာ နေရာပေးလိုက်ပါ"



"ဟုတ်ကဲ့"

ရှောင်လွေဆိုသူက လှိုဖုန်းဝေအား ခေါ်သွားလေသည်။

လှိုဖုန်းဝေသည် အနောက်ဘက်အဆောင်တွင် အခန်းကျယ်တစ်ခု ရရှိသွား၏။

ရှောင်လွေက လိုက်ပို့ပြီး ပြန်သွားရန် ဟန်ပြင်၏။

လှိုဖုန်းဝေက...

"ခဏနေပါဦး မိတ်ဆွေ"

ရှောင်လွေ လှည့်လာ၏။

"ဘာများလဲ"

လှိုဖုန်းဝေက...

"တာဝန်ခံက ဘယ်မှာနေပါသလဲ"

ရှောင်လွေက ရှေ့တွင် ရှိသော အဆောင်တစ်ခုကို ညွှန်ပြလိုက်၏။

"ဟိုရှေ့ဘက်ဆောင်မှာပါ"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်"

လှိုဖုန်းဝေသည် တာဝန်ခံရှိရာ အဆောင်သို့ ရောက်သွားပြီး...

"ကျွန်တော် အခုမှ အသင်းဝင်တဲ့ အသင်းသားတစ်ယောက်ပါ၊ ကျွန်တော့်ရဲ့ပစ္စည်းတွေ အပြင်ဘက်မှာ ကျန်နေသေးလို့ သွားယူခွင့်ပြုပါ"

ဟုခွင့်တောင်းလိုက်သည်။

တာဝန်ခံသည် လှိုဖုန်းဝေကို ကြည့်လိုက်သည်။

ခေါင်းညိတ်၍ ခွင့်ပြုပြီး အပြင်ထွက် အမိန့်ပြားလေးကို ပေးကာ...

"မင်း သည်ထွက်ခွင့်ပြု အမိန့်ပြားလေး ယူသွားပြီး မင်း ပစ္စည်းတွေ ယူပြီးရင် မြန်မြန်ပြန်လာခဲ့"

ဟုပြော၏။

လှိုဖုန်းဝေ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့"

ဟုပြောကာ ထွက်ခွင့်ပြု အမိန့်ပြားလေးကို ယူကာ ထွက် လာသည်။

အဝင်တွင် အဆင့်ဆင့် ဝင်လာခဲ့ရာ မခဲယဉ်းချေ။

သို့သော်...

အထွက်တွင် အဆင့်ဆင့် စစ်ဆေးပြီးမှ ထွက်ခွာခွင့်ပေး သည်။

မကြာပါချေ။

လှိုဖုန်းဝေ အပြင်ဘက်သို့ ရောက်သွားသည်။

အပြင်သို့ ရောက်သည်နှင့် သူသည် ထန်ပြောင်တို့ရှိရာ နေရာသို့ ခပ်သွက်သွက်လေး သွားလိုက်၏။

ထန်ပြောင်တို့နှင့် တွေ့ဆုံသောအခါ မှာကြားစရာ ရှိသည် များကို မှာကြားလိုက်၏။

ထန်ပြောင်တို့ကို သူပြန်မလာမချင်း မျောက်မင်းဂိုဏ်းချုပ်



နှင့် အတူနေစေပြီး သိုင်းပညာ သင်ကြားစေသည်။

ငွေစအချို့တစ်ဝက်ကိုလည်း ပေးခဲ့ပြီး သိမ်းငှက်ဂိုဏ်းခွဲရှိရာ နေရာသို့ အဝတ်အစားများယူကာ ပြန်လာခဲ့သည်။

သိမ်းငှက်ဂိုဏ်းသည် အလွန်စည်းကမ်းတင်းကြပ်လှပေ သည်။

နံနက် အိပ်ရာမှ ထလျှင် ကိုယ်လက်လှုပ်ရှားစေ၏။

အသင်းဝင်အသစ်များအနက်မှ သူတို့ သဘောကျသော သူများကို ရွေးချယ်သည်။ ကျန်သူများကို ဆက်လုပ်စေသည်။

လှိုဖုန်းဝေလည်း ရွေးချယ်ခံရသော အထဲတွင် ပါသွား သည်။

တာဝန်ခံတစ်ယောက်က အခြားအဆောင်ဘက်သို့ ကူး သွားကာ သတင်းပို့သည်။

ပြီးလျှင် သူ၏အထက်အရာရှိကို အရှိအသေပြုကာ ထွက် သွားသည်။

ထိုအရာရှိသည် လာရောက်ပို့ခဲ့သော လူဆယ့်ငါးယောက် ကို တစ်ယောက်စီ သေချာစွာ ကြည့်ပြီး...

"မင်းတို့အားလုံးကို သည်ကနေ့ကစပြီး သိုင်းပညာသင်ပေး မယ်၊ ငါတို့ သိမ်းငှက်ဂိုဏ်းရဲ့ တင်းကျပ်တဲ့ စည်းကမ်းကို နားလည်ကြ တယ်နော်၊ ပေးတာယူ၊ ခိုင်းတာလုပ်၊ တာဝန်ကျေရင် ဆုရမယ်၊ ရာထူးတက်မယ်၊ တာဝန်မကျေရင် အပြစ်ပေးခံရမယ် နားလည် လား"

လှိုဖုန်းဝေ အပါအဝင် အားလုံးက...

"ဟုတ်ကဲ့"

ဟုတပြိုင်နက် ဖြေကြသည်။

သူတို့အုပ်စုသည်လည်း သိုင်းပညာ စသင်ကြသည်။

သိုင်းပညာသင်ပြီး ခြောက်လခန့်ကြာသောအခါ သင်တန်းစချိန် မနက်ပိုင်းတွင် သင်တန်းဆရာက...

"မင်းတို့အဖွဲ့ကို သည်နေ့ တာဝန်တစ်ခုပေးရမယ်၊ အခု ဟောသည်မှာ ရှိတဲ့သူက ဂိုဏ်းခွဲမှူးကျန်းဆစ်ချွေ၊ မင်းတို့က သူနဲ့ လိုက်သွားပြီး ပေးအပ်တဲ့ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ကြ၊ အခု အဆောင်ခြောက်မှာ မင်းတို့အတွက် အဝတ်အစားတွေ သွားယူကြပြီး ဟောသည် ဂိုဏ်းခွဲမှူးနဲ့ လိုက်သွားကြပါ"

လှိုဖုန်းဝေတို့လည်း အဝတ်အစားလဲကာ ဂိုဏ်းခွဲမှူးကျန်းဆစ်ချွေနောက် လိုက်သွားကြသည်။

သူတို့အားလုံးသည် မြင်းများကိုယ်စီဖြင့် ခရီးပြင်းနှင်သွားကြသည်။

သုံးရက်မြောက်နေ့တွင် ဟူပေမြို့နယ်သို့ ရောက်သွားသည်။

ဟူပေမြို့နယ်၏တောင်ဘက် ယူနန်မြို့တွင် စခန်းချကြသည်။

ဂိုဏ်းခွဲမှူးကျန်းဆစ်ချွေသည် သူတို့အား ထားခဲ့ပြီး တစ်ယောက်တည်း အပြင်ထွက်သွားသည်။



နေ့လည် ထမင်းစားချိန်လောက်မှသာ ပြန်လာပြီး သူတို့နှင့်အတူ ထမင်းစားပြီး သူ၏တည်းခိုဆောင်အခန်းသို့ အားလုံး စုရုံးစေပြီး စကားစပြောသည်။

"အသင်းသားတို့၊ ငါတို့ အခု သည်ဟူနန်မှာ ရှိနေတဲ့ သိုင်းအဖွဲ့အစည်းကို စုံစမ်းကြည့်တော့ သည်နယ်တစ်ဝိုက်မှာ ကျားမင်းဂိုဏ်းနဲ့ မြွေဟောက်ဂိုဏ်းနှစ်ဂိုဏ်းပဲ ရှိတာ သိရတယ်၊ နောက်ပြီး အဲသည် ဂိုဏ်းနှစ်ဂိုဏ်းကလည်း ဂိုဏ်းတူညီအစ်ကိုတွေ ဖွဲ့ထားကြသလို အလွန်ညီညွတ်ကြတယ်၊ ငါတို့က ကျားမင်းဂိုဏ်းကို အရင်စိန်ခေါ်ပြီးတိုက်မယ်၊ ပြီးတာနဲ့ မြွေဟောက်ဂိုဏ်းကိုလည်း တစ်ခါ တည်း တိုက်ပစ်မယ်၊ ပြီးမှ သည်မှာဂိုဏ်းခွဲတစ်ခုဖွင့်မယ်၊ မရှင်းတာ ဘာရှိသလဲ"

"မရှိပါဘူး"

"အေး..ဒါဆို သွားကြစို့"

သူတို့သည် တည်းခိုခန်းမှ အုပ်စုလိုက် ထွက်လာခဲ့ကြသည်။

ကျားမင်းဂိုဏ်း ရှိရာသို့ ရောက်သောအခါ စိန်ခေါ်သည့် ဖိတ်စာကို တံခါးစောင့်အား ပေးလိုက်ပြီး အပြင်ဘက်တွင် ရပ်စောင့်ကြသည်။

တံခါးစောင့် ဝင်သွား၏။

သူဝင်သွားပြီး အတန်ကြာမှ အတွင်းမှ လူနှစ်ဆယ်ခန့် ဦးဆောင်ကာ ကျားမင်းဂိုဏ်းချုပ် ကျင်းလုငှဲ ထွက်လာလေတော့၏။

ကျင်းလုငှဲက လှိုဖုန်းဝေတို့ လူစုအား ငေ့ကြည့်လိုက်၏။

ထို့နောက်...

လက်နှစ်ဖက်ဆုပ်ကာ...

"မိတ်ဆွေတို့က ဘယ်သူတွေများလဲ၊ ကျုပ်တို့ဂိုဏ်းနဲ့ ဘာများ ရန်စရှိလို့ အခုလို စိန်ခေါ်ရတာပါလဲ"

ဟုမေးလိုက်၏။

သိမ်းငှက်ဂိုဏ်းခွဲမှူးက...

"ခင်ဗျားက သည်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်လား"

ဟုမေးလိုက်၏။

"ဟုတ်ပါတယ်"

သိမ်းငှက်ဂိုဏ်းခွဲမှူးက...

"ကျုပ်ရဲ့ စိန်ခေါ်စာကို ရပြီးရင် မေးခွန်းတစ်ခုပဲ မေးစရာရှိတယ်၊ အေးအေးဆေးဆေး ငါတို့ရဲ့ လက်အောက်ကို ဝင်မလား၊ ဒါမှမဟုတ် သိုင်းပညာ ပြိုင်မလား၊ ခင်ဗျားတို့နိုင်ရင် ကျုပ်တို့ သည်က ထွက်သွားမယ်၊ ခင်ဗျားတို့ရှုံးရင် ကျုပ်တို့ လက်အောက်ကို ဝင်ရမယ်၊ ဘယ်လိုလဲ"

သိမ်းငှက်ဂိုဏ်းခွဲမှူးက ကျားမင်းဂိုဏ်းချုပ်အား အထင်သေးသော မျက်နှာထားနှင့် စကားပြောသည်ကို သူ၏ဂိုဏ်းသားများ မခံမရပ် ဖြစ်သွားကြသည်။

လက်နက်များ ဆွဲထုတ်လျက် တိုက်ခိုက်မည် ပြုရာ ကျားမင်းဂိုဏ်းချုပ်က ဟန့်တားလိုက်၏။



"နေကြအုံး"

သူသည် ထိုသို့ ပြောပြီး သိမ်းငှက်ဂိုဏ်းခွဲမှူးကို သင်တန်းကွင်းထဲသို့ ဖိတ်ခေါ်လိုက်သည်။

"ကျုပ်တို့ သုံးပွဲ ယှဉ်ပြိုင်မယ်၊ နှစ်ပွဲနိုင်တဲ့သူက အနိုင်ရတဲ့ သူပဲ၊ ဘယ်လိုလဲ လက်ခံမလား"

သိမ်းငှက်ဂိုဏ်းခွဲမှူး ခေါင်းညိတ်လိုက်သည်။

"ကြိုက်သလို လုပ်နိုင်တယ်"

ဟုပြောလိုက်၏။

ကျားမင်းဂိုဏ်းချုပ်က သူ့ဂိုဏ်းသားတစ်ယောက်အား...

"ကဲ.. ဒါဆို စိလုကွေ့၊ မင်းထွက်ပြီး သူတို့ရဲ့ ပညာကို ခံယူလိုက်ပါ"

စိလုကွေ့က...

"ဟုတ်ကဲ့"

ဟုပြောကာ ကွင်းလယ်သို့ ထွက်လိုက်လေသည်။

ထိုအခါ...

သိမ်းငှက်ဂိုဏ်းခွဲမှူးကလည်း...

"နံပါတ်ရှစ် မင်းထွက်လိုက်ပါ"

လှိုဖုန်းဝေတို့ အဖွဲ့ထဲမှ နံပါတ်ရှစ်က ထွက်လိုက်သည်။

နံပါတ်ရှစ် ထွက်လာသောအခါ စိလုကွေ့က သိုင်းကွက်ခင်းလိုက်သည်။

ကျားမင်းဂိုဏ်းသည် လက်ချောင်းပုတ်အားကို အဓိကထား

ပြီး တိုက်ခိုက်သည်။

သိမ်းငှက်ဂိုဏ်းကလည်း လက်ချောင်းကုတ်ဆွဲအားကို အမိကထားပြီး တိုက်ခိုက်သည်။

ပွဲစတွင် သူတစ်ပြန် ကိုယ်တစ်ပြန် တိုက်ခိုက်ကြပြီး ဆယ်ကွက်ကျော်သောအခါ နံပါတ်ရှစ်သည် ခြေတစ်ချက်ဆောင့်ကာ အပေါ်သို့ ခုန်တက်လိုက်ပြီးနောက် အောက်သို့ တဟုန်ထိုးဆင်းလာကာ စိလုကျွေ့၏ဦးခေါင်းကို ကုတ်ဆွဲတိုက်ခိုက်သည်။

စိလုကျွေ့ကလည်း ဝင်လာသော လက်ချောင်းများကို ပုတ်ထုတ်လိုက်ပြီး နံပါတ်ရှစ်၏ရင်ဝကို တဆက်တည်း လက်ဝါးရိုက်ချလိုက်သည်။

အပေါ်မှ ဆင်းလာသော အရှိန်ဖြင့် နံပါတ်ရှစ်သည် ကိုယ်ကို လှည့်လိုက်ကာ အလျင်အမြန်ပင် ရှောင်တိမ်းလိုက်လေသည်။

သို့သော်...

စိလုကျွေ့၏ ရိုက်အားမှာ အတန်ငယ် ပြင်းသဖြင့် လုံးဝမလွတ်ဘဲ ဝမ်းဗိုက်နေရာကို ရိုက်မိသွား၏။

နံပါတ်ရှစ်သည် ဟန်ချက်ပျက်ကာ အောက်သို့ ကျသွားသည်။

သိမ်းငှက်ဂိုဏ်းခွဲမှူးက...

"ရပ်လိုက်"

ဟုအော်လိုက်သည်။

ပြီးလျှင် ကျားမင်းဂိုဏ်းချုပ်ဘက် လှည့်ပြီး...



"သည်တစ်ပွဲ မင်းတို့ နိုင်တယ်၊ ကဲ.. အခု တစ်ပွဲ မင်းတို့ဘက်က ဘယ်သူ ထွက်မလဲ"

ဟုမေးလိုက်၏။

ကျားမင်းဂိုဏ်းချုပ်က...

"သင်တန်းမှူးစန်းဝေ ထွက်လိုက်ပါ"

ဟုပြောလိုက်ရာ သင်တန်းမှူးစန်းဝေက ကွင်းလယ်သို့ ထွက်လိုက်၏။

သိမ်းငှက်ဂိုဏ်းခွဲမှူးကလည်း...

"သည်တစ်ခါ နံပါတ်တစ် ထွက်ပါ"

နံပါတ်တစ်သည် ကွင်းလယ်သို့ ခုန်ဝင်ကာ ချက်ချင်းပင် သင်တန်းမှူးစန်းဝေအား တိုက်ခိုက်လိုက်၏။

စန်းဝေကလည်း နံပါတ်တစ်အား ပြန်လည်တိုက်ခိုက်လိုက်လေသည်။

သူတို့နှစ်ယောက်သည် သူတစ်ပြန် ကိုယ်တစ်ပြန် တိုက်ခိုက်ကြရာ သိုင်းကွက်နှစ်ဆယ် ကျော်သွားသည်။

နံပါတ်တစ်သည် ပထမပွဲ ရှုံးထားသဖြင့် ဤပွဲကို ရှုံးပွဲမဖြစ်ရန် အစွမ်းကုန် တိုက်ခိုက်သည်။

သင်တန်းမှူးစန်းဝေကလည်း ဤတစ်ပွဲကို အနိုင်ရရန် အစွမ်းကုန် တိုက်ခိုက်သည်။

နံပါတ်တစ်၏ အရိပ်ပြတိုက်ကွက်သည် ဘယ်ဘက်မှ မျက်နှာကို ကုတ်ဆွဲဟန်ပြုလိုက်ရာ စန်းဝေက ညာလက်ကို မြှောက်ကာ

ခုခံလိုက်သည်။

တစ်ချိန်တည်းမှာပင် နံပါတ်တစ်သည် ဘယ်လက်ကို ရုပ်သိမ်းပြီး ဘယ်ညာနှစ်ဘက်စလုံး လမ်းကြောင်းပြောင်းကာ စန်းဝေ၏ရင်ဘတ်နှင့် ညာဘက်က မျက်နှာကို ကုတ်ဆွဲကာ ဘယ်လက်က ရင်ဘတ်ကို ကုတ်ဆွဲလိုက်သည်။

စန်းဝေသည် တစ်ဖက်လူမှ လက်ကို ဖြုန်းကနဲ သိမ်းလိုက်လေသည်။

လက်နှစ်ဘက်စလုံး ထပ်မံတိုက်ခိုက်လာသဖြင့် ကြောင်အမ်းအမ်း ဖြစ်သွားပြီး လက်က မျက်နှာကို ကုတ်ဆွဲသော လက်ဝါးကို ရိုက်ထုတ်လိုက်ပြီး ညာလက်က ဘယ်ဘက်ကို တားရန် နည်းနည်းလေး နောက်ကျသွားသဖြင့် ရင်ဘတ်တွင် ကုတ်ဆွဲသည့်ဒဏ်ကို ခံလိုက်ရလေသည်။

သိမ်းငှက်ဂိုဏ်းခွဲမှူးက...

"ရပ်လိုက်"

ဟုဟန့်တားလိုက်သည်။

ထို့နောက်...

ကျားမင်းဂိုဏ်းချုပ်ဘက်လှည့်ကာ...

"သည်ပွဲမှာ ကျုပ်တို့ဘက်က နိုင်တယ်၊ နောက်ဆုံးပွဲအဖြစ် ခင်ဗျားနဲ့ ကျုပ် ပြိုင်ကြရင် မကောင်းဘူးလားဗျ"

ဟုပြောလိုက်၏။

ကျားမင်းဂိုဏ်းချုပ်ကျင်းလုငှဲသည် ကွင်းလယ်သို့ ထွက်



လာပြီး သိမ်းငှက်ဂိုဏ်းခွဲမှူး အလာကို စောင့်နေလိုက်၏။

သူသည် အလာကို စောင့်ရင်း သိုင်းကွက်လည်း ခင်းလိုက်လေ၏။

ကျားမင်းဂိုဏ်းချုပ်ကျင်းလုငှဲ၏ သိုင်းကွက်ခင်းဟန်မှာ ဆန်းပြားသည်။

မတ်တပ်ရပ်သည့် အနေအထားတွင် မဟုတ်ဘဲ ဆောင့်ဆောင့်ထိုင်ကာ လက်ချောင်းများကို လက်ခေါက်ပုံစံ ကွေးထားလေသည်။

သိမ်းငှက်ဂိုဏ်းခွဲမှူးသည် ကွင်းလယ်သို့ ခုန်ဝင်ကာ စတင်တိုက်ခိုက်သည်။

သူ၏တိုက်ကွက်မှာလည်း တစ်မျိုးဆန်းသည်။

ကွင်းလယ်သို့ ခုန်ဝင်စဉ် လက်နှစ်ဖက်ကို ဘေးဖက်သို့ ကားလိုက်ပြီး လက်ချောင်းများက ကုတ်ဆွဲမည့် ပုံသဏ္ဌာန်မျိုးနှင့် ခြေထောက်နှစ်ချောင်းမှာ အပေါ်အောက် ကစားနေလေသည်။

ခုန်ဝင်လာသော သိမ်းငှက်ဂိုဏ်းခွဲမှူး၏ တိုက်ကွက်ကို ကျင်းလုငှဲသည် ခန္ဓာကိုယ်ကို မြေပြင်ပေါ် လှဲအိပ်လိုက်ကာ တိုက်ခိုက်လာသော သိမ်းငှက်ဂိုဏ်းခွဲမှူး၏ ခြေထောက်များကို ကျားလက်ပုတ်၏ သိုင်းကွက်ဖြင့် ဆီး၍ တိုက်ခိုက်လိုက်၏။

သိမ်းငှက်ဂိုဏ်းခွဲမှူးသည် သူ၏ခြေထောက်များကို တိုက်ခိုက်လာသည်ကို မြင်လျှင် ရှေ့သို့ ကျွမ်းပစ်ကာ ရှောင်ထွက်သွားသည်။

ဤသို့ တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် အားနည်းချက် ရှိသော နေရာများကို တိုက်ခိုက်ကြရာ သိုင်းကွက်ငါးဆယ်ကျော်သွားသည်။

ကျားမင်းဂိုဏ်းချုပ်ကျင်းလုငဲ့သည် သိမ်းငှက်ဂိုဏ်းမှူးဆီသို့ သားကောင်ခုန်အုပ် သိုင်းကွက်ဖြင့် တိုက်ခိုက်လိုက်လေသည်။

ထိုအခါ...

သိမ်းငှက်ဂိုဏ်းခွဲမှူးသည် သိမ်းငှက်တောင်ပံခတ် သိုင်းကွက်ဖြင့် ခုခံလိုက်၏။

တစ်ဖန် ဝဲကတော့ထိုးသိုးကွက်ဖြင့် လေထဲ ခုန်ကာ တဟုန်ထိုး ပြေးဝင်သွားပြီး မျက်နှာ၊ လည်ပင်းနှင့် ရင်ဘတ်နေရာများကို အပြင်းအထန် တိုက်ခိုက်လိုက်သည်။

ဤသို့ တိုက်ခိုက်လာရာ ကျားမင်းဂိုဏ်းချုပ်သည် သက်စောင့်သိုင်းကွက် ဖြစ်သော ကျားမင်းမာန်ဟိန်း သိုင်းကွက်ဖြင့် ပြန်လည်တိုက်ခိုက်သော်လည်း ကျွံဝင်လာသော သိမ်းငှက်ဂိုဏ်းခွဲမှူး၏ လက်များသည် မိုးသီးမိုးပေါက်ပမာ တဖြုတ်ဖြုတ် ဝင်လာပြီး ဘယ်အကွက်သည် ဟန်ပြ၊ ဘယ်အကွက်သည် အမှန် တိုက်ခိုက်သည်ကို မှန်းဆမရနိုင်ဘဲ ဖြစ်နေသည်။

သိမ်းငှက်ဂိုဏ်းမှူး၏ လက်များသည် အရိပ်တစ်ထောင်ပမာ ထွက်ပေါ်လာပြီး ဆက်တိုက် တိုက်ခိုက်လိုက်လေသည်။

ထို့ကြောင့်...

ကျားမင်းဂိုဏ်းချုပ်ကျင်းလုငဲ့သည် တဖြည်းဖြည်း နောက်ဆုတ်ကာ ခုခံနေရသည်။



နောက်ဆုတ်သွားသော ကျားမင်းဂိုဏ်းချုပ်ကို သိမ်းငှက်ဂိုဏ်းခွဲမှူးသည် တိုက်ခိုက်ခြင်း၊ ရပ်တန့်ခြင်း မပြုဘဲ တရစပ် တိုက်သဖြင့် မခုခံနိုင်တော့ဘဲ ရင်ဘတ်နှင့် နောက်ကျော လက်ဝါးချက်ထိကာ လဲကျသွားသည်။

"ဂိုဏ်းချုပ်ကြီး"

ကျားမင်းဂိုဏ်းသားများက စိုးရိမ်တကြီးနှင့် လဲကျသွားသော ဂိုဏ်းချုပ်ကြီးကျင်းလုငဲ့ဆီ ပြေးသွားကာ ထူမပေးလိုက်လေသည်။

သိမ်းငှက်ဂိုဏ်းခွဲမှူးက ဂရုပင် မစိုက်ဘဲ...

"သည်ဂိုဏ်းကို အခုအချိန်ကစပြီး သိမ်းငှက်ဂိုဏ်းရဲ့ ဌာနခွဲတစ်ခုအဖြစ် သတ်မှတ်လိုက်ပြီ"

ဟုကြေငြာလိုက်လေသည်။

ကျားမင်းဂိုဏ်းသားများမှာ ဂိုဏ်းချုပ်ကိုယ်တိုင် အရေးနိမ့်သွားပြီ ဖြစ်၍ အားလျှော့လိုက်ကြလေတော့သည်။

မိမိတို့၏ ပစ္စည်းပစ္စယများကို သိမ်းဆည်းပြီး ကျားမင်းဂိုဏ်းကို စွန့်ခွာ၍ အသီးသီး ထွက်ခွာသွားကြလေတော့သည်။

ဤသို့ဖြင့်...

ကျားမင်းဂိုဏ်းမှာ သိမ်းငှက်ဂိုဏ်း၏ ချေမှုန်းခြင်း ခံလိုက်ရလေသည်။

သိမ်းငှက်ဂိုဏ်းသည် ကျားမင်းဂိုဏ်း အဆောက်အဦးနှင့်

ပစ္စည်းဥစ္စာများအားလုံးကို သိမ်းပိုက်လိုက်သည်။

ကျားမင်းဂိုဏ်း၏ဆိုင်းဘုတ်ကို ဖြုတ်ချလိုက်သည်။

သိမ်းငှက်ဂိုဏ်း၏ ဌာနခွဲတစ်ခု အထိမ်းအမှတ် ဆိုင်းဘုတ်ဖြင့် အစားထိုးလိုက်သည်။

ကျားမင်းဂိုဏ်း လောကပေါ်မှ ပျောက်ကွယ်သွားပြီး သိမ်းငှက်ဂိုဏ်းဌာနခွဲ အသစ်တစ်ခု ထွက်ပေါ်လာလေတော့သည်။

* * *

လှိုင်ဖုန်းဝေသည် ကျားမင်းဂိုဏ်း၏ အဖြစ်အပျက်နှင့် ပတ်သက်ပြီး အမျိုးမျိုး တွေးတောစဉ်းစားမိလေသည်။

“အင်း..ဂိုဏ်းခွဲမှူးရဲ့ သိုင်းပညာက တော်တော်အဆင့်မနိမ့်ဘူး၊ ဂိုဏ်းချုပ်ကြီးဆိုရင် ဘယ်လောက်များ မြင့်မလဲ မသိဘူး၊ အခု ပုံစံအတိုင်းဆို ဘယ်လိုလုပ်ရင် ကောင်းမလဲ”

တည်းခိုခန်း ရောက်သည်နှင့် နံပါတ်တစ်သည် ကျန်သူများကို ပစ္စည်းသိမ်းဆည်းခိုင်းကာ ကျသင့်ငွေကို ရှင်းပေးလိုက်သည်။

နံပါတ်တစ်သည် ပြန်ရောက်ကြောင်းကို ဂိုဏ်းခွဲမှူးထံ သတင်းပို့သည်။

ဂိုဏ်းခွဲမှူးကလည်း လုပ်စရာ ရှိသည်များကို မှာကြားလိုက်လေသည်။

နံပါတ်တစ်ကလည်း ဂိုဏ်းခွဲမှူး စေခိုင်းသည်များကို အား



လုံး ပြီးမြောက်အောင် ဆောင်ရွက်သည်။

ညနေဘက်သို့ ရောက်သောအခါ ဂိုဏ်းခွဲမှူးသည် ဂိုဏ်းသားများနှင့်အတူ ထမင်းစားကြပြီး...

“မင်းတို့အားလုံးကို အစိမ်းရောင်အဆင့် ဂိုဏ်းသားအဖြစ် တစ်ဆင့်တက်ပေးလိုက်တယ်၊ အားလုံးက ဂိုဏ်းအပေါ် သစ္စာရှိပြီး တာဝန်ကျေကြလို့ပဲ၊ ငါလည်း မင်းတို့လိုပဲ၊ အဆင့်တစ်ဆင့်ချင်းစီ တက်လာတာပါ၊ ကြိုးစားကြပါ၊ သည်ည မင်းတို့သုံးဖို့ တစ်ယောက်ကို ငွေစတစ်ဆယ်စီ ဆုချီးမြှင့်မယ်၊ သုံးချင်တာသုံးကြ”

ဟုပြောကာ ငွေစများ ထုတ်ပေးလေသည်။

ဂိုဏ်းသားများကလည်း ငွေစရသဖြင့် စားသောက်ပြီးသောအခါ လူစည်ကားရာဘက်သို့ ထွက်သွားကြသည်။

လှိုင်ဖုန်းဝေသည် မလိုက်ဘဲ ချန်နေခဲ့သည်။

အသင်းသားများ ထွက်သွားပြီးနောက် လှိုင်ဖုန်းဝေသည် ဂိုဏ်းခွဲမှူးထံ သွားရောက်ကာ ဂိုဏ်း၏အနေအထားကို သိရှိအောင် စုံစမ်းသည်။

“ဂိုဏ်းခွဲမှူးခင်ဗျား၊ ဂိုဏ်းခွဲမှူးနေရာကို ရောက်ဖို့ ဘယ်လောက်ကြာကြာ ကြိုးစားရသလဲဆိုတာလေး ရှင်းပြပါလား ခင်ဗျာ”

ဟုအောက်ကျို့သော လေသံနှင့် ပြောလိုက်၏။

ဂိုဏ်းခွဲမှူးက လှိုင်ဖုန်းဝေ မေးလာသောအခါ ဘဝင်လေဟပ်ကာ ဘဝင်မြင့်သလို ဖြစ်သွားပြီး ရှင်းပြလိုက်သည်။

“အေး.. ငါလွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကထဲက သိမ်းငှက်

ဂိုဏ်းထဲ ဝင်လာတာ၊ အဆင့်ဆင့် ကြိုးစားရတယ်၊ တာဝန်လည်း ကျေတယ်၊ ငါတို့တုန်းက ဂိုဏ်းခွဲမှူးလေးယောက်ပဲ ရှိတယ်၊ အခု တော့ အားလုံးပေါင်း ဂိုဏ်းခွဲမှူး အယောက်သုံးဆယ် ရှိတယ်၊ ငါနဲ့ တခြားဂိုဏ်းခွဲမှူးလေးယောက်က အနိမ့်ဆုံး အဆင့်ပဲ ရှိတယ်၊ ငါတို့ အပေါ်မှာ ငါးဆင့် ရှိသေးတယ်၊ ဂိုဏ်းခွဲမှူး အမြင့်ဆုံးရဲ့အပေါ်မှာ ဌာနမှူးသုံးယောက် ရှိတယ်၊ သူ့အပေါ်မှာ အုပ်ချုပ်ရေးမှူးပြီးမှ ဒုဂိုဏ်းချုပ်နဲ့ ဂိုဏ်းချုပ်ကြီး ဖြစ်တယ်၊ မင်းလဲ တော်ပါတယ်၊ ကြိုး စားရင် မကြာတဲ့အချိန်မှာ ငါ့လို အဆင့်မျိုး ရောက်လာမှာပါ"

ဟုရှင်းပြသည်။

တဖန်...

ထပ်မံရှင်းပြလိုက်၏။

"တစ်ခု ရှိသေးတာက ဂိုဏ်းရဲ့ အခက်အခဲကို အဆင်ပြေ အောင် ဆောင်ရွက်ပေးခဲ့လို့ ရှိရင် သည်လူဟာ ဂိုဏ်းရဲ့ အဆင့်မြင့် နေရာနဲ့ အရေးပါတဲ့ ရာထူးမျိုး ရနိုင်တယ်၊ အုပ်ချုပ်ရေးမှူးက ဂိုဏ်း ချုပ်ကြီးနဲ့ ဒုဂိုဏ်းချုပ် ပြီးရင် သူပဲ၊ သူလည်း ဂိုဏ်းချုပ်ကြီးရဲ့ အခက် အခဲတစ်ခုကို ဖြေရှင်းပေးလို့ ဂိုဏ်းချုပ်ကြီးက အဲသည်နေရာကို ပေး အပ်လိုက်တာ၊ မင်းလဲ ကြိုးစားပါ၊ တစ်ချိန်ကျရင် ငါ့ထက် မြင့်တဲ့ အဆင့်ကို ရောက်နိုင်ပါတယ်"

လှိုဖုန်းဝေက...

"ဟုတ်ကဲ့၊ အခုလို ရှင်းပြတာ ကျေးဇူးတင်ပါတယ်"

သူသည် စကားဆုံးသည်နှင့် အပြင်ဘက်မှ တိုက်ခိုက်သံ



ကြားရပြီး သိမ်းငှက်ဂိုဏ်းသားတစ်ချို့ အထဲသို့ ပြေးဝင်လာသည်။

ဂိုဏ်းခွဲမှူးနှင့် လှိုဖုန်းဝေသည် အသံကြားရာဘက်သို့ ပြေး ထွက်ကြည့်လိုက်ရာ လူနှစ်ဆယ်ခန့်က လက်နက်ကိုယ်စီ ကိုင်ဆွဲကာ သိမ်းငှက်ဂိုဏ်းသားများကို တိုက်ခိုက်နေသည်။

ဂိုဏ်းခွဲမှူးက အနားသို့ ရောက်သော်...

"ဘယ်သူက သည်လောက်သတ္တိရှိလို့ ငါတို့ သိမ်းငှက်ဂိုဏ်း ကို ရန်စတာလဲ"

ဟုမေးလိုက်၏။

တိုက်ခိုက်နေသော အုပ်စုထဲမှ ခေါင်းဆောင်ဖြစ်ဟန်တူ သော လူတစ်ယောက်က ထွက်လာပြီး...

"ခင်ဗျားတို့က ကျုပ်ရဲ့အစ်ကိုတော် ကျားမင်းဂိုဏ်းကို တိုက်လို့ ငါတို့က အခု ကလဲ့စားပြန်ချေတာ၊ မင်းက ဘယ်သူလဲ"

ဟုပြန်မေး၏။

သိမ်းငှက်ဂိုဏ်းခွဲမှူးက...

"အေး..ခင်ဗျားလာတာ ကောင်းတယ်၊ ကျုပ် အလုပ်ရှုပ် သက်သာသွားတာပေ့ါ၊ မင်းကလဲ့စားချေချင်ရင် လာခဲ့ပါ"

ဟုပြောလျက် ကွင်းဘက်သို့ လျှောက်သွားသည်။

လာရောက်တိုက်ခိုက်သော ခေါင်းဆောင်မှာ ကျားမင်း ဂိုဏ်းနှင့် ဂိုဏ်းတူ ဖွဲ့ထားသော မြွေဟောက်ဂိုဏ်းမှ ဂိုဏ်းချုပ် ထျန်း ရှင်းဟူ ဖြစ်ပေသည်။

သူသည် သိမ်းငှက်ဂိုဏ်းခွဲမှူး နောက်သို့ လိုက်သွားသည်။

ကွင်းလယ်သို့ ရောက်သောအခါ မြွေဟောက်ဂိုဏ်းချုပ်က ပင် သိုင်းကွက်စခင်းသည်။

လှိုဖုန်းဝေသည် ဂိုဏ်းခွဲမှူးကို လက်နှစ်ဖက်ဆုပ်ကာ...

"ဂိုဏ်းခွဲမှူး၊ သည်လူကို ယှဉ်ဖို့ ကျွန်တော့်ကို အလှည့်ပေး ပါလား ခင်ဗျာ"

ဟုပြောလိုက်၏။

ဂိုဏ်းခွဲမှူးသည် ခေတ္တမျှ တွေဝေသွားကာ...

"အေး... နံပါတ်လေး၊ ငါတို့ ဂိုဏ်းရဲ့ အကြောင်းကို သိသွား အောင် ပြလိုက်စမ်းပါ"

ဟုပြော၏။

"ဟုတ်ကဲ့"

လှိုဖုန်းဝေသည် ကွင်းလယ်သို့ ထွက်လာပြီး လက်နှစ်ဖက် ဆုပ်ကာ...

"လူကြီးမင်း သတိထားပါ"

ဟုပြောလျက် ဝင်ရောက်တိုက်ခိုက်လိုက်၏။

မြွေဟောက်ဂိုဏ်းချုပ်သည် အဆင့်မရှိသော အသင်းသား က လာရောက်တိုက်ခိုက်သည်ကို အထင်သေးသော စိတ်ဖြင့် ပြန် လည်တိုက်ခိုက်သည်။

လှိုဖုန်းဝေသည် သူ၏ဆရာရသေ့များ သင်ပေးသော ပညာကို လုံးဝအသုံးမပြုဘဲ သိမ်းငှက်ဂိုဏ်းမှ သင်ပေးသော ပညာ ကိုသာ အသုံးပြုလျက် တိုက်ခိုက်သည်။



သို့သော်...

အသုံးပြုသော သိုင်းကွက် လှုပ်ရှားလိုက်တိုင်း အတွင်းအား နှင့် လျင်မြန်မှုသည် မသိမသာ ပါသွားသည် ဖြစ်၍ မြွေဟောက် ဂိုဏ်းချုပ်သည် သိုင်းကွက်ငါးကွက်သို့ပင် မရောက်ဘဲ အရှုံးပေးလိုက် ရလေသည်။

ပြီးမှ လှိုဖုန်းဝေ၏ နောက်ဆုံး ရိုက်ချက်သည် သက်ညှာ သောကြောင့် အတွင်းဒဏ်ရာ မရသဖြင့် ကျေးဇူးတင်သော မျက်လုံး များဖြင့် ကြည့်ကာ လှည့်ထွက်သွား၏။

ဂိုဏ်းခွဲမှူးကလည်း သေသပ်လှပစွာ ကစားသွားသော လှို ဖုန်းဝေကို ပခုံးဖက်လျက် ချီးကျူး၏။

သိမ်းငှက်ဂိုဏ်းခွဲမှူးသည် နောက်တစ်နေ့မှစပြီး အမှတ်စဉ် တစ်မှ ငါးအထိ သီးခြားသိုင်းပညာကို သင်ပေး၏။

ခြောက်မှတစ်ဆယ့်ငါးကို ပုံမှန်သင်တန်းပေးသည်။

ထိုသို့ သီးခြားသင်တန်းတွင် လှိုဖုန်းဝေ၏ ကြိုးစားမှု၊ အသင်းအတွက် တာဝန်ကျေပွန်မှု၊ အချင်းချင်း ပညာဖလှယ်ရာတွင် အားလုံးထက် သာလွန်သောကြောင့် နံပါတ်လေးမှ နံပါတ်တစ်သို့ ရောက်သွားပြီး နောက်ထပ်တစ်ဆင့် တက်သွားလေသည်။

ဟူနန်တွင် တစ်နှစ်ကြာမျှ အခြေစိုက်ပြီးနောက် လူတစ် ယောက် ရောက်လာသည်။

ဂိုဏ်းခွဲမှူးသည် ထိုသူကို ရိုရိုသေသေ ဆက်ဆံနေသည်ကို တွေ့ရသဖြင့် အကြောင်းတစ်ခုခုတော့ ရှိမှာပဲဟု လှိုဖုန်းဝေ တွေးမိ

သည်။ ထိုလူသည် နှစ်ရက်သာနေပြီး ပြန်သွားသည်။

ဂိုဏ်းခွဲမှူးသည် တစ်နှစ်ကြာမျှ ဂိုဏ်းသားစုဆောင်းခြင်း ပြုလုပ်ပြီး လူအင်အားတစ်ရာကျော်မျှ ရှိသောအခါ တစ်ညနေတွင် ပန်းခြံထဲ၌ စားသောက်ပွဲကျင်းပပေးသည်။

စားသောက်ပွဲတွင် ပျော်စရာအကြောင်းများသာ ပြောပြီး ပွဲပြီးသောအခါ ဂိုဏ်းဝင်တစ်မှ ငါးအထိကို ခေါ်ယူပြီး အစည်းအဝေး ခန်းမတွင် တွေ့ဆုံသည်။

"မင်းတို့ကို ခေါ်ပြီး အစည်းအဝေး လုပ်တာက တခြား မဟုတ်ဘူး၊ မနေ့က ပြန်သွားတာက ငါ့ထက် အဆင့်လေးဆင့်မြင့်တဲ့ ဂိုဏ်းခွဲမှူးပဲ၊ သူက နောက်တစ်ပတ်ကျရင် ဂိုဏ်းသားတွေနဲ့အတူ ရောက်လာမှာ၊ ငါတို့က ဟူမိန်မြို့ကို ခရီးထွက်ရမှာ၊ သည်တစ်ခေါက် နံပါတ်ခြောက်ကနေ ဆယ့်ငါးထဲက လူငါးယောက်ပဲ ရွေးခေါ်သွားမယ်၊ ကျန်တာကို သည်မှာ ချန်ခဲ့မယ်၊ မရှင်းတာရှိယင် မေးနိုင်တယ်"

"မရှိပါဘူး"

သိမ်းငှက်ဂိုဏ်းခွဲမှူး ခေါင်းညိတ်လိုက်သည်။

"မရှိရင် အနားယူကြ၊ မင်းတို့ ပစ္စည်းတွေကိုလည်း အဆင်သင့် ဖြစ်အောင် လုပ်ထားကြပါ"

ဟုပြောဆိုကာ အစည်းအဝေးကို ရပ်သိမ်းလိုက်သည်။

လျှိုဖုန်းဝေသည် သိမ်းငှက်ဂိုဏ်းနောက် လိုက်ခဲ့သည်မှာ တစ်နှစ်နှင့် ကိုးလထဲ ရောက်ရှိလာပြီး သူတို့၏ရည်ရွယ်ချက်ကို မှန်း



ဆ မရသေးပေ။

ရှေ့ဆက်၍ မည်သို့ ပြုလုပ်ရမည်ကိုသာ စဉ်းစားပြန်သည်။

"အင်း...သည်ဂိုဏ်းက ဘာအတွက်ကြောင့် သည်လိုလုပ်နေရတာလဲဆိုတာ အတိအကျ မသိရသေးတော့ ဆုံးဖြတ်ရခက်နေတယ်၊ တစ်ခုပဲ တွေးလို့ရတာက အဆင့်မြင့်ရောက်အောင် ကြိုးစားပြီး သိအောင်လုပ်မှ ဖြစ်မယ်၊ မဖြစ်မနေတော့ သူတို့ရဲ့ ရည်ရွယ်ချက်ကို သိအောင် လုပ်ရမှာပဲ"

လျှိုဖုန်းဝေသည် အတွေးများကို ရပ်လိုက်ပြီး လုပ်ရမည့် အကြောင်းများကို တွေးနေသည်။

သိမ်းငှက်ဂိုဏ်းမှ ဂိုဏ်းခွဲမှူးအသစ်သည် လူငါးယောက်နှင့် ရောက်ရှိလာသည့်အခါ ဂိုဏ်းခွဲမှူးသည် အသင်းခွဲအား လွှဲပေးပြီး အသင်းသား နံပါတ်တစ်ထဲမှ ငါးအထိ၊ ခြောက်မှ တစ်ဆယ့်ငါးအထိ ငါးယောက်ရွေးချယ်ကာ ဟူမိန်မြို့သို့ ခရီးထွက်ခွာသည်။

ဟူမိန်မြို့သို့ ရောက်သောအခါ တည်းခိုခန်းတွင် တည်းပြီး မည်သည့်သိုင်းအဖွဲ့အစည်းများ ရှိနေသည်ကို စုံစမ်းရန် ဂိုဏ်းခွဲမှူး တစ်ယောက် ထွက်သွားသည်။

ညနေစောင်းလောက်မှသာ ပြန်ရောက်လာကာ အသင်းသားများကို စုစေပြီး စကားပြောလာသည်။

"ဟူမိန်မှာ အသင်းသုံးသင်းပဲ ရှိတယ်၊ နှစ်သင်းက အလွယ်တကူ ဖြိုခွဲနိုင်တယ်၊ ကျန်တဲ့ တစ်သင်းက ငါ့အဆင့်နဲ့ အနိုင်မရနိုင်

ဘူး၊ နံပါတ်ဆယ့်နှစ်၊ မင်းက ယူနန်က ဂိုဏ်းခွဲမှူးဆီကိုသွား ငါစာ ရေးပေးလိုက်မယ်"

"ဟုတ်ကဲ့"

နံပါတ်တစ်ဆယ့်နှစ်သည် သူ့အား ပေးသော တာဝန်ကို ယူပြီး ယူနန်ရှိ ဂိုဏ်းခွဲသို့ တစ်ခေါက် အမြန်ပြန်သွားလေသည်။

သူသည် မရပ်မနား မြင်းကို အပြင်းနှင်၍ ခရီးဆက်ခဲ့လေသည်။

သူသည် ယူနန်သို့ ရောက်သည်နှင့် ဂိုဏ်းခွဲမှူးအား ပေးလိုက်သော စာကို ဆက်သလိုက်သည်။

ဂိုဏ်းခွဲမှူးက ပေးလိုက်သော စာကို ဖတ်ပြီး...

"မင်း သည်မှာ တစ်ပတ်လောက် စောင့်အုံး၊ ငါ အထက်ကို အကြောင်းကြားအုံးမယ်"

နံပါတ်တစ်ဆယ့်နှစ်သည် သူ့အတွက် နေရန် ပေးသော နေရာတွင် အနားယူလိုက်သည်။

သူတို့နှင့် လိုက်ပါခွင့် မရသော အသင်းသားများက နံပါတ်တစ်ဆယ့်နှစ်ကို မြင်လျှင် မည်သို့ကြောင့် ပြန်ရောက်လာသည်ကို မေးကြသည်။

တစ်ဆယ့်နှစ်က ဂိုဏ်းခွဲမှူး စေခိုင်းသဖြင့် ခေတ္တပြန်လာကြောင်း၊ ပြီးလျှင် ပြန်သွားမည် ဖြစ်ကြောင်း ရှင်းပြလိုက်သည်။

လေးရက်မြောက်တွင် လူခြောက်ယောက် ရောက်ရှိလာလေသည်။



ဂိုဏ်းခွဲမှူးက ထွက်ပြီး ကြိုဆိုလိုက်သည်။

ထိုခြောက်ယောက်အနက် အဆင့်အမြင့်ဆုံး ဂိုဏ်းခွဲမှူးကြီး ခွန်းစန်း ဖြစ်သည်။

သူက ဂိုဏ်းခွဲမှူးကို ကြည့်လျက်...

"မင်းအကြောင်းကြားတဲ့ ပုံစံဆို တော်တော်လေး ခက်ခဲမယ် ဟုတ်လား"

"ဟုတ်ကဲ့၊ ကျွန်တော့်ဆီကို ရေးပေးတဲ့စာကို ဖတ်ကြည့်ပါခင်ဗျာ"

ဟုပြောကာ စာကို ထုတ်ပေးလိုက်သည်။

ခွန်းစန်းက စာကို ဖတ်ပြီး...

"အင်း.. သူရေးတဲ့အတိုင်းဆို တော်တော်လေး ခက်မှာပဲ၊ ဒါပေမယ့် မတတ်နိုင်ဘူး၊ ဒုဂိုဏ်းချုပ်က မရရအောင် ဖြိုခွဲဖို့ မှာလိုက်တယ်၊ သူတို့ အခု ဘယ်မှာ စခန်းချသလဲ"

ဟုမေးလိုက်သည်။

ဂိုဏ်းခွဲမှူးက...

"စာလာပို့တဲ့ ဂိုဏ်းသားကို ကျွန်တော် ပြန်မလွှတ်သေးပါဘူး၊ ဂိုဏ်းခွဲမှူးကြီး သူနဲ့အတူ လိုက်သွားရင် ဖြစ်ပါတယ်"

"အေး..ဒါဆို ကောင်လေးကို ခေါ်လိုက်ပါ၊ ငါတို့ အခုပဲ ခရီးဆက်ကြမယ်"

"ဟုတ်ကဲ့၊ နံပါတ်တစ်ဆယ့်နှစ်ကို ခေါ်လိုက်ပါ"

ဂိုဏ်းခွဲမှူးကြီးခွန်းစန်းသည် နံပါတ်တစ်ဆယ့်နှစ်၏ လမ်းပြ

ခေါ်ဆောင်သွားသဖြင့် ဟူမိန်သို့ မနက်စောစောပိုင်းတွင် ရောက်ရှိပြီး ဂိုဏ်းခွဲမှူးနှင့် တွေ့ဆုံလေသည်။

ဂိုဏ်းခွဲမှူးကြီးသည် အကျိုးအကြောင်းများကို နားထောင်ပြီး...

"ကဲ.. ကျင်ယု၊ မင်းနဲ့အတူ လူဘယ်နှစ်ယောက် ပါလာသလဲ"

"ကျွန်တော်နဲ့ အသင်းသားဆယ်ယောက် ပါပါတယ်"

"အဲသည် ဆယ်ယောက်ထဲက သုံးယောက်လောက် ငါ့ကို ခေတ္တပေးထားပါ။ ငါ အစီအစဉ်တစ်ခု လုပ်ဖို့အတွက် သူတို့ကို အသုံးပြုရမှာ"

"ဟုတ်ကဲ့၊ နံပါတ်တစ်၊ နံပါတ်လေး၊ နံပါတ်ခုနစ်၊ မင်းတို့သုံးယောက်က ဂိုဏ်းခွဲမှူးကြီး လိုအပ်တာ အကုန်လုပ်ပေးပါ"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

ဂိုဏ်းခွဲမှူးကြီးခွန်းစန်းမှာ သူတို့သုံးယောက်ကို ခေါ်သွားပြီး အသီးသီး လုပ်ဆောင်ရမည့် ကိစ္စများကို ညွှန်ကြားသည်။

ညွှန်ကြားပြီးသည်နှင့် နံပါတ်တစ်၊ နံပါတ်လေးနှင့် နံပါတ်ခုနစ်တို့သည် အဝတ်အစားများ လဲလှယ်ကာ အပြင်ထွက်သွားကြသည်။

သူတို့သုံးယောက် ဦးတည်သော နေရာမှာ ဘုန်းတော်ကြီးရှစ်ပါး တည်ထောင်ထားသော တရားဓမ္မနှင့် နွယ်လျက် သိုင်းသင်တန်းကျောင်း ဖြစ်သည်။



သိုင်းသင်တန်းကျောင်းနားသို့ ရောက်လျှင် လှိုဖုန်းဝေသည် ဦးဆောင်ဝင်သွားပြီး ကျောင်းထိုင်ဆရာတော်နှင့် တွေ့ခွင့်တောင်းသည်။

ကျောင်းထိုင်ဆရာတော် ထွက်လာပြီး သူတို့သုံးဦးကို ကြည့်ကာ မည်သည့်ကိစ္စ ရှိကြောင်း မေးလေသည်။

လှိုဖုန်းဝေက သူတို့သည် တောင်ဘက် ဟိုင်နန်မှ လာသော ဒုက္ခသည်များ ဖြစ်ပြီး သူတို့၏နယ်တွင် ဓားပြများ ဗိုလ်ကျစိုးမိုးနေကြောင်း။

သို့ဖြစ်၍ ဆရာတော်၏ကျောင်းတွင် ပညာသင်ကြားပြီး ထိုဓားပြများကို နှိမ်နင်းလိုကြောင်း လျှောက်ထားသည်။

ဆရာတော်သည် သူတို့၏အင်္ဂါရပ်ကို သေချာစေ့စပ်စွာ ကြည့်ပြီး တစ်ခွန်းတည်းသော စကားကိုသာ ပြောလိုက်လေသည်။

သူတို့၏ပုံစံသည် ဒုက္ခသည်များ ယောင်ဆောင်ပြီး လာကြသူများဖြစ်ပြီး ဤကျောင်းသည် တရားဓမ္မ မွေ့လျော်သူများကို ကျန်းမာရေးနှင့် ညီညွတ်စေရန် သိုင်းပညာတွဲပြီး သင်ပေးခြင်းသာ ဖြစ်ကြောင်း၊ ဤကျောင်းကို အကြံအစည် တစ်ခုခုကြောင့် လာရောက်သူများကို လက်မခံကြောင်း တစ်ခါတည်း ပြောချလိုက်သည်။

နံပါတ်လေးနှင့် နံပါတ်ခုနစ်တို့သည် မျက်နှာအနည်းငယ် ပျက်သွားသည်။

သို့သော်...

လှိုဖုန်းဝေက သူတို့ အမှန်တကယ် ဒုက္ခသည်များသာ ဖြစ်

ကြောင်း အထပ်ထပ် ပြောသော်လည်း ဆရာတော်က လုံးဝလက်မခံချေ။

သူတို့သုံးယောက်လည်း ပြောမရသည့်အဆုံး ကျောင်းမှ ပြန်လည်ထွက်ခွာလာကြသည်။

တည်းခိုခန်းသို့ ရောက်သော် ဂိုဏ်းခွဲမှူးကြီးထံ ဝင်ရောက်သတင်းပို့လေသည်။

လှိုင်ဖုန်းဝေက...

"ဂိုဏ်းခွဲမှူးကြီး၊ ကျွန်တော်တို့ရဲ့ အကြံအစည်ကို ကျောင်းထိုင်ဆရာတော်က သိသလိုပဲ၊ ဒါကြောင့် ကျွန်တော်တို့ကို လုံးဝလက်မခံပါဘူး"

ဟုပြောလိုက်သည်။

ဂိုဏ်းခွဲမှူးကြီးက...

"အေး...ကိစ္စမရှိဘူး၊ မင်းတို့ ဂိုဏ်းခွဲမှူးက သည်မှာရှိတဲ့ သင်တန်းကျောင်းနှစ်ကျောင်းကို သွားရှင်းနေတယ်၊ သူပြန်လာမှ နောက်တစ်မျိုး စဉ်းစားကြတာပေါ့ကွာ"

မှောင်ရီစပျိုးချိန်တွင် ဒဏ်ရာရထားသော လူနှစ်ယောက်ကို တွဲပြီး ဂိုဏ်းခွဲမှူး ပြန်လည်ရောက်ရှိလာလေသည်။

သူသည် ဂိုဏ်းခွဲမှူးကြီးထံ သွားရောက်ကာ လုပ်အောင်ရသောကိစ္စ အောင်မြင်ကြောင်းနှင့် သူ့လူနှစ်ယောက် ဒဏ်ရာအနည်းငယ်ရကြောင်း ပြောပြသည်။

ဂိုဏ်းခွဲမှူးကြီးခွန်းစန်းက သူ့လူများကို အနားယူစေပြီး



ဂိုဏ်းခွဲမှူးတစ်ယောက်တည်းကိုသာ သူ၏အခန်းသို့ ခေါ်ဆောင်သွားသည်။

အတော်ညဉ့်နက်မှ ပြန်ထွက်လာသည်။

အပြင်သို့ ရောက်သည်နှင့်...

"ဒဏ်ရာရတဲ့သူ နှစ်ယောက်ကလွဲလို့ ကျန်တဲ့သူတွေ အနားယူကြပါ၊ မနက်ဖြန် တိုက်ပွဲဝင်ဖို့ ရှိတယ် အားမွေးကြပါ"

"ဟုတ်ကဲ့"

ကျန်သူများအားလုံး ပြောကာ ကိုယ့်အခန်းကိုယ် ပြန်ပြီး အနားယူကြသည်။

နံနက်အာရုံတက်စ အချိန်တွင် သိမ်းငှက်ဂိုဏ်းခွဲမှူးသည် သူ၏အခန်းထဲမှ တိုက်ပွဲဝင် အဝတ်အစားများ လဲလှယ်ဝတ်ဆင်ကာ စောင့်ဆိုင်းနေကြသည်။

ဂိုဏ်းခွဲမှူးသည် အပြင်သို့ ရောက်သည်နှင့်...

"နံပါတ်တစ်ကနေ ခြောက်အထိကို တစ်က ဦးဆောင်ပြီး ဘုန်းကြီးကျောင်းရဲ့ နောက်ဘက် ထွက်ပေါက်ကနေ နေရာယူပါ၊ ထွက်လာတဲ့သူ မှန်သမျှ အကုန်လုံး ဖမ်းထားကြပါ၊ ကျန်တဲ့သူတွေက ငါနဲ့ လိုက်ခဲ့ပါ"

ဟုစီစဉ်ညွှန်ကြားပြီး တည်းခိုခန်းမှ ထွက်လာခဲ့ကြလေသည်။

အားလုံးလည်း သူ့နောက်မှ လိုက်လာခဲ့ကြလေသည်။

ဂိုဏ်းခွဲမှူးသည် ကျောင်းပေါက်ဝဘက်သို့ ရောက်ရှိလျှင်...

"သိမ်းငှက်ဂိုဏ်းမှ ဂိုဏ်းခွဲမှူးကျင်ယုက ကျောင်းထိုင်ဆရာတော်ကို ဖူးမြော်ချင်ပါတယ်"

ဟုအတွင်းအားထည့်ကာ အော်၍ ပြောလိုက်လေတော့၏။

ထိုအခါ...

တံခါးကြီး ဖွင့်လာပြီး ကျောင်းထိုင်ဆရာတော်နှင့်အတူ ကိုရင်လေးဆယ်ပါး ထွက်လာကြသည်။

ကိုရင်လေးဆယ်ပါးအနက် နှစ်ပါးသည် တုတ်တစ်ချောင်းစီ ကိုင်ထားပြီး ကျန်ရှစ်ပါးသည် ကြိုးခွေများ တစ်ခွေစီ ကိုင်ထားကြသည်။

ဆရာတော်က...

"တကာတော်တို့ မနေ့က ဂိုဏ်းနှစ်ဂိုဏ်းကို ချေမှုန်းလိုက်တာ ဦးဇင်း သတင်းကြားပါတယ်၊ အခုလဲ ဦးဇင်းတို့ကို မောင်းထုတ်ဖို့ လာခဲ့ကြတာပဲ မဟုတ်လားကွယ့်"

ဟုမေး၏။

ဂိုဏ်းခွဲမှူးကျင်ယုက...

"မောင်းထုတ်ဖို့ လာတာ မဟုတ်ပါဘူး၊ သိမ်းငှက်ဂိုဏ်းမှာ သစ္စာခံလိုက်ရင် အားလုံးအဆင်ပြေသွားမှာပါ"

ဟုလှမ်းပြောလိုက်သည်။

ဆရာတော်က ဆက်လက်ကာ...

"ဦးဇင်းတို့က သာသနာ့ဘောင်က လူတွေပါ၊ လူသားတွေလို ဂိုဏ်းအသင်း အပင်းထောင်တာလဲ မဟုတ်ပါဘူး၊ သူများ အသင်း



အဖွဲ့ကိုလည်း ရန်မရှာပါဘူး၊ တကာလေးတို့ကသာ လိုက်ပြီး ပြဿနာ ရှာနေတာ၊ ဦးဇင်း ရန်မလိုပါဘူး၊ တကာလေးတို့ ပြန်လှည့်သွားကြပါ၊ မနေ့က လာကတည်းက လူလွှတ်ပြီး ဦးဇင်းတို့ရဲ့ အတွင်းကို ဝင်ဖို့ ကြိုးစားသေးတယ် မဟုတ်လား"

ဂိုဏ်းခွဲမှူးကလည်း...

"ကျွန်တော်နဲ့ တခြား ဘာကိစ္စမှ လာမပြောပါနဲ့၊ ကျွန်တော် ပြောတာ လက်ခံ မခံဆိုတာကိုသာ အဖြေပေးပါ၊ လက်မခံရင် စိန်ခေါ်ပြီး တိုက်ခိုက်ရပါလိမ့်မယ်"

"တကာလေးက တော်တော် အပြောရခက်တာပဲ၊ အေးလေ အကြမ်းမဖက်ဖို့က တောင်းပန်ပါတယ်၊ မရရင်တော့ ခုရှေ့မှာ ရှိတဲ့ ကိုရင်လေးတွေကို အရင်ကျော်နိုင်အောင် ကြိုးစားပါ"

ဟုပြောလျှက် အထဲသို့ ပြန်ဝင်သွား၏။

ထို့နောက်...

ဂိုဏ်းခွဲမှူးသည် ဂိုဏ်းသားများကို ခေါ်ကာ ရှေ့သို့ တိုးလာ၏။

ကိုရင်ရှစ်ပါးသည် တံခါးပေါက်မှ နေပြီး အောက်သို့ ပြေးဆင်းလာသည်။

တဆက်တည်းပင် သူတို့သည် သိမ်းငှက်ဂိုဏ်းသားများအား ဝိုင်းလိုက်ကြသည်။

သို့သော်...

လုံးဝမတိုက်ခိုက်ချေ။

တုတ်ကိုင်ထားသော ကိုရင်က...

"တကာတို့ နောက်ဆုတ်မယ်ဆိုရင် အခု အချိန် ရှိပါသေးတယ် နောက်ဆုတ်ကြပါ"

ဟုလှမ်းပြောသည်။

ဂိုဏ်းခွဲမှူးကျင်ယုက...

"တိုက်"

ဟုတစ်ချက်အော်လိုက်သည်။

အဖွဲ့သားများက မိမိနှင့် နီးရာ ကိုရင်များကို စတင်တိုက်ခိုက်သည်။

ကိုရင်များကလည်း သိမ်းငှက်ဂိုဏ်းသားများကို ပြန်လည်တိုက်ခိုက်လိုက်ကြသည်။

ထို့နောက်...

သိမ်းငှက်ဂိုဏ်းသားများ၏ တိုက်ခိုက်မှုကို ရှောင်တိမ်းပြီးနောက် အပြန်အလှန် တစ်ဦးနှင့်တစ်ဦး ကြိုးစများကို ပစ်ပေးကြသည်။

ကြိုးစများကို ဖမ်းမိသွားသည်နှင့် တစ်ယောက်က ရှေ့ကပြေး နောက်တစ်ယောက်က နောက်က ပြေးဖြင့် လှည့်ပတ်၍ ပြေးလွှားကာ ရပ်တန့်လိုက်ကြရလေသည်။

ရပ်လိုက်ကြသောအခါ ပင့်ကူအိမ်များဖွယ် ကြိုးစများက ပုံသဏ္ဍာန် ပေါ်လာလေသည်။



သိမ်းငှက်ဂိုဏ်းသားများ အပါအဝင် ဂိုဏ်းခွဲမှူးလည်း အလယ်ခေါင်တွင် ရောက်နေကြသည်။

ဂိုဏ်းခွဲမှူးကျင်ယုက အပေါ်သို့ ခုန်တက်ရန် ကြိုးစားလိုက်သည်။

ထိုအခါ...

တုတ်ကိုင်ထားသော ကိုရင်သည် ခုန်ပျံလာပြီး အပေါ်မှ မိုး၍ ရိုက်ချလိုက်သည်။

သို့ဖြစ်၍ ဂိုဏ်းခွဲမှူးသည် အပြင်သို့ မရောက်ဘဲ အတွင်းဘက်သို့သာ ပြန်ကျသွားသည်။

နောက်ဆုံး ဂိုဏ်းခွဲမှူးကျင်ယုသည် သိမ်းငှက်အော်သံကဲ့သို့ ရှည်လားသော အသံဖြင့် လက်ခေါက်မှုတ်လိုက်ရာ သစ်ပင်တစ်ပင်နောက်မှ...

"ဘယ်သူက ငါတို့ သိမ်းငှက်ဂိုဏ်းကို စော်ကားနေတာလဲ"

ဟုမာကျောအေးစက်သော အသံဖြင့် ဂိုဏ်းခွဲမှူးကြီးခွန်စန်းနှင့် အပေါင်းအပါ လေးယောက် ထွက်လာသည်။

ဂိုဏ်းခွဲမှူးကြီးခွန်းစန်းနှင့် ပါလာသော လူလေးယောက်မှာလည်း သိမ်းငှက်ဂိုဏ်းတွင် ဂိုဏ်းခွဲမှူးအဆင့်နှစ်တွင် ရှိသော လူလေးယောက် ဖြစ်သည်။

လေသံဆုံးသွားသည်နှင့် ဂိုဏ်းခွဲမှူးကြီးခွန်းစန်းသည် တိုက်ပွဲ ဖြစ်ပေါ်နေသော နေရာသို့ ရောက်ရှိလာလေသည်။

တုတ်ကိုင်ထားသော ကိုရင်ခေါင်းဆောင်က ကြိုးတန်းပေါ်

မှ နောက်သို့ ခုန်ဆုတ်လိုက်၏။

ပြီးလျှင်...

"ညီတော်တို့ ကြိုးကို ပြန်ရုတ်သိမ်းလိုက်ကြပါ"

ဟုပြောလိုက်သည်။

ထိုအခါ...

ကြိုးများဖြင့် ဝိုင်းထားသော ကိုရင်များက ကြိုးများကို ပြန်လည်ရုတ်သိမ်းပြီး ခေါင်းဆောင်ဖြစ်သော ကိုရင်နောက်တွင် လာရပ်နေကြ၏။

ခေါင်းဆောင်ကိုရင်က...

"တကာကြီး ဘုန်းကြီးကို စပြီး တိုက်ခိုက်တာ မဟုတ်ပါဘူး၊ တကာကြီးရဲ့ လူတွေက စပြီးတိုက်လို့ ပြန်တုံ့ပြန်ရတာပါ"

ခွန်းစန်းက...

"ဘယ်လိုပဲဖြစ်ဖြစ်၊ ငါတို့လူကို တိုက်ခိုက်ရင် သိမ်းငှက်ဂိုဏ်း တစ်ခုလုံးကို စော်ကားလိုက်တာနဲ့ အတူတူပဲ"

ဟုပြောလိုက်၏။

သူ၏ရင့်သီး ရိုင်းစိုင်းစွာ ပြောလိုက်သော စကားကြောင့် ကိုရင်ခေါင်းဆောင်မှာ မည်သို့ တုံ့ပြန်ရမှန်းမသိ ဖြစ်သွားသည်။

သူသည် အနားရှိ ညီတော်ကိုရင်ကို စကားတိုးတိုးပြောလိုက်သည်။

ထိုကိုရင်သည် ချက်ချင်း အတွင်းသို့ ဝင်သွားသည်။

မကြာပါချေ။



အတွင်းမှ ကျောင်းထိုင်ဆရာတော်နှင့် ဝါငယ်ဆရာတော်ကိုးပါး ထွက်လာပြီး ဂိုဏ်းခွဲမှူးကြီးခွန်းစန်းကို ဂါရဝပြုလျက်...

"တကာကြီးကို ဦးဇင်း မေးချင်တာက ဘာအတွက်ကြောင့် ဦးဇင်းတို့ကို လာဒုက္ခပေးတာလဲ သိချင်ပါတယ်"

ခွန်းစန်းက...

"ကျုပ်အနေနဲ့ စကားရှည်ရှည်ဝေးဝေး မပြောချင်ဘူး၊ သည်ဟူမိန်မှာ သိမ်းငှက်ဂိုဏ်းခွဲတစ်ခု ထောင်ချင်လို့၊ နောက်ပိုင်း တခြားဂိုဏ်းတွေ လုံးဝမရှိစေချင်ဘူး၊ ရှိခဲ့ရင်လည်း သိမ်းငှက်ဂိုဏ်းရဲ့ လက်အောက်မှာ နေရမှာ၊ ဒါကို သဘောတူရင် ကျုပ်တို့နဲ့ မဟာမိတ်ဖြစ်မယ်၊ သဘောမတူရင် စိန်ခေါ်တယ်လို့ပဲ သတ်မှတ်မယ်၊ ဘယ်လိုလုပ်ချင်သလဲ စဉ်းစားပြီး အဖြေပေးပါ"

"အင်း.. တကာလေးက ရန်ပွဲ မဖြစ်ဖြစ်အောင် ဖန်တီးနေတာကိုး၊ အဲသည်လိုဆိုတော့လဲ တကာလေးရဲ့ စိန်ခေါ်မှုကို ဦးဇင်းတို့ လက်ခံရတော့မှာပေ့ါ၊ ကဲ.. ဘယ်လို တိုက်ချင်ပါသလဲ"

ဟုပြန်မေးသည်။

ဂိုဏ်းခွဲမှူးခွန်းစန်းက...

"ကျုပ်ဆီက သည်လူလေးယောက်နဲ့ ရင်ဆိုင်ဖို့ ရှိတယ်၊ ခင်ဗျားဆီက ကြိုက်သလောက် လွှတ်လိုက်ပါတော့"

ပြောပြီးသည်နှင့် အဆင့်နှစ်ရှိ ဂိုဏ်းခွဲမှူးလေးယောက်သည် ရှေ့ဘက်သို့ လှမ်းထွက်လာသည်။

ဆရာတော်က...

"ညီတော်တို့ မလွဲမသွေဖြစ်တဲ့ ကိစ္စရပ်မို့ ဘုရားသားတော်များဝီဝီ ညှာညှာတာတာ ပြုကြဖို့ကို ဦးဇင်းကပဲ မေတ္တာရပ်ခံပါတယ်"

ဟုပြောလိုက်၏။

ကိုရင်များက...

"ဟုတ်ကဲ့ပါ ဦးဇင်း"

ညီတော်ရှစ်ပါးသည် ဆရာတော်ကို ဂါရဝပြုပြီး ထွက်လာသည်။

သိမ်းငှက်ဂိုဏ်းမှ အဆင့်နှစ်ရှိ ဂိုဏ်းခွဲမှူးများသည် စကားမပြောတော့ဘဲ တစ်ယောက်လျှင် ဘုန်းကြီးနှစ်ပါးကျ တာဝန်ယူကာ တိုက်ခိုက်လိုက်ကြလေသည်။

ဘုန်းတော်ကြီးများသည် တစ်ပါးချင်း ရင်ဆိုင်လိုက်ကြသော်လည်း ထူးခြားသော အတွင်းအားဆက်ပညာကို အသုံးပြုကာ စုပေါင်းအင်အားဖြင့် ညီညွတ်စွာ ပြန်လည်ရင်ဆိုင်လိုက်ကြရာ သိမ်းငှက်ဂိုဏ်းမှ ဂိုဏ်းခွဲမှူးများ အခက်ကြုံသွားရလေတော့သည်။

ကျောင်းထိုင်ဆရာတော်ကလည်း မည်သို့ ယှဉ်ပြိုင်ရမည်ကို လမ်းညွှန်ပေးနေသဖြင့် ဘုန်းတော်ကြီးများ၏ ခုခံတုန့်ပြန်မှုက အစွမ်းထက်မြက်လာပြီး နောက်ဆုံး သိမ်းငှက်ဂိုဏ်းခွဲမှူးများ အရေးနိမ့်သွားကြလေတော့သည်။

ဤတွင် ဂိုဏ်းခွဲမှူးကြီးခွန်းစန်းက မကျေမနပ် ဖြစ်သွားလေသည်။



"နောက်မှ တွေ့ကြသေးတာပေါ့"

ဟုကြုံးဝါးယင်း နောက်ကြောင်းလှည့် ဆုတ်ခွာသွားရန် ဆုံးဖြတ်လိုက်လေတော့သည်။

* * *

ဂိုဏ်းခွဲမှူးကြီးခွန်းစန်း ဒေါသထွက်နေသည်။

"ငါတို့ဂိုဏ်းက လူတွေ ကြိုးစားတာတောင် အနိုင်မရတဲ့ အပြင် ဒဏ်ရာရခဲ့သေးတယ်"

မှန်ပေသည်။

သိမ်းငှက်ဂိုဏ်းမှ ထိပ်တန်းသိုင်းသမားများသည် ဘုန်းတော်ကြီးများနှင့် ရင်ဆိုင်ယင်း အတွင်းဒဏ်ကိုယ်စီ ရရှိခဲ့ကြလေသည်။

ထို့အတွက် ခွန်းစန်း ဒေါသထွက်နေခြင်း ဖြစ်လေသည်။

အခွင့်ကောင်း စောင့်နေသော လျှိုဖုန်းဝေက ပြောလိုက်လေသည်။

"ဂိုဏ်းခွဲမှူးကြီးခင်ဗျား၊ သည်ဘုန်းတော်ကြီးတွေကို အနိုင်ယူနိုင်တဲ့ နည်းလမ်း ကျွန်တော့်မှာ ရှိပါတယ် ခင်ဗျာ"

ခွန်းစန်း အံ့သြသွားလေသည်။

"မင်း တကယ် ပြောတာလား"

"တကယ်ပါ ခင်ဗျာ"

"မင်းမှာ ဘယ်လို နည်းလမ်းရှိလို့လဲ ပြောပါဦး"

လှို့ဖုန်းဝေက...

"ဘုန်းတော်ကြီးတွေဟာ စုပေါင်းအင်အား သုံးပြီး အနိုင်ယူသွားကြတာပါ။ သူတို့ရဲ့ နောက်ဆုံး ဘုန်းတော်ကြီးဟာ ဟာကွက်တစ်ခုပါပဲ၊ သူ့ကို ထိအောင် တိုက်ခိုက်နိုင်မယ်ဆိုယင် သူတို့ရဲ့ အတွင်းအားဆက်ထားတဲ့ စက်ကွင်း ပျက်သွားပြီး အနိုင်ယူနိုင်မှာ သေချာပါတယ်"

ခွန်းစန်းသည် လှို့ဖုန်းဝေ ရှင်းပြသည့်တိုင် မရှင်းမလင်း ဖြစ်နေသေး၏။

သူက တိုက်ပွဲကို ကြည့်ခဲ့ပြီး ဘုန်းတော်ကြီးများ၏ ဟာကွက်ကို မတွေ့ခဲ့ချေ။

"မင်းသေချာတယ်နော်"

"သေချာပါတယ်"

"မင်းက သူတို့ကို ဆုံးမနိုင်ယင် မင်းကို သိမ်းငှက်ဂိုဏ်းမှာ အဆင့်မြင့်တဲ့နေရာပေးဖို့ ငါထောက်ခံပေးမယ်"

ခွန်းစန်းသည် ဒုဂိုဏ်းချုပ်(ဝါ)မော်ပု၏ လူယုံတော် ဖြစ်လေသည်။

ခွန်စန်းက တင်ပြလိုက်လျှင် ဒုဂိုဏ်းချုပ်မော်ပုက လက်ခံမည်သာ ဖြစ်လေသည်။

လှို့ဖုန်းဝေ ဦးညွှတ်ဂါရဝပြုလိုက်လေသည်။

"ဂိုဏ်းခွဲမှူးကြီးရဲ့ ကျေးဇူးကို ကျွန်တော် ဘယ်တော့မှ



မမေ့ပါဘူး ခင်ဗျာ"

"ကောင်းတယ်...ကောင်းတယ်"

ခွန်းစန်းလည်း သဘောကျသွား၏။

ထို့နောက် ဘုန်းတော်ကြီးများနှင့် ရင်ဆိုင်ရန် လှို့ဖုန်းဝေအား တာဝန်ပေးလိုက်လေတော့သည်။

* * *

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

အခန်းတွင်း၌ လှိုဖုန်းဝေနှင့် ကျောင်းထိုင်ဆရာတော်တို့ မျက်နှာချင်းဆိုင် ထိုင်နေကြလေသည်။

လှိုဖုန်းဝေက ဦးညွှတ်လိုက်သည်။

"သိမ်းငှက်ဂိုဏ်းဟာ သိုင်းလောကကို လွှမ်းမိုးဖို့ ကြိုးစားနေတာ အမှန်ပါပဲ၊ ဒါပေမယ့် ဒါတွေ အားလုံးဟာ ဒုဂိုဏ်းချုပ်ရဲ့ အကြံအစည် ဖြစ်နိုင်ပါတယ်၊ ဒုဂိုဏ်းချုပ်ဟာ ဂိုဏ်းချုပ်ကို ချုပ်ကိုင်ထားပြီး သိမ်းငှက်ဂိုဏ်းကို ထင်သလို ချယ်လှယ်နေတာပါ၊ သိုင်းသမားဆိုးတွေကိုလည်း သိမ်းငှက်ဂိုဏ်းထဲ ဆွဲသွင်းလာပြီး ဒုဂိုဏ်းချုပ်က သူ့ရဲ့ဩဇာ ကြီးမားလာအောင် ဆောင်ရွက်ထားပါတယ် ခင်ဗျာ"

သိမ်းငှက်ဂိုဏ်းနှင့် ပတ်သက်ပြီး သူနားလည်ထားသမျှ ရှင်းပြလိုက်လေသည်။

ကျောင်းထိုင်ဆရာတော် သက်ပြင်းချလိုက်လေသည်။

"တကာလေးက သိမ်းငှက်ဂိုဏ်းရဲ့ မကောင်းတဲ့ အကြံကို ဖော်ထုတ်ဖို့ တမင် သိမ်းငှက်ဂိုဏ်းထဲ ဝင်ခဲ့တာ ဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါမှ သူတို့ရဲ့ အတွင်းရေးနဲ့ အကြံအစည်ကို သိရနိုင်မှာပါ ခင်ဗျာ"

"အင်းလေ၊ လေးကျွန်းစကြာရှင်က မေတ္တာရပ်ခံလာတယ် ဆိုမှတော့ ကျုပ်တို့လည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရမှာပေါ့"

မကောင်းသူပယ် ကောင်းသူကယ်သည့် 'လေးကျွန်းစကြာ



ရှင်'၏ သတင်းမှာ သိုင်းလောကတစ်ခုလုံး ပျံ့နှံ့နေပြီ ဖြစ်သည်။

ကျောင်းထိုင်ဆရာတော်နှင့် ဘုန်းတော်ကြီးများလည်း ကြားသိထားကြလေသည်။

လှိုဖုန်းဝေမှာ 'လေးကျွန်းစကြာရှင်' ဖြစ်ကြောင်း ထုတ်ဖော်ဝန်ခံကာ တိုင်ပင်ဆွေးနွေးခွင့်ပြုရန် မေတ္တာရပ်ခံသဖြင့် ကျောင်းထိုင်ဆရာတော်က လက်ခံပြီး တွေ့ဆုံဆွေးနွေးခဲ့ခြင်း ဖြစ်သည်။

လှိုဖုန်းဝေက အကျိုးအကြောင်း ရှင်းပြလိုက်လျှင် ကျောင်းထိုင်ဆရာတော်လည်း ကူညီပါမည်ဟု ကတိပြုလိုက်လေသည်။

လှိုဖုန်းဝေက ကျေးဇူးတင်စကား ပြောကာ ပြန်လည်ထွက်ခွာသွားလေသည်။

လှိုဖုန်းဝေ ထွက်သွားပြီး မကြာမီ ဘုန်းတော်ကြီးများမှာ သိမ်းငှက်ဂိုဏ်းမှ လှိုဖုန်းဝေအား ရှုံးနိမ့်သွားသည်ဟူသော သတင်း ထွက်ပေါ်လာလေတော့သည်။

* * *

## လှူယုံတော်

သိမ်းငှက်ဂိုဏ်းသည် သိုင်းပညာ ထက်မြက်လှသော ဘုန်းတော်ကြီးများအား အနိုင်ယူလိုက်နိုင်သည် ဟူသော သတင်းမှာ သိုင်းလောကဌ် ပျံ့နှံ့သွားလေသည်။

သိမ်းငှက်ဒုဂိုဏ်းချုပ် ကျေနပ်မဆုံး ဖြစ်နေပါတော့သည်။

"ဟား..ဟား..ဟား၊ သည်ဘုန်းတော်ကြီးတွေ ဘာများတတ်နိုင်မှာမို့လဲ"

ဝင့်ကြွားစွာ ကြုံးဝါးလိုက်လေသည်။

တဆက်တည်းပင်...

"ဂိုဏ်းခွဲမှူးကြီး သည်ကိစ္စကို ဆောင်ရွက်ခဲ့တဲ့ ကျုပ်တို့ဂိုဏ်းက လှူတော်လှူကောင်းလေးက ဘယ်သူများလဲ ပြောပါဦး"



ဟု ဂိုဏ်းခွဲမှူးကြီးခွန်းစန်းအား မေးလိုက်လေသည်။

ခွန်းစန်းက...

"လှိုုဖုန်းဝေဆိုတဲ့ လူငယ်တစ်ယောက်ပါ ဒုဂိုဏ်းချုပ်ကြီး"

"သူက ခင်ဗျားလက်အောက်မှာ အမှုထမ်းနေတာလား"

"ဟုတ်ပါတယ် ခင်ဗျာ"

ခွန်းစန်းက မျက်နှာလို မျက်နှာရဖြင့် ပြောလိုက်သည်။

ဒုဂိုဏ်းချုပ် ခေါင်းညိတ်လိုက်လေသည်။

"သူ့ကို ကျုပ်တွေ့ချင်သေးတယ်"

"ကောင်းပါပြီ ခင်ဗျာ"

ခွန်းစန်းက လှိုုဖုန်းဝေအား ချက်ချင်း သွားခေါ်လိုက်လေသည်။

* * *

လှိုဖုန်းဝေက ဦးညွတ်လိုက်သည်။

"ဒုဂိုဏ်းချုပ်ကြီးကို ကျွန်တော်လှိုဖုန်းဝေ ဂါရဝပြုပါတယ် ခင်ဗျာ"

ဒုဂိုဏ်းချုပ်က လှိုဖုန်းဝေအား ခြေဆုံးခေါင်းဆုံး အကဲခတ်လိုက်လေသည်။

"မင်းရဲ့ အစွမ်းအစကို ခွန်းစန်း ပြောပြလို့ ငါသိရတယ်၊ ငါတို့ သိမ်းငှက်ဂိုဏ်းက ထိပ်တန်းသိုင်းသမားတွေတောင် ဘုန်းတော်ကြီးတွေကို မယှဉ်နိုင်ခဲ့ဘူး၊ မင်းကျတော့ တစ်ယောက်ထဲနဲ့ ယှဉ်ပြီး အနိုင်ယူခဲ့တာ အံ့သြစရာ ကောင်းနေသလိုပဲ"

ဒုဂိုဏ်းချုပ်သည် အကင်းပါးပြီး အလွန်ကြောက်စရာကောင်းသူတစ်ယောက် ဖြစ်ကြောင်း လှိုဖုန်းဝေ နားလည်လိုက်လေသည်။

ထို့ကြောင့် သတိထားပြီး ဆက်ဆံနေရလေတော့သည်။

"ကျွန်တော်က သူတို့ရဲ့ ဟာကွက်ကို အမှတ်မထင် တွေ့မြင်လိုက်တာကြောင့် ယှဉ်ပြိုင် အနိုင်ယူနိုင်ခဲ့တာပါ ခင်ဗျာ"

ဘုန်းတော်ကြီးများက အတွင်းအားဆက်သည့် တိုက်ကွက်ကို အသုံးပြုရာ၌ နောက်ဆုံး ဘုန်းတော်ကြီး၌ ဟာကွက်ပျော့ကွက်ရှိနေပုံကို အကျိုးသင့် အကြောင်းသင့် ရှင်းပြလိုက်လေသည်။

ဒုဂိုဏ်းချုပ်က ဂရုစိုက်နားထောင်နေပြီး လှိုဖုန်းဝေ၏ စကားဆုံးလျှင် ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

"မင်း မဆိုးဘူး၊ သူတပါးရဲ့ ဟာကွက်ကို ကြည့်တတ်မြင်



တတ်တာလည်း ပညာတစ်မျိုးပဲ၊ ဒါပေမယ့် ကိုယ်တိုင်ကလည်း သိုင်းပညာ အခြေခံကောင်းမှ ဖြစ်မှာ၊ မှန်းစမ်း"

ဒုဂိုဏ်းချုပ်သည် လျှပ်တပြက် ရှေ့တိုးလာပြီး လှိုဖုန်းဝေ၏ လက်ကောက်ဝတ်ကို ဖမ်းဆုပ်လိုက်လေသည်။

လှိုဖုန်းဝေသည် ရှောင်တိမ်းခြင်း၊ ခုခံခြင်း မပြုဘဲ မလှုပ်မယှက် ရပ်နေလိုက်၏။

ထိုတဒင်္ဂအချိန်လေးသည် သူ၏ဘဝအတွက် အရေးအကြီးဆုံး အချိန်လေး ဖြစ်လေသည်။

ဒုဂိုဏ်းချုပ်ကသာ ဒုက္ခပေးမည်ဆိုလျှင် ဘာမျှတတ်နိုင်မည် မဟုတ်ဘဲ ဒုက္ခရောက်သွားရလိမ့်မည် မဟုတ်ပါလား။

သူ့အား သင်္ကာမကင်းရှိလျှင် ရက်စက်ကြမ်းကြုတ်လှသော ဒုဂိုဏ်းချုပ်က လုံးဝချမ်းသာပေးလိမ့်မည် မဟုတ်ပါချေ။

လှိုဖုန်းဝေ မလှုပ်မယှက် ရပ်နေလိုက်သဖြင့် ဒုဂိုဏ်းချုပ်သည် သူ၏လက်ကောက်ဝတ်ကို ဆုပ်ကိုင်မိလိုက်လေသည်။

လှိုဖုန်းဝေက အတွင်းအားကို ထိန်းချုပ်ထားလိုက်လေသည်။

ရသေ့ကြီးများ သမထ ကျင့်သော အကျင့်ဖြင့် သိုင်းပညာနှင့် အတွင်းအား ပေါ်လွင်ခြင်း မရှိစေရန် ထိန်းချုပ်ထားလိုက်ခြင်း ဖြစ်လေသည်။

ဒုဂိုဏ်းချုပ်သည် လှိုဖုန်းဝေ၏ လက်ကောက်ဝတ်ရှိ သွေးကြောများမှတဆင့် အတွင်းအားနှင့် သိုင်းပညာကို စမ်းသပ်ကြည့်

လိုက်ခြင်း ဖြစ်လေသည်။

လှိုဖုန်းဝေ အကင်းပါးသဖြင့် ကံကောင်းသွားခြင်း ဖြစ်သည်။

ဒုဂိုဏ်းချုပ်က လှိုဖုန်းဝေအား စိုက်ကြည့်လိုက်သည်။

"သည်ကောင်လေးရဲ့ အတွင်းအားနဲ့ သိုင်းပညာက သည်လောက် မဟုတ်ပါလား၊ ပါးနပ်ပြီး ကောက်ကျစ်မှုနဲ့ သူများ ဟာကွက် ချို့ယွင်းချက်ကို တွေ့တတ်မြင်တတ်တာကြောင့် ဘုန်းတော်ကြီးတွေကို အနိုင်ရခဲ့တာပဲ ဖြစ်မယ်"

တွေးတောစဉ်းစားယင်း သဘောကျစိတ်များ ဖြစ်ပေါ်လာလေတော့သည်။

လှိုဖုန်းဝေ၏ လက်ကောက်ဝတ်ကို လွှတ်ပေးကာ နောက်ဆုတ်လိုက်လေသည်။

ဦးခေါင်းလည်း တဆတ်ဆတ် ညိတ်လိုက်သည်။

"မင်း မဆိုးဘူး၊ မင်းကို ရာထူးတစ်ဆင့် တက်ပေးလိုက်မယ်ဆိုယင်ကော ဘယ်လိုလဲ၊ မင်းကျေနပ်ရဲ့လား"

လှိုဖုန်းဝေသည် အံ့ဩဝမ်းသာသွားဟန်ဖြင့် ချက်ခြင်း ဦးညွှတ်လိုက်လေသည်။

"ဂိုဏ်းချုပ်ကြီးရဲ့ ကျေးဇူးကို ကျွန်တော် ဘယ်တော့မှ မမေ့ပါဘူး ခင်ဗျာ"

"ဟင်း...ဟင်း...ဟင်း၊ မင်းဟာ သူများထက် ပိုပြီး ဉာဏ်ကောင်းတော့ မင်းကို စီမံခန့်ခွဲ အုပ်ချုပ်တဲ့ ဂိုဏ်းခွဲမှူးရာထူး ပေးလိုက်မယ်၊ သိမ်းငှက်ဂိုဏ်းဌာနခွဲတွေရဲ့ လူအင်အား၊ ဝင်ငွေထွက်ငွေ၊ ဌာနခွဲအသစ် ဖွင့်လှစ်မယ့် လုပ်ငန်း၊ ဒါတွေ အားလုံးကို ဂိုဏ်းမှူးကြီး ခွန်းစန်းနဲ့ လက်တွဲ ဆောင်ရွက်ရလိမ့်မယ်၊ လစာရိက္ခာကို သတ်မှတ်မထားတော့ဘူး၊ မင်းစိတ်ကြိုက် သုံးစွဲနိုင်တယ်၊ ကဲ.. ကျေနပ်ရဲ့လား"

"ဂိုဏ်းချုပ်ကြီးရဲ့ ကျေးဇူး ကြီးမားလှပါတယ် ခင်ဗျာ"

"မင်းကို ငါက ချီးမြှင့် မြှောက်စားလိုက်တယ်ဆိုတော့၊ မင်းက ငါ့အပေါ် မှာ သစ္စာရှိရလိမ့်မယ်၊ သိုင်းလောကကို သိမ်းငှက်ဂိုဏ်း လွှမ်းမိုးနိုင်ပြီဆိုတဲ့ တစ်နေ့ကျယင်.."

ဒုဂိုဏ်းချုပ် စကားဆုံးအောင် မပြောလိုက်ရပါချေ။

ဂိုဏ်းချုပ်ကြီးရှဂူးက အခန်းတွင်းသို့ လှမ်းဝင်လာခြင်းကြောင့် ဖြစ်လေသည်။

* * *

ဂိုဏ်းချုပ်ကြီးရှဂူး ရောက်ရှိလာသည်။

သိုင်းဂိုဏ်းတစ်ဂိုဏ်းတွင် ဂိုဏ်းချုပ်သည် သြဇာတိက္ကမ အကြီးမားဆုံး ဖြစ်လေသည်။

ဂိုဏ်းသားတိုင်းက ဦးညွှတ်ရိုသေကြရမည်သာ ဖြစ်လေသည်။

သို့သော်...

သိမ်းငှက်ဂိုဏ်းကား အခြားဂိုဏ်းများနှင့် မတူဘဲ ထူးခြားသော ဂိုဏ်းတစ်ခု ဖြစ်နေသည်။

ဂိုဏ်းသားအားလုံးသည် ဒုဂိုဏ်းချုပ်က သေဆိုသေ ရှင်ဆိုရှင် ဖြစ်လေသည်။

ဂိုဏ်းချုပ်ရှဂူးကိုမူ ရှိသည်ဟုပင် သဘောမထားကြချေ။

ယခုလည်း ဂိုဏ်းချုပ်ရှဂူး ရောက်လာသဖြင့် ဒုဂိုဏ်းချုပ် ဒေါပွသွားတော့သည်။

"ခင်ဗျား ဘာလာလုပ်တာလဲ"

"ကျုပ်..ကျုပ်က.."

"သည်မှာ အရေးကြီးတဲ့ကိစ္စ တိုင်ပင်နေတာ၊ ခင်ဗျား တစ်နေရာရာကို သွားနေယင် ကောင်းမယ်"

ဒုဂိုဏ်းချုပ်က မောင်းထုတ်လိုက်လျှင် ဂိုဏ်းချုပ်ရှဂူးလည်း ခေါင်းကလေးငုံ့ကာ ထွက်သွားလေတော့သည်။

လှိုင်ဖုန်းဝေ စိတ်မကောင်း ဖြစ်သွားလေသည်။

သို့သော် မသိချင် ဟန်ဆောင်နေလိုက်သည်။



ဂိုဏ်းချုပ်ရှဂူး ထွက်သွားပြီးမှ ဒုဂိုဏ်းချုပ်က...

"ကဲ.. လှိုင်ဖုန်းဝေ၊ မင်းက ဂိုဏ်းရဲ့ အကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့တာကြောင့် မင်းကို သုံးရက် အနားယူ ခွင့်ပြုလိုက်မယ်၊ မင်းကြိုက်သလို အချိန်ဖြုန်းနိုင်တယ်၊ ငွေလည်း ခွန်းစန်းဆီက လိုသလောက် ထုတ်သွားပေတော့"

ဟုပြောကာ လက်ဝှေ့ယမ်းပြလိုက်သည်။

လှိုင်ဖုန်းဝေနှင့် ခွန်းစန်းတို့လည်း ဦးညွှတ်ဂါရဝပြုကာ ထွက်လာခဲ့ကြလေတော့သည်။

* * *

လှိုဖုန်းဝေက...

လှိုဖုန်းဝေသည် အခွင့်အရေး ရသည်နှင့် သိမ်းငှက်ဂိုဏ်းမှ ထွက်လာခဲ့လေသည်။

နောက်ရောင်ခံ လိုက်လာသူ ရှိမရှိ စစ်ဆေးပြီး နောက်ရောင်ခံ လိုက်လာသူ မရှိကြောင်း သေချာလျှင် ကိုယ်ဖော့ပညာ အသုံးပြုကာ ပြေးလွှားသွားလိုက်လေသည်။

"ဟူး...ဟူး"

သစ်ပင်များ၊ အဆောက်အဦးများသည် အနောက်ဘက်၌ တရိပ်ရိပ် ကျန်ရစ်ခဲ့လေသည်။

လှိုဖုန်းဝေ အတန်ကြာ ပြေးလွှားလာပြီး အိမ်ကလေးတစ်လုံးရှေ့သို့ ရောက်လျှင် ခြေလှမ်း ရပ်လိုက်၏။

ပတ်ဝန်းကျင်ကို အကဲခတ်ပြီး အိမ်တံခါး ခေါက်လိုက်လေသည်။

"ဒေါက်..ဒေါက်"

တံခါးခေါက်သံ ထွက်ပေါ်လာပြီး မရှေးမနှောင်းတွင်...

"ကျွီ"

တံခါးပွင့်သွားကာ လူတစ်ယောက် ခေါင်းပြူထွက်လာလေသည်။

ထန်ပြောင် ဖြစ်သည်။

ထန်ပြောင်သည် လှိုဖုန်းဝေအား တွေ့လိုက်ရသဖြင့် ဝမ်းသာအားရ ဖြစ်သွားလေတော့သည်။



"အစ်ကိုလေး"

လှိုဖုန်းဝေက အိမ်ထဲ လှမ်းဝင်လိုက်လေသည်။

အိမ်ထဲ၌ ရောင်မိန်နှင့် ရောင်ရှမ်းတို့ ရှိနေကြပါသည်။

အားလုံး ဝမ်းသာအားရ ဖြစ်နေကြသည်။

"အစ်ကိုလေး ပြန်လာပြီလား"

"သိမ်းငှက်ဂိုဏ်းချုပ်ကို ဆုံးမလိုက်ပြီလား"

ဟုဝိုင်းမေးကြလေသည်။

လှိုဖုန်းဝေ ပြုံးလိုက်သည်။

"သိမ်းငှက်ဂိုဏ်းဟာ တကယ်တော့ အများအကျိုး ဆောင်ရွက်နေတဲ့ အဖြူရောင်သိုင်းဂိုဏ်းတစ်ခုပါဗျာ၊ ဒုဂိုဏ်းချုပ်ကြောင့် နာမည်ပျက်နေရတာပါ၊ သည်ကိစ္စကို ကျုပ် မကြာခင် ဖြေရှင်းသွားမှာပါ"

ထန်ပြောင်တို့သုံးယောက် အချင်းချင်း ကြည့်လိုက်ကြ၏။

လှိုဖုန်းဝေက...

"သိမ်းငှက်ဂိုဏ်းက ဒုဂိုဏ်းချုပ်ဟာ တစ်ချိန်က ဂိုဏ်းချုပ်ရှူးအပေါ် သစ္စာရှိခဲ့ကြတဲ့ လူတွေကို ဖမ်းဆီးအကျဉ်းချထားတယ်၊ သည်လူတွေ နေရာမှာ သူ့ရဲ့ အမှောင်လောကသားတွေကို အစားထိုးထားတယ်၊ ဂိုဏ်းချုပ်အပေါ်မှာ တကယ် သစ္စာရှိတဲ့လူတွေ လွတ်မြောက်လာပြီဆိုယင် ဒုဂိုဏ်းချုပ်ကို ဆုံးမရာမှာ အများကြီး အထောက်အကူ ဖြစ်လိမ့်မယ်"

လှိုဖုန်းဝေသည် သိမ်းငှက်ဂိုဏ်းနှင့် ပတ်သက်ပြီး အတော်

များများ စုံစမ်းသိရှိထားပြီး ဖြစ်လေသည်။

သူက အချိန်ရတိုင်း စုံစမ်းခဲ့သည် မဟုတ်ပါလား။

လှို့ဖုန်းဝေ ဆက်ပြောလိုက်သည်။

"ဒုဂိုဏ်းချုပ်ဟာ ကျုပ်ကို ယုံကြည်စိတ်ချနေပြီး၊ ဘယ်နေရာမဆို အတားအဆီးမရှိ ဝင်ထွက်သွားလာနိုင်တဲ့ အမိန့်တံဆိပ်ပြား ပေးထားတယ်၊ သည်တံဆိပ်ပြားကို အသုံးချပြီး အကျဉ်းချခံထားရတဲ့ ဂိုဏ်းချုပ်အပေါ် သစ္စာရှိသူတွေကို ကယ်တင်ရမယ်"

ထန်ပြောင်က...

"အစ်ကိုလေး ပြောတဲ့အတိုင်းဆိုယင် ကျုပ်တို့က သည်ကိစ္စကို ဆောင်ရွက်ပေးရမှာလား"

လှို့ဖုန်းဝေ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျုပ်က ဂိုဏ်းချုပ်ကို ကယ်တင်ရဦးမယ်၊ သည်တော့ ကျုပ်တို့အားလုံး အချိန်ကိုက် ဆောင်ရွက်ရလိမ့်မယ်၊ ခင်ဗျားတို့သုံးယောက် ကူညီနိုင်မယ် မဟုတ်လား"

ထန်ပြောင် ရင်ကော့လိုက်သည်။

"ကျုပ်တို့က သိုင်းလောကအကျိုး ဆောင်ရွက်ချင်နေတာ ကြာပါပြီ၊ ခုလို အစ်ကိုလေးနဲ့ လက်တွဲဆောင်ရွက်ရမယ်ဆိုတာ မဟာအခွင့်ထူးပါပဲ၊ ကျုပ်တို့ အရိုးကျေကျေ အရေခမ်းခမ်း အစွမ်းကုန်ဆောင်ရွက်သွားမှာပါဗျာ"

"ဟုတ်တယ်..ဟုတ်တယ်"

"ကျုပ်တို့ သည်တာဝန်ထမ်းဆောင်ရတာ ဝမ်းသာလို့



မဆုံးပါဘူးဗျာ"

ရှောင်မိန်နှင့် ရှောင်ရှမ်းတို့ကလည်း အားပါးတရ ပြောလိုက်ကြလေသည်။

လှို့ဖုန်းဝေ ပြုံးလိုက်သည်။

"ကျေးဇူးတင်ပါတယ်ဗျာ၊ ခင်ဗျားတို့ဟာ ကျုပ်ရဲ့ မိတ်ဆွေကောင်းတွေပါပဲ"

သူတို့ အချင်းချင်း ကြည့်လိုက်ကြ၏။

ရင်ထဲ၌ ပီတိများ ဝေဆာနေသည်။

လှို့ဖုန်းဝေက သိမ်းငှက်ဂိုဏ်း၏ အမိန့်တံဆိပ်ပြားကို ထုတ်ပေးလိုက်၏။

ထန်ပြောင် ယူကာ သိမ်းဆည်းထားလိုက်သည်။

ထို့နောက်...

"ကဲ.. ကျုပ်သွားမယ်"

လှို့ဖုန်းဝေက နှုတ်ဆက်ကာ တိတ်ဆိတ်စွာဖြင့် ပြန်လည်ထွက်ခွာသွားလေတော့သည်။

* * *

## ဂိုဏ်းချုပ်

လျှိုဖုန်းဝေသည် သိမ်းငှက်ဂိုဏ်းသို့ ပြန်လည် ရောက်ရှိလာပြီ ဖြစ်လေသည်။

ဒုဂိုဏ်းချုပ်နှင့် ဂိုဏ်းမှူးကြီးခွန်းစန်းတို့က လျှိုဖုန်းဝေကို နှစ်သက်သဘောကျကာ လူယုံတော်တစ်ယောက်အဖြစ် သတ်မှတ်ထားလိုက်ပြီ ဖြစ်သည်။

လျှိုဖုန်းဝေကလည်း ဒုဂိုဏ်းချုပ် ကျေနပ်စေရန် ခိုင်းစေသမျှ ကိစ္စအားလုံးကို တာဝန်ကျေပြွန်အောင် လုပ်ကိုင်ဆောင်ရွက်ပေးခဲ့လေသည်။

သိမ်းငှက်ဂိုဏ်း၌ လျှိုဖုန်းဝေမှာ တံခါးမရှိ ဓားမရှိ ဝင်ထွက်သွားလာနိုင်ပြီ ဖြစ်သည်။



ဘုန်းတော်ကြီးများအား အနိုင်ယူခဲ့သူဟူ၍ သိမ်းငှက်ဂိုဏ်းသားများကလည်း လေးလေးစားစား ရှိနေကြပြီ ဖြစ်လေသည်။

သို့သော်...

သိမ်းငှက်ဂိုဏ်း အဆောက်အဦးကြီး၏ အနောက်ဘက်အဆောင်တစ်ခုသို့ သွားခွင့်မရသေးပါ။

ထိုအဆောင်သို့ ဒုဂိုဏ်းချုပ်မှလွဲပြီး မည်သူမျှ သွားခွင့် မရှိကြချေ။

ည...

ကောင်းကင်ပေါ်၌ လခြမ်းပဲ့ကလေးသာ ရှိလေသည်။

ကြယ်ကလေးများကလည်း မစုံမလင် ရှိနေ၏။

ကြယ်မစုံ လမသာ အမှောင်ရိပ် အားကောင်းနေသော ညအချိန်ကာလ ဖြစ်ပါသည်။

ရုတ်တရက်...

လူရိပ်တစ်ခုသည် သိမ်းငှက်ဂိုဏ်း အဆောက်အဦးကြီး၏ ခေါင်းမိုးပေါ်သို့ ရိပ်ခနဲ ခုန်တက်သွားလေသည်။

ထိုလူရိပ်သည် အမှောင်ရိပ်များကို အကာအကွယ်ယူကာ လှစ်ခနဲ လှစ်ခနဲ ပြေးသွားလိုက်လေသည်။

ထိုလူမှာ လျှိုဖုန်းဝေ ဖြစ်လေသည်။

လျှိုဖုန်းဝေက ညအချိန်မတော် အမှောင်ထုကို အကာအကွယ်ယူကာ လှုပ်ရှားနေသည်မှာ အဘယ်ကြောင့်ပါနည်း။

လျှိုဖုန်းဝေသည် ခေါင်မိုးတစ်ခုမှတစ်ခု ဖြတ်ကျော်ပြေး

လွှားသွားယင်း မည်သူမျှ သွားခွင့်မရှိဟု တားမြစ်ထားသော အနောက်ဘက် အဆောင်ခေါင်မိုးပေါ်သို့ ရောက်မှန်းမသိ ရောက်ရှိသွားလေသည်။

ထိုစဉ်...

"ခေါင်မိုးပေါ်က ဘယ်သူလဲ"

အော်ငေါက်သံနှင့်အတူ လူတစ်ယောက်က ခေါင်မိုးပေါ်သို့ ခုန်တက်လာလေသည်။

ထိုလူမှာ ဒုဂိုဏ်းချုပ် အားထားရသော လက်ရွေးစင်သိုင်းသမားတစ်ယောက် ဖြစ်လေသည်။

ဒုဂိုဏ်းချုပ်သည် ဂိုဏ်းချုပ်ရှဂူး၏ အနောက်ဘက် အဆောင်တွင် လက်ရွေးစင်သိုင်းသမားများ အစောင့်ချထားလေသည်။

အော်ငေါက်ကာ ခေါင်မိုးပေါ် ရောက်လာသော လက်ရွေးစင်သိုင်းသမားမှာ ထပ်မံအော်ငေါက်ခြင်း၊ တိုက်ခိုက်ခြင်း မပြုနိုင်ခဲ့ပါ။

လျှိုဖုန်းဝေက ဆီးကြို၍ သွေးကြောပိတ်ထားလိုက်ခြင်းကြောင့် ဖြစ်လေသည်။

"အင့်"

လက်ရွေးစင်သိုင်းသမားမှာ သွေးကြောပိတ်ခံရကာ မလှုပ်မယှက် ဖြစ်သွားလေသည်။

"ခင်ဗျား သည်မှာ ခဏနေခဲ့ဦး"



လျှိုဖုန်းဝေက အောက်သို့ ခုန်ဆင်းလိုက်လေသည်။

အောက်ဘက်သို့ ရောက်လျှင်...

"ဘာဖြစ်တာလဲဟေ့"

"ခေါင်မိုးပေါ်မှာ ဘာတွေ့သလဲ"

စောင့်ကြပ်နေသော လက်ရွေးစင်သိုင်းသမားများသည် သူတို့၏ အဖော်ဟု ထင်မှတ်ကာ ဝိုင်းမေးလာကြလေသည်။

လျှိုဖုန်းဝေက အခွင့်အရေးကို လက်လွှတ်မခံဘဲ လျှပ်တပြက် ပျှံ့ရှားလိုက်လေသည်။

"ဟူး...ဟူး"

အဝတ်အစား လေတိုးသံတစ်ချို့ ထွက်ပေါ်လာလေသည်။

လက်ရွေးစင်သိုင်းသမားများမှာ သွေးကြောပိတ်ခံလိုက်ရခြင်းကြောင့် မလှုပ်မယှက် ဖြစ်သွားကြလေတော့သည်။

လျှိုဖုန်းဝေသည် မျက်စိတမှိတ် လျှပ်တပြက်အတွင်း အစောင့်လက်ရွေးစင်သိုင်းသမားများအား သွေးကြောပိတ်ထားလိုက်ပြီးသား ဖြစ်သွားလေတော့သည်။

လျှိုဖုန်းဝေ ကျေနပ်သွားလေသည်။

အနောက်ဘက်အဆောင်သို့ တံခါးမရှိ ဓားမရှိ ဝင်ထွက်သွားလာနိုင်တော့မည် မဟုတ်ပါလား။

လျှိုဖုန်းဝေက အဆောင်တံခါးရှေ့သို့ လှမ်းသွားလိုက်လေသည်။

တံခါးရှေ့သို့ ရောက်သွားလျှင်...

"မင်း ဘယ်သူပဲဖြစ်ဖြစ် တံခါးဖွင့်ပြီး ဝင်လာခဲ့ပါ"

အဆောင်တွင်းမှ စကားသံ ထွက်ပေါ်လာလေသည်။

လှိုဖုန်းဝေက တံခါးတွန်းဖွင့်ကာ အဆောင်ထဲ ဝင်သွားလေသည်။

အဆောင်ထဲ၌ မီးရောင်ထိန်ထိန် လင်းနေသည်။

အခန်းအလယ်ရှိ စားပွဲတစ်လုံး၌ ဂိုဏ်းချုပ်ရှရူး ထိုင်နေ၏။

ဂိုဏ်းချုပ်ရှရူးသည် လှိုဖုန်းဝေကို မြင်လျှင်...

"မင်းကိုး"

ပြုံး၍ ပြောလေသည်။

လှိုဖုန်းဝေ ဦးညွှတ်ဂါရဝပြုလိုက်လေသည်။

"ကျွန်တော်လှိုဖုန်းဝေက ဂိုဏ်းချုပ်ကြီးကို ဂါရဝပြုပါတယ် ခင်ဗျာ"

ဂိုဏ်းချုပ်ရှရူးက...

"မင်းက ဒုဂိုဏ်းချုပ် သဘောကျနေတာတောင် ကျုပ်ဆီကို လာခဲ့သေးတယ် ဟုတ်လား"

လှိုဖုန်းဝေက...

"သိမ်းငှက်ဂိုဏ်းရဲ့ အဓိက အရှင်သခင်ဟာ ဂိုဏ်းချုပ်ကြီးပဲ မဟုတ်လားဗျာ"

ဂိုဏ်းချုပ်ရှရူး ခေါင်းခါယမ်းလိုက်လေသည်။

"မင်းမှားနေပြီ၊ တကယ့် အရှင်သခင်ဟာ ကျုပ် မဟုတ်ပါဘူး၊ ဒုဂိုဏ်းချုပ်ပါ၊ ဒါကို မင်းသိမှာပါ"



လှိုဖုန်းဝေက...

"ဂိုဏ်းချုပ်ကြီးခင်ဗျား ထိပ်သီးသိုင်းဂိုဏ်းကြီးတစ်ခုမှာ ဂိုဏ်းချုပ်ဆိုတာက ဒုဂိုဏ်းချုပ်ထက် ပိုပြီး ဩဇာတိက္ကမ ရှိကြတာချည့်ပါပဲ၊ သိမ်းငှက်ဂိုဏ်းမှာတော့ ထူးခြားနေပါတယ်"

ဂိုဏ်းချုပ်ရှရူးက...

"မင်းကို ဒုဂိုဏ်းချုပ်က လွှတ်လိုက်တာလား"

လှိုဖုန်းဝေက တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်လေသည်။

"ကျွန်တော် ဘယ်လို ရောက်လာတယ်ဆိုတာ ဂိုဏ်းချုပ်ကြီး သိပါတယ် ခင်ဗျာ"

ဂိုဏ်းချုပ်ရှရူး သက်ပြင်းချလိုက်လေသည်။

"မင်းက.."

"ကျွန်တော်ဟာ သိမ်းငှက်ဂိုဏ်းကို ကူညီဖို့ ရောက်လာတာပါ ခင်ဗျာ"

"မင်း တကယ်ပဲ ကူညီချင်တာလား"

"ဟုတ်ပါတယ်၊ ဒုဂိုဏ်းချုပ်ဟာ ဂိုဏ်းချုပ်ကြီးကို တနည်းနည်းနဲ့ ချုပ်ကိုင်ပြီး သိမ်းငှက်ဂိုဏ်းကို သိမ်းပိုက်ထားတယ်ဆိုတာ ကျွန်တော်နားလည်ထားပြီးပါပြီ"

ဂိုဏ်းချုပ်ရှရူး ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

လှိုဖုန်းဝေက...

"ဒုဂိုဏ်းချုပ်က ဘယ်လိုများ ချုပ်ကိုင်ထားတယ်ဆိုတာ

ကျွန်တော်သိရမယ်ဆိုယင် ဂိုဏ်းချုပ်ကြီးကို ကျိန်းသေကူညီနိုင်မှာပါ ခင်ဗျာ"

ဂိုဏ်းချုပ်ရှဝူးက...

"သူက ကျုပ်ကို အရိုးရှင်းဆုံး နည်းလမ်းဖြစ်တဲ့ အဆိပ်နဲ့ ချုပ်ကိုင်ထားတာပေါ့"

လှိုဖုန်းဝေ ပြုံးလိုက်သည်။

"ဂိုဏ်းချုပ်ကြီးရဲ့ ခန္ဓာကိုယ်ထဲက အဆိပ်တွေကို ထုတ်ပစ်နိုင်မယ်ဆိုယင်.."

သူ၏စကားမဆုံးမီက...

"မဖြစ်ဘူး၊ အမှောင်ဂိုဏ်းချုပ်မော်ပုရဲ့ အဆိပ်ကို ဘယ်သူကမှ ဖြေပေးနိုင်မှာ မဟုတ်ဘူး"

ဂိုဏ်းချုပ်ကြီးရှဝူးက ကြားဖြတ်ပြောလိုက်လေသည်။

လှိုဖုန်းဝေ မျက်မှောင်ကုပ်သွား၏။

"အမှောင်ဒုဂိုဏ်းချုပ်မော်ပု ဟုတ်လား ခင်ဗျာ"

"သိပ်ဟုတ်တာပေါ့၊ သူရဲကောင်း သိုင်းသမားလေးယောက်ကြောင့် အမှောင်ဂိုဏ်း ပြိုကွဲသွားပေမယ့် ဒုဂိုဏ်းချုပ်မော်ပုက ထွက်ပြေးလွတ်မြောက်သွားတာပဲ၊ သူဟာ ကောက်ကျင်းနယ်ထဲမှာ ပုန်းအောင်းနေခဲ့ပြီး နောက်ပိုင်းမှာ ရွှေမျက်နှာဆိုတဲ့ နာမည်နဲ့ ဆိုးသွမ်းခဲ့တယ်"

"ဗျာ"

ကောက်ကျင်းနယ်နှင့် ရွှေမျက်နှာလူဆိုးကြီးဟူသော



အမည်များကြောင့် လှိုဖုန်းဝေ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ဂိုဏ်းချုပ်ရှဝူးက...

"သူဟာ ဇွဲမာန်အာမခံဌာနကို တိုက်ခိုက်ခဲ့တာကြောင့် လုံဝိဇ္ဇာဖုံးစိန်က သွားပြီး တိုက်ခိုက်ခဲ့တာကြောင့် သေလုမျောပါး ဒဏ်ရာရခဲ့တယ်လေ"

"သူ..သူ သေသွားတာလား"

လှိုဖုန်းဝေ လွတ်ခနဲ မေးလိုက်လေသည်။

ဂိုဏ်းချုပ်ရှဝူး ခေါင်းခါယမ်းလိုက်သည်။

"ဘယ်က သေသွားရမှာလဲ၊ သူဟာ ဒဏ်ရာတွေနဲ့ လမ်းဘေးမှာ လဲနေတာကို တွေ့လို့ ကျုပ်က ကယ်တင်ပြီး သိမ်းငှက်ဂိုဏ်းကို ခေါ်လာခဲ့တာ၊ ခုတော့ ဒုဂိုဏ်းချုပ် ဖြစ်နေပြီလေ"

"လက်စသပ်တော့ သည်လိုကိုး"

လှိုဖုန်းဝေက အဖြစ်အပျက်များကို နားလည်သဘောပေါက်သွားလေတော့သည်။

"ဂိုဏ်းချုပ်ကြီးခင်ဗျာ၊ ကျွန်တော်ဟာ 'ဇွဲမာန်'အာမခံဌာနပိုင်ရှင် လှိုစန်းရဲ့သား လှိုဖုန်းဝေပါ၊ ကောက်ကျင်းနယ်မှာ ရွှေမျက်နှာရဲ့ တိုက်ခိုက်မှု ခံခဲ့ရပြီး.."

သူကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ရှင်းလင်းပြောပြလိုက်လေတော့သည်။

ဂိုဏ်းချုပ်ကြီးရှဝူး သက်ပြင်းချလိုက်သည်။

"မင်းကလည်း 'မော်ပု' ဒုက္ခပေးတာ ခံနေရတာကိုး၊ အင်း

သိုင်းလောက သူရဲကောင်းလေးယောက်ဆီက ပညာအမွေရခဲ့တယ် ဆိုတော့ ကံကောင်းတာပဲ၊ မင်းဟာ သိုင်းလောကအကျိုး၊ အများအကျိုး သည်ပိုးဆောင်ရွက်နိုင်ပါစေလို့ ငါဆုတောင်းလိုက်ပါတယ်"

"စိတ်ချပါ ခင်ဗျာ၊ ဆရာရသေ့ကြီးလေးပါးကလည်း သည်လိုပဲ မှာလိုက်ပါတယ်၊ ကျွန်တော်ကိုယ်တိုင်ကလည်း မကောင်းမှုတွေကို ရွံရှာစက်ဆုပ်တာကြောင့် မကောင်းသူပယ် ကောင်းသူကယ် သိုင်းလောကအကျိုး၊ အများအကျိုး သည်ပိုးဆောင်ရွက်သွားမှာပါ ခင်ဗျာ"

"ကောင်းပါပေတယ်ကွယ်"

လှိုင်ဖုန်းဝေက တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်သည်။

"ဂိုဏ်းချုပ်ကြီးခင်ဗျာ ရသေ့လေးပါးရဲ့ အတွင်းအားပညာနဲ့ ဂိုဏ်ချုပ်ကြီးရဲ့ ခန္ဓာကိုယ်ထဲက အဆိပ်တွေကို အပြင်ဘက်ရောက်သွားအောင် ကျွန်တော်ကူညီပေးပါရစေ"

ဂိုဏ်းချုပ်ကြီးရှဂူး ဝမ်းသာသွားလေတော့သည်။

* * *



သိမ်းငှက်ဂိုဏ်း...

လှိုင်ဖုန်းဝေသည် ဂိုဏ်းချုပ်ကြီးရှဂူးအပေါ် သစ္စာရှိပြီး ဒုဂိုဏ်းချုပ်(ဝါ)မော်ပုဏ်လက်ထက်တွင် လျစ်လျူရှုထားခြင်း ခံရသော သိမ်းငှက်ဂိုဏ်းမှ သိုင်းသမားများ၊ ဌာနမှူးများ၊ ဂိုဏ်းခွဲမှူးများအား တိတ်တဆိတ် စည်းရုံးသိမ်းသွင်းခဲ့လေသည်။

မည်သူမည်ဝါသည် သူ့အပေါ်၌ သစ္စာရှိသူများ ဖြစ်ကြောင်း ဂိုဏ်းချုပ်ကြီးရှဂူးက ပြောပြခဲ့သည် မဟုတ်ပါလား။

ဤသို့ဖြင့်...

သိမ်းငှက်ဂိုဏ်း၌ ဂိုဏ်းချုပ်ရှဂူးအပေါ် သစ္စာခံသူများနှင့် မော်ပုဏ်လူများ ဟူ၍ နှစ်ပိုင်းကွဲသွားလေသည်။

မော်ပုဏ်လူများကား ဒုစရိုက်သမား လူဆိုးဓားပြများသာ ဖြစ်လေသည်။

နောက်တစ်နေ့ နံနက်...

နွေးထွေးသော နေရောင်ခြည်အောက်၌ ဝန်းကျင်တစ်ခုလုံး သာယာလှပနေ၏။

နေ့သစ်တစ်နေ့ အစပျိုးလာပြီ ဖြစ်ရကား သိမ်းငှက်ဂိုဏ်းသားများသည် တာဝန်ကိုယ်စီ စတင်ထမ်းဆောင်ရန် နိုးကြွားလှုပ်ရှားလာကြပြီ ဖြစ်လေသည်။

ထို့အတူ...

ဒုဂိုဏ်းချုပ်မော်ပုကလည်း သိုင်းလောကသို့ ခြေလှမ်းတစ်ခု စရန် ပြင်ဆင်နေပြီ ဖြစ်လေသည်။

မော်ပုက ဂိုဏ်းမှူးကြီးခွန်းစန်းနှင့် လျှိုဖုန်းဝေတို့အား ခေါ်ယူလိုက်လေသည်။

မော်ပု၏မျက်နှာ တည်ကြည်လေးနက်နေ၏။

ခွန်းစန်းနှင့် လျှိုဖုန်းဝေတို့အား တစ်ချက်ဝေ့ကြည့်လိုက်ပြီးလျှင်...

"ကျုပ်က ရှန်းစီးနယ်က ဂူတန်ဂိုဏ်း ဌာနခွဲကို ချေမှုန်းပြီး သိမ်းငှက်ဂိုဏ်း ဌာနခွဲတစ်ခုနဲ့ အစားထိုးဖို့ ဆုံးဖြတ်လိုက်တယ်၊ သည်ကိစ္စကို ဂိုဏ်းခွဲမှူးကြီးနဲ့ လျှိုဖုန်းဝေတို့ တာဝန်ယူရမယ်"

ဟုပြောလေသည်။

ခွန်းစန်း ထိတ်လန့်သွားလေသည်။

"ဂိုဏ်းချုပ်ကြီးခင်ဗျား ရှန်းစီးနယ်က ဂူတန်ဌာနခွဲဟာ အင်အားတောင့်တင်းတဲ့အပြင် ထိပ်သီးသိုင်းသမားတွေလည်း များပါတယ်၊ သူတို့ကို သွားပြီး ရန်စယင် ဂူတန်ဂိုဏ်းက လက်ပိုက်ကြည့်နေမှာ မဟုတ်ပါဘူး၊ ဂူတန်ဂိုဏ်းနဲ့ ထိပ်တိုက်ရင်ဆိုင်ရမှာ ဖြစ်ပါတယ်"

မော်ပု ခေါင်းညိတ်လိုက်သည်။



"ရင်ဆိုင်ရတော့ကော ဘာဖြစ်သလဲ၊ သိုင်းလောကတစ်ခုလုံးကို လွှမ်းမိုးချင်ယင် သိုင်းလောကတစ်ခုလုံးနဲ့ ရင်ဆိုင်ရမှာပဲ မဟုတ်ဘူးလား"

ထိုစကားကြောင့် ခွန်းစန်း ပါးစပ်ပိတ်ထားလိုက်လေသည်။

မော်ပုက...

"လျှိုဖုန်းဝေ၊ သည်ကိစ္စမှာ မင်းရဲ့ အကြံဉာဏ် အများကြီးလိုအပ်တယ်၊ ဂိုဏ်းမှူးကြီးနဲ့ တိုင်ပင်ဆောင်ရွက်ပါ"

အမှန်ဆိုလျှင် လျှိုဖုန်းဝေက ဦးညွှတ်ကာ "ဟုတ်ကဲ့ အမိန့်နာခံပါတယ်" ဟုပြောရမည် ဖြစ်လေသည်။

သို့သော် လျှိုဖုန်းဝေသည် ထိုသို့ မပြောဘဲ...

"ဝမ်းနည်းပါတယ်ဗျာ၊ ကျုပ်ဆောင်ရွက်နိုင်မှာ မဟုတ်ပါဘူး"

ဟုပြောလိုက်လေသည်။

မော်ပု ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"မင်း ဘယ်လိုပြောလိုက်တာလဲ"

"ခင်ဗျား ပြောတဲ့အတိုင်း မလုပ်နိုင်ဘူးလို့ ပြောတာလေ"

"ဘာကွ"

"ခင်ဗျားဟာ အမှောင်ဒုဂိုဏ်းချုပ်မော်ပုဆိုတာ ကျုပ်သိထားပြီးပါပြီဗျာ"

"မင်း...မင်း"

မော်ပု နားမလည်နိုင်အောင် ဖြစ်နေ၏။

လှိုဖုန်းဝေက...

"ကောက်ကျင်းနယ်မှာ 'ရွှေမျက်နှာ'ဆိုတဲ့ နာမည်နဲ့ ဖွဲ့မာန် အာမခံဌာနကို တိုက်ခိုက်ခဲ့တာကို ခင်ဗျားမေ့သွားမှာ မဟုတ်ပါဘူး၊ အာမခံဌာနပိုင်ရှင် လှိုစန်းဟာ ကျုပ်ရဲ့အဖေပါပဲ"

မော်ပု ရင်ထိတ်သွား၏။

လှိုဖုန်းဝေက အဖြစ်အပျက်များကို ပြောပြပြီးလျှင်...

"ကျုပ်ဟာ သိုင်းလောကကို ဖျက်ဆီးမယ့် ခင်ဗျားရဲ့ အကြံအစည်တွေကို ဟန့်တားဖို့ သိမ်းငှက်ဂိုဏ်းထဲ ဝင်လာခဲ့တာပါ၊ ခင်ဗျားနောက်ထပ် ကံမကောင်းစေရတော့ဘူးလို့ ကျုပ်တာဝန်ယူပါတယ်ဗျာ"

ဟုစကား အဆုံးသတ်လိုက်လေသည်။

ထိုစဉ်...

"မော်ပု၊ မင်းရှေ့ဆက်ပြီး မိုက်မဲနေလို့ မရတော့ဘူး"

ဂိုဏ်းချုပ်ကြီးရှဂူးက သစ္စာရှိဂိုဏ်းသား အခြွေအရံများနှင့် အတူ ရောက်ရှိလာလေသည်။

အကင်းပါးသော မော်ပုက လှိုဖုန်းဝေသည် ဂိုဏ်းချုပ်ကြီး ရှဂူး၏အဆိပ်များကို ဖယ်ရှားလိုက်ပြီ ဖြစ်ကြောင်း နားလည်လိုက်လေသည်။

ထို့အပြင်...

ယခုတစ်ကြိမ်၌ သူကံကောင်းဖို့ မလွယ်တော့မှန်းလည်း ရိပ်မိလိုက်၏။



"လှိုဖုန်းဝေ၊ မင်းတော်တော် ဝီရိတာပဲ၊ ငါတစ်ချက်လေး မှားသွားပြီး မင်းကို ယုံကြည်မိလိုက်လို့ ခုလို ဖြစ်ရတာ၊ တောက် မင်းရဲ့အဖေတောင် ငါ့ရဲ့လက်ချက်နဲ့ သေဆုံးသွားခဲ့ရတာ၊ မင်းက ကော ဘာများ တတ်နိုင်မှာမို့လဲ"

လှိုဖုန်းဝေလည်း ခံပြင်းသွားလေသည်။

"ကျုပ် ဘာတတ်နိုင်သလဲဆိုတာ ခင်ဗျားသိရမှာပေါ့ဗျာ"

ထို့နောက် မော်ပုထံ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

မော်ပုကလည်း ပြန်လည်တိုက်ခိုက်လိုက်လေသည်။

ပြင်းထန်သော တိုက်ပွဲတစ်ခု ဖြစ်ပေါ်လာလေတော့သည်။

* * *

သိမ်းငှက်ဂိုဏ်း၌ ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာလေသည်။

မော်ပုအား သစ္စာခံသော ဒုစရိုက်သမားဂိုဏ်းသားများနှင့် ဂိုဏ်းချုပ်ကြီးရှဂူးအား သစ္စာခံသော အဖြူရောင်သိုင်းသမားဂိုဏ်းသားများ တစ်ဘက်နှင့်တစ်ဘက် တိုက်ပွဲ ဖြစ်ပေါ်လာလေသည်။

မော်ပုနှင့် လှိုဖုန်းဝေတို့ ယှဉ်ပြိုင်လိုက်ကြသကဲ့သို့ အဆိပ်ကင်းစင်ကာ သိုင်းပညာနှင့် အတွင်းအားကို ပြန်လည်အသုံးပြုလာနိုင်ပြီ ဖြစ်သော ဂိုဏ်းချုပ်ကြီးရှဂူးကလည်း ဂိုဏ်းမှူးကြီးခွန်းစန်းအား ဆုံးမလိုက်လေသည်။

ဂိုဏ်းချုပ်ကြီးရှဝူးကိုယ်တိုင် တိုက်ပွဲ၌ ပါဝင်ဆင်နွှဲခဲ့ရကား မော်ပု၏တပည့် ဒုစရိုက်သမားဂိုဏ်းသားများ မရှုမလှ အရေးနိမ့်သွားကြလေတော့သည်။

ဂိုဏ်းချုပ်ရှဝူးနှင့် သစ္စာရှိဂိုဏ်းသားများ အောင်ပွဲခံနိုင်လိုက်ကြလေတော့သည်။

မော်ပုနှင့် လျှိုဖုန်းဝေတို့က တိုက်ခိုက်နေကြဆဲ…

လျှိုဖုန်းဝေသည် မော်ပုအား ဆုံးမနိုင်ပါမည်လော။

* * *

မော်ပု၏မျက်နှာကြီး မည်းမှောင်နေသည်။

သူ၏အဆိပ်လက်နက်ပုန်း အမျိုးမျိုး အသုံးချကာ လျှိုဖုန်းဝေအား တိုက်ခိုက်ပြီးပြီ ဖြစ်သည်။

သို့သော်…

ကြောက်မက်ဖွယ်ကောင်းလှပါသည်ဆိုသော သူ၏အဆိပ်လက်နက်ပုန်း အမျိုးမျိုးသည် လျှိုဖုန်းဝေ၏အကျီစကိုပင် ထိမှန်ခြင်းမရှိခဲ့ပါချေ။ ထို့အတူ…

မော်ပုက သူ၏အထက်မြက်ဆုံး သိုင်းကွက်များ ထုတ်ဖော်လိုက်သော်လည်း လျှိုဖုန်းဝေ လဲကျသွားစေရန် မတတ်သာခဲ့ပါ။

မော်ပု၏တစ်ကိုယ်လုံး ဇောချွေးများဖြင့် စိုရွှဲလာတော့သည်။



တစ်ချက်တစ်ချက် လျှိုဖုန်းဝေက ပြန်လည်တိုက်ခိုက်လိုက်လျှင် မော်ပု ဒရောသောပါး ဖြစ်သွားခဲ့လေသည်။

တိုက်ခိုက်ယင်း အချိန်ကြာလာသည်နှင့်အမျှ လျှိုဖုန်းဝေအား မည်သည့်နည်းနှင့်မျှ မယှဉ်နိုင်ကြောင်း မော်ပု နားလည်သဘော ပေါက်လာလေတော့သည်။

အရေးနိမ့်လာခြင်းကြောင့် ခံပြင်းဒေါသထွက်နေသော်လည်း မည်သို့မျှ မတတ်သာသဖြင့် ထွက်ပြေးရှောင်တိမ်းသွားရန် ဆုံးဖြတ်လိုက်လေသည်။

မော်ပုက မသိမသာ နောက်ဆုတ်သွားပြီး ပြတင်းပေါက်မှတဆင့် အပြင်ဘက် ခုန်ထွက်လိုက်လေသည်။

"ဟူး"

လျှိုဖုန်းဝေ မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျား ဘယ်ပြေးမလဲ"

သူ၏ခန္ဓာကိုယ် အပေါ်သို့ ကြွတက်ကာ ငှက်ကြီးတစ်ကောင်အလား လေထဲပျံဝဲယင်း မော်ပု နောက်သို့ လိုက်သွားလေသည်။

ပြတင်းပေါက်မှတဆင့် အပြင်ဘက် ရောက်ရှိသွားကာ လေထဲ၌ နှစ်ဦးသား ရင်ဆိုင်တိုက်ခိုက်လိုက်ကြလေသည်။

သိုင်းလောကသူရဲကောင်းလေးယောက်(ဝါ)ရသေ့ကြီးလေးပါးထံမှ ပညာကုန် ရထားသော လျှိုဖုန်းဝေအား မော်ပု မည်သို့မျှ မယှဉ်နိုင်တော့ပါ။

"ဝုန်း"

"အား"

ရှူးရှသော အော်ဟစ်သံများနှင့်အတူ မြေပေါ်သို့ ပြုတ်ကျသွားပြီး မလှုပ်မယှက် ဖြစ်သွားတော့သည်။

ယခုတစ်ကြိမ် မော်ပု ကံမကောင်းနိုင်တော့ပေ။

* * *

သိမ်းငှက်ဂိုဏ်းချုပ်ရှဝူးသည် မော်ပု၏လူများကို ဖယ်ရှားကာ သိမ်းငှက်ဂိုဏ်းအား သန့်ရှင်းစင်ကြယ်အောင် ဆောင်ရွက်ခဲ့သည်။

သိုင်းလောကဂိုဏ်း အသီးသီးသို့ သဝဏ်လွှာများ ပို့ကာ မော်ပု၏လုပ်ရပ်ကြောင့် သိမ်းငှက်ဂိုဏ်း နာမည်ပျက်ခဲ့ရသည့် အဖြစ်ကို ရှင်းပြကာ မေတ္တာရပ်ခံတောင်းပန်ခဲ့လေသည်။

သိုင်းလောကသားများသည် အဖြစ်မှန်ကို သိရှိသွားကာ အပြစ်မတင်ကြတော့ဘဲ သည်းခံခွင့်လွှတ်လိုက်ကြ၏။

ဂိုဏ်းချုပ်ရှဝူး ဦးဆောင်သော သိမ်းငှက်ဂိုဏ်းကို အသိအမှတ်ပြု လက်ကမ်းကြိုဆိုခဲ့ကြလေသည်။

ဤသို့ဖြင့်...

သိမ်းငှက်ဂိုဏ်းသည် ဂုဏ်သိက္ခာရှိသော အဖြူရောင်ဂိုဏ်းကြီးတစ်ခုအဖြစ် သိုင်းလောက၌ ဆက်လက်ရပ်တည်နိုင်ခဲ့သဖြင့်



ဂိုဏ်းချုပ်ကြီးရှဝူးမှာ လှိုဖုန်းဝေကို ကျေးဇူးတင်မဆုံး ဖြစ်ရလေတော့သည်။

လှိုဖုန်းဝေသည်လည်း သိုင်းလောကအကျိုး၊ အများအကျိုး သည်ပိုးဆောင်ရွက်မှုများကြောင့် 'လေးကျွန်းစကြာရှင်' ဟူသော ဘွဲ့ထူးဖြင့် ထင်ရှားကျော်ကြားလာလေတော့သည်။

* * *

စားသောက်ဆိုင်လေးတစ်ဆိုင် ဖြစ်သည်။

လှိုဖုန်းဝေ၊ ထန်ပြောင်၊ ရှောင်ရှမ်း၊ ရှောင်မိန်တို့ လေးယောက် ဝိုင်းဖွဲ့ထိုင်ကာ စားသောက်နေကြလေသည်။

ထန်ပြောင်တို့က လှိုဖုန်းဝေကို ဂုဏ်ပြုကျွေးမွေးနေကြခြင်း ဖြစ်သလို လှိုဖုန်းဝေကလည်း သိမ်းငှက်ဂိုဏ်း၏ ပြဿနာကို ဖြေရှင်းရာ၌ နောက်ကွယ်မှ ပါဝင်ကူညီခဲ့ကြသည်ကို ဂုဏ်ပြုကာ ပြန်လည်ကျွေးမွေးဧည့်ခံနေခြင်း ဖြစ်လေသည်။

ထန်ပြောင်တို့က သူတို့ ပါဝင်ဆောင်ရွက်ခွင့်ရခဲ့သည်ကို ဂုဏ်ယူနေပြီး လှိုဖုန်းဝေနှင့် လက်တွဲကာ အများအကျိုး ဆက်လက်ဆောင်ရွက်သွားရန် ဆုံးဖြတ်လိုက်ကြလေသည်။

လေးယောက်သား တပျော်တပါး စားသောက်နေစဉ်...

"ကယ်တော်မူကြပါရှင်"

မိန်းကလေးတစ်ယောက်၏ အော်ဟစ် အကူအညီတောင်း

သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လှိုင်ဖုန်းဝေက လျှပ်တပြက် လှုပ်ရှားလိုက်သည်။

"ဟူး"

စားသောက်ဆိုင် အပြင်ဘက် ရောက်ရှိသွားလျှင် လူရမ်းကားသုံးယောက်က မိန်းကလေးတစ်ယောက်အား နှောင့်ယှက်နေကြသည်ကို တွေ့လိုက်ရလေသည်။

လှိုင်ဖုန်းဝေ တောင်းပန်လိုက်သည်။

"မိတ်ဆွေတို့ သည်လို မနှောင့်ယှက်ကြပါနဲ့ဗျာ"

လူရမ်းကားသုံးယောက် ဒေါသထွက်သွားကြ၏။

"မင်းနဲ့ ဘာဆိုင်လို့လဲ"

"သေချင်ပြီ ထင်တယ်"

"ချကွာ"

အော်ငေါက်ယင်း လှိုင်ဖုန်းဝေအား ဝိုင်းရံတိုက်ခိုက်လိုက်ကြလေသည်။

လှိုင်ဖုန်းဝေလည်း မတတ်သာဘဲ ပြန်လည်တိုက်ခိုက်လိုက်ရာ...

"ဝုန်း"

"အမယ်လေးဗျ"

လူရမ်းကာသုံးယောက် အထိနာကာ ထွက်ပြေးသွားကြလေတော့သည်။

မိန်းကလေး ဝမ်းသာသွားလေသည်။



"ကျွန်မကို ကူညီခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်"

လှိုင်ဖုန်းဝေက ကျေးဇူးတင်စကား ပြောနေသော မိန်းကလေးကို ငေးကြည့်နေမိသည်။

ထိုမိန်းကလေးမှာ ရိုးရိုးယဉ်ယဉ်လေး ဝတ်ဆင်ထားသော်လည်း နတ်မိမယ်လေးအလား ချောမောလှပနေသည်ဟု လှိုင်ဖုန်းဝေ ထင်မိလေသည်။

သူက စိုက်ကြည့်နေခြင်းကြောင့် မိန်းကလေး ရှက်ရွံ့ကာ မျက်နှာလေး နီရဲသွားလေသည်။

သူမ ခေါင်းကလေးငုံ့ထားလိုက်ပြီး...

"ကျွန်မနာမည် 'မေချင်း'လို့ ခေါ်ပါတယ်၊ တောင်ပိုင်းမှာ နေပါတယ်၊ အခွင့်အခါကြုံယင် လာလည်နိုင်ပါတယ်၊ ကျွန်မကို ခွင့်ပြုပါဦးရှင်"

ဟုနှုတ်ဆက်ကာ အပြေးလေး ထွက်သွားတော့သည်။

မိန်းမချောလေးမေချင်းကား တဒင်္ဂအချိန်လေးမှာပင် လှိုင်ဖုန်းဝေ၏နှလုံးသားကို လွှမ်းမိုးထားလိုက်ပြီ ဖြစ်လေသည်။

လှိုင်ဖုန်းဝေက ငေးမောကြည့်နေဆဲ...

အများအကျိုး၊ သိုင်းလောကအကျိုး သည်ပိုးဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများအပြင် နှစ်သက်စွဲလန်းမိသော မိန်းမချောလေးမေချင်းထံသို့ သွားရောက်တွေ့ဆုံရမည့် ဝတ္တရားတစ်ခု ပိုလာပြီ ဖြစ်သည်။

လှိုင်ဖုန်းဝေ ငေးမောနေစဉ် ထန်ပြောင်တို့ ပြေးလွှားရောက်

ရှိလာကြလေသည်။

ထန်ပြောင်၊ ရောင်မိန်နှင့် ရောင်ရှမ်းတို့က လှိုဖုန်းဝေကို တစ်လှည့်၊ ပြေးထွက်သွားသော မေချင်းကိုတစ်လှည့် ကြည့်ကာ ပြုံးစေ့စေ့ ဖြစ်နေကြ၏။

ထန်ပြောင်က…

"သူ့ရဲကောင်းကြီး၊ သည်တိုက်ပွဲမှာတော့ အရေးနိမ့်သွားရှာပြီ"

ဟုပြောလိုက်လျှင် ရောင်မိန်တို့က တဝါးဝါးတဟားဟား ရယ်မောလိုက်ကြလေတော့သည်။

ပြီးပါပြီ။